ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၂၀၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ၂၀၁၃ ခုနှစ်၊ မေ ၁ ရက်၊ ဗုဒ္ဓဟူးနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။

ထစ်ချုန်းမိုး

၁-၅-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ဒီမိုကရေစီစနစ်၏အနှစ်သာရများ အပြည့်အဝခံစားနိုင်စေရေး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်တို့ ပူးပေါင်းဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၃ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားသဝဏ်လွှာ-

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

ယနေ့အခါသမယသည် ကမ္ဘာ့ထစ်ဝန်းရှိ အလုပ်သမားကြီးများအား အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားရှိသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်ပါသည်။ ယခုကဲ့သို့ ရက်မြတ်မင်္ဂလာအချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုထောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်မှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ၎င်းကာလအတွင်း လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးတွင် နိုင်ငံတော်၏ အဓိက အင်အားစုဖြစ်သော အလုပ်သမားထုကြီး၏ စုစည်းညီညွတ်စွာ ကြိုးစားအားထုတ်မှုသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်လာမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း အလုပ်သမားကြီးများ၏ဝင်ငွေ မြင့်မားလာမှုနှင့်အတူ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာပြီး *စာမျက်နှာ ၃ ကော်လံ ၁*

ပုဂ္ဂလိကတကဏ္ဍ စွမ်းဆောင်ရည်မြင့်တက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးမည်

အစိုးရဌာနများက ကမကထပြုပြီး ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲဖော်ဆောင်

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးထိုးတက်အောင် ဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေးအတွက် ရည်ရွယ်လျက် ယနေ့ညနေပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ညီလာခံခန်းမကြီး၌ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အဆိုပါ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်နိုင်ရန် လုပ်ငန်းကော်မတီသုံးခုဖွဲ့စည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပဏာမရွေးချယ်ပေးပို့လာသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ အကဲပြတ်မှန်ကန်စေရေးအတွက် သတင်းမီဒီယာများနှင့်တကွ ကွင်းဆင်းစိစစ်အကဲဖြတ်ခြင်းနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ အကြိမ်ကြိမ်အခါခါ စိစစ်ပြီးမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁

"ကမ္ဘာ့အခြေအနေနှင့် မြန်မာ့အခြေအနေ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်မှုသည် ပုဂ္ဂလိက ကဏ္ဍ အသင်ဖြစ်မှုနှင့် ကြိုးစားအားထုတ် လုပ်ကိုင်နိုင်မှု စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်စိမ်ရန် တွန်းအားများ ဖြစ်ပေါ်လာခဲ့"

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေါက်တာ သဒ္ဒမ္မဉာဏသရေအား ဂုဏ်ထူးဆောင်ထထ်မှတ် ဆက်ထပ်စဉ်။ (သတင်းစဉ်)

တစ္ဆာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊

မြန်မာ့ရတနာ ဆေးဝက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်၊

ကျွန်မကာသစ်တောတက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပြီး သစ်တောကြိုးဝိုင်းများသို့သွားကာ လက်တွေ့လေ့လာကွင်းဆင်းမှုများကို ရက်ပေါင်းများစွာပြုလုပ်ရပါသည်၊နေဒဏ်၊ လေဒဏ်တို့ကြောင့် တောဆင်းပြီးသည့်အခါတိုင်း အသားအရေနှင့်ပတ်သက်၍ အလွန်စိတ်ဆင်းရဲမိပါသည်၊ ကျွန်မတို့ကိုအုပ်ချုပ်သည့်တီချယ်မှာတော့ သနပ်ခါးဖွေးဖွေးလေးနဲ့ အရင်လိုပဲကြည့်ကောင်းနေပါသည်။ တီချယ့်နားကပ်ကာလျှို့ဝှက်ချက်ကိုမေးကြည့်တော့ "တီချယ့်မှာဘာလျှို့ဝှက်ချက်မှမရှိပါဘူး။ ရွှေပြည်နန်းကဲ့ကော်ဝတ်ဆံသနပ်ခါးပဲ ပုံမှန်လိမ်းတာ(၃)နှစ်လောက်တော့ရှိပြီ၊ အစတုန်းကfieldထဲကိုလာတိုင်း အသားအရေတွေပျက်စီးလိုက်တာ၊ တီချယ့်မိတ်ဆွေဆရာဝန်တစ်ယောက်ကို အကြံဉာဏ်တောင်းတော့ သူကရွှေပြည်နန်းကိုညွှန်းလို့သုံးဖြစ်သွားတာ၊ ပုံမှန်လိမ်းရင် အသားအရေလည်းပိုကောင်းလာပြီး နေဒဏ်၊လေဒဏ်လဲခံနိုင်တယ်၊"လို့ပြောပြခဲ့ပါတယ်။ ခုတော့ ရွှေပြည်နန်းကြောင့် အသားအရေနဲ့ပတ်သက်တဲ့ စိတ်ညစ်စရာတွေမဖြစ်တော့ပါဘူး၊ ရွှေပြည်နန်းမသုံးဖူးသေးတဲ့သူတွေအားလုံးကိုလည်းစေတနာအပြည့်နဲ့တိုက်တွန်းလိုက်ပါတယ်။ သုံးဖူးအောင်သုံးကြည့်ကြပါလို့။

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ဆေးရည်လွှင် (စတုတ္ထနှစ်) သစ်တောတက္ကသိုလ်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း။

ထပ်ဆင့်ထောက်ခံသူ-မောင်သန်းဇော် (Final Part 2) ဆေးတက္ကသိုလ်၊ မကွေးတိုင်း။

၂၀၁၃ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စွမ်းအားများ စိုက်ထုတ်ကြိုးပမ်းကြမည်

ယနေ့သည် မေလ(၁)ရက်နေ့ဖြစ်ပြီး အလုပ်သမားများအား ဂုဏ်ပြုသတ်မှတ်ထားသော အလုပ်သမားနေ့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အလုပ်သမားများအား မေလ(၁)ရက်နေ့ရောက်တိုင်း ဂုဏ်ပြုသည့်အနေဖြင့် အလုပ်သမားနေ့ကို သတ်မှတ်ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံအတွင်းရှိ အလုပ်သမားကြီးများအတွက် အဓိပ္ပာယ်အထူးပြည့်ဝသော နေ့ထူးနေ့မြတ်အဖြစ် ကျင်းပသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်လာရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံအဝန်းရှိ အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများက မိမိတို့ကျရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်မြင့်မားရန် ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ ချမ်းသာကြွယ်ဝသည့် နိုင်ငံ၊ အလုပ်အကိုင်ပေါများပြီး လူတစ်ဦးချင်း ဝင်ငွေတိုးပွားသည့်နိုင်ငံဖြစ်လာရန်မှာမူ စက်မှုနိုင်ငံအဖြစ် ထူထောင်သွားရမည်သည်။ ထို့ကြောင့်လည်း စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက်ဘဲ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များကို အခြေပြု၍ နိုင်ငံတော်အစိုးရသည် အရင်းအနှီးများကို နည်းလမ်းမျိုးစုံဖြင့် စုစည်းခြင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားမွေးထုတ်ခြင်း စသည်မြင့် စက်မှုနိုင်ငံထူထောင်ရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့အချိန်တွင် နိုင်ငံ၏တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့်အတူ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများသည်ထည်း တိုးတက်များပြားလျက်ရှိသည်။ နိုင်ငံပိုင် စက်ရုံအလုပ်ရုံ၊ စက်မှုနယ်မြေများနှင့်ပုဂ္ဂလိက စက်မှုဇုန်များလည်း အများအပြား ပေါ်ပေါက်လာပြီဖြစ်သည်။

အလုပ်သမားထုတစ်ရပ်လုံးအတွက် လူမှုရေးတရားမျှတမှုကို အခြေခံသည် အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိနိုင်စေရေး အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရသည် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်ရန်၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့်လွတ်လပ်စွာ ဖွဲ့စည်းနိုင်ရန် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည် နိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် နိုင်ငံတော်၏ စီးပွားရေး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်ရန် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးထက်မြင့်မားရေးအတွက် အလုပ်သမားအားလုံးက စွမ်းအားများစိုက်ထုတ်၍ ကြိုးပမ်းလုပ်ကိုင်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျောက်တံခါးမြို့နယ် ကွန်းချောင်းရေလွှဲဆည်တည်ဆောက် အုတ်တွင်းမြို့နယ် စက်မှုလယ်ယာမြေစနစ် ဧက ၂၀၀၀ မျိုးစေ့ထုတ်စိုက်ကွင်းစိုက်ပျိုး

နေပြည်တော် ဧပြီ ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွန်းချောင်းရေလွှဲဆည် တည်ဆောက်နေမှု၊ ဆည်ရေသောက်စနစ် ပင်မမြောင်းအုတ်စီလုပ်ငန်း၊ အုတ်ထွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာ စက်မှုလယ်ယာမြေစနစ် ဧက ၂၀၀၀ မျိုးစေ့ထုတ်စိုက်ကွင်းဖော်ထုတ်နေမှု၊ ပြေပြစ်ဖြင် နေမှုများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၂၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွန်းချောင်းဆည်ရေသောက်စနစ်သည် လယ်ယာမြေဧကပေါင်း ငါးသောင်းထိ အကျိုးပြုမည်စီမံကိန်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားစွာအထောက်အကူပြုနိုင်မည်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ အချိန်ကိုက်ပြီးစီးရေး စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆည်တမံများမှ ရေများကို လယ်ကွင်းထဲသို့ အလုံအလောက်ရရှိစေရန်သာမက ရေထုတ်စနစ်များကိုလည်း ပြီးပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေမြောင်းများ သွယ်ထန်းဖြတ်သန်းသွားရမည့် လယ်မြေများကို လယ်ယာမြေဥပဒေများနှင့်ညီညွတ်စွာ တောင်သူများထံသို့ လယ်ယာမြေဆုံးရှုံးရခြင်းအတွက် လျော်ကြေးငွေများကို စနစ်တကျပေးသွားရမည်ဖြစ်ကြောင်း၊ ရေသောက်စနစ်များ မိုင်ခံကောင်းမွန်ခြင်းအားဖြင့် တောင်သူများ အကျိုးကျေးဇူးခံစားရမည်ကို စက်မှုလယ်ယာမြေစနစ်များ ထစ်ပြိုင်နက်ဖော်ထုတ်၍ စံနမူနာပြလက်တွေ့ စိုက်ပျိုးပြသဆောင်ရွက်သွားကြရန်နှင့် ကွန်းချောင်းဆည်ရေသောက်စနစ်အတွင်းရှိ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများအား မြူးချောင်းဆည်ရေသောက်စနစ်၊ ခပေါင်းဆည်ရေသောက်စနစ်များရှိ စက်မှုလယ်ယာမြေ တစ်ဆက်တစ်စပ်တည်း ဧက ၂၀၀၀ စိုက်ကွင်း ထူထောင်ထားရှိမှုများကို ကိုယ်တိုင်မြင်တွေ့ကြစေရေးအတွက် ဖြသရင်းလင်းရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုဘိုင်းဖုန်းများ တကယ်အသုံးပြုသူများထံ ရောင်းစေချင်

ယခုတလော ရေပန်းစားလူကြိုက်များနေသော တန်ဖိုးနည်းဖုန်းများအကြောင်း ပြောပြချင်ပါသည်။

မန်းစတင်ရောင်းချမည့်နေ့ မတိုင်မီမှာပင် ရမည်းသင်းမြို့နယ်အထွင်းရှိ ရပ်ကွက်ကျေးရွာ ဌာနဆိုင်ရာများမှာ အမှန်တကယ် အသုံးပြုမည်သူများထံ ရောက်ရှိရေး မိမိထို့နည်း မိမိထို့အစီအစဉ်ဖြင့် ဧပြီ ၂၄ ရက်တွင် ရောင်းချပေးခဲ့ကြပါသည်။

ဧပြီ ၂၅ ရက် နံနက်မှာပင် အမျိုးသမီးတစ်ဦးက ၎င်းမဲပေါက်သည့် Sim Card ကို မိုဘိုင်းအရောင်းဆိုင်တွင် ငွေကျပ် ၄၀၀၀၀ ဖြင့် လာရောက်ရောင်းချသွားပါသည်။ အခြားအခြားသော ဆိုင်များကလည်း ဝယ်ယူလျက်ရှိကြောင်း သိရှိရပါသည်။ အခြားသော မြို့နယ်များမှာလည်း ထိုနည်းလည်းကောင်း ဖြစ်မည်ထင်ပါသည်။ ဈေးနှုန်းချိုသာစွာဖြင့် အမှန်ထကယ်သုံးစွဲသူများထံရောက်ရှိရေး၊ ဈေးကွက်ကစားသူများထံ မရောက်ရှိရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ထားသော်လည်း ဈေးကွက်ကစားသူများတွင် တစ်စုံတစ်ခုသော အကြံအဖန်ရှိ၍ ယခုကဲ့သို့ ဝယ်ယူနေခြင်းဖြစ်ပေမည်။

ဝယ်ယူခွင့်ရရှိသူများ စာရင်းကို ခွဲဝေပေးသည့်ရပ်ကွက်/ကျေးရွာ/ဌာနဆိုင်ရာများထွင် အမည်၊ မှတ်ပုံထင်နှင့်တကွ ရှိပြီးဖြစ်ရာ ခေါ်ယူစစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်က လစဉ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ရာ အလျင်လိုခြင်းမရှိဘဲ စောင့်ဆိုင်းဝယ်ယူပါက မိမိတို့ဆန္ဒ ပြည့်ဝကြမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

သီလဝသား

ထင်သာမြင်သာ ပြုပြင်စရာ

သတ်မှတ်တန်ချိန်ထက် ကျော်လွန်တင်ဆောင် ဖြတ်သန်းမောင်းနှင်မှုကြောင့် တံတားကျိုးကျ

နေပြည်တော် ဧပြီ ၃၀

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူ-ဗန်းမော် မဟာဗျူဟာကားလမ်းပေါ်ရှိ ငါးဘတ်ကြီးတံတားပေါ်တွင် ကုန်တင် ၁၂ ဘီးယာဉ်ထစ်စီးကျိုးကျ၍ တံတားကျိုးကျနေကြောင်း သထင်းအရ ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ရွှေကူမြို့နယ် ရဲထပ်ဖွဲ့မှူးဦးစီးသည့်အဖွဲ့က ဌာနဆိုင်ရာအဖွဲ့များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ဗန်းမော်မှ ရွှေကူသို့ သံတိုသံစနှင့် ကော်ပစ္စည်းအပိုင်းအစထုပ်များ ထင်ဆောင်ပြီး နမ္မတူမြို့ အမှတ်(၃) ရပ်ကွက်နေ အောင်မြင့် (၃၆ နှစ်) မောင်းနှင်လာသည့် ၄(ခ)။ ။ /L-6 အမျိုးအစား ၁၂ ဘီးယာဉ်သည် မိုင်ထိုင်အမှတ်(၁၃၅)ရှိ ငါးဘတ်ကြီးတံတားကိုဖြတ်သန်းစဉ် ရွှေကူဘက်ခြမ်း တံတားထိပ်အရောက် တံတား၏ ကမ်းကပ်ခံထောက်ထိုင် ကျိုးကာ ယာဉ်၏နောက်ဘီး ကျိုးကျခဲ့သဖြင့် ယာဉ်မှာ တံတားပေါ်တွင် တင်နေပြီး ဆက်လက်မောင်းနှင်နိုင်ခြင်း မရှိသဖြင့် ရပ်တန့်ထားကြောင်း၊ ယာဉ်ပေါ်တွင်လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် တံတား၏ အရှေ့ဘက်ခြမ်း ရှောင်ကွင်းလမ်းမှနေ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါ ပျက်စီးသွားသည့်တံတားအား ယာဉ်နှင့် ပစ္စည်းပိုင်ရှင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဦးနေမင်း(၃၈ နှစ်)က ကောင်းမွန်သည်အထိ ပြင်ဆင်ပေးမည်ဖြစ်ကြောင်း တင်ပြသဖြင့် တံတားပေါ်ရှိ ယာဉ်ကို ရွှေကူဘက်ခြမ်းသို့ သရိုးကရောင်းယာဉ်တစ်စီးဖြင့် ဆွဲယူကာ တံတားပျက်စီးမှုအပိုင်းကို လမ်းတံတားအထူးအဖွဲ့မှ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တံတားခံနိုင်ဝန် ၁၃ တန်တက်ကျော်လွန်တင်ဆောင်ပြီး ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ အောင်ဖြင့်ကို ရွှေကူမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဇာနည်

တာအုပ်တာပေ လူ့မိတ်ဆွေ

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌအားလက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E Ms. Bronte Nadine Moules တက်ရောက်သည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကပင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့မှု၊ နှစ် ၆၀ ကာလအတွင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာ ကောင်းမွန်ခဲ့မှု၊ လွန်ခဲ့သည့် နှစ် ၂၀ က နိုင်ငံရေးစနစ်မတူညီသည့်ကာလများတွင်ပင် ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံအား လူသားချင်း စာနာထောက်ထားသော အကူအညီနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအကူအညီများကို စဉ်ဆက်မပြတ်ပေးခဲ့မှု၊ လွန်ခဲ့သော နှစ်၁၀၀ ကျော်ကပင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည့် ဩစတြေးလျနိုင်ငံမှ ကောင်းမွန်သောဒီမိုကရေစီအလေ့အထများကို မြန်မာနိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများ သွားရောက်လေ့လာနိုင်ခဲ့မှု၊ ဩစတြေးလျနိုင်ငံ၏ ဒီမိုကရေစီအတွေ့အကြုံများကို အခြားသောနိုင်ငံများသို့ မျှဝေပေးနေမှု၊ နှစ်နိုင်ငံဆက်ဆံရေးတွင် ချစ်ကြည်ရင်းနှီးမှုသည် အလွန်အရေးကြီးပြီး ကွာဟချက်များရှိနိုင်သော်လည်း ယင်းကွာဟချက်များသည် နီးကပ်မှုကို ဖြစ်ပေါ်စေမှု၊ ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ပိုမိုထိရောက်သော အကူအညီများပေးနိုင်ရေးအတွက် လေ့လာနေမှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကျင့်သုံးမှုမှာ နှစ်နှစ်ခန့်သာရှိသေး၍ အတွေ့အကြုံနုနယ်သေးသည့်အတွက် ဩစတြေးလျနိုင်ငံ၏အတွေ့အကြုံများကို မျှဝေလိုမှု၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေသကဲ့သို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပြည်သူဆန္ဒ၊ ပြည်သူလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်နေမှု၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားမှု၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် တိမ်းရှောင်နေသော မိသားစုများအတွက် အိုးအိမ်၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများစွာကို နိုင်ငံတော်အစိုးရက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ယင်းအကူအညီများ ဆောင်ရွက်ရာတွင် ငွေကြေးပမာဏ များစွာသုံးစွဲရမည်ဖြစ်၍ Myanmar Peace Centre ထူထောင်ပြီး အလှူရှင်နိုင်ငံများ ရှာဖွေဆောင်ရွက်နေမှု၊ ဩစတြေးလျသံအမတ်ကြီး ဦးဆောင်၍ ဆောင်ရွက်နေရာ အကျိုးကျေးဇူးများစွာရှိမှု၊ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍများတွင်Aus Aid က လူသားချင်းစာနာထောက်ထားသောအကူအညီများစွာပေးအပ်ခဲ့သည့်အတွက် အထောက်အကူဖြစ်မှု စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိရောက်စွာအကာအကွယ်ပေးနိုင်ရေးပူးပေါင်းဆောင်ရွက်

◆ *ရွှေဖုံးမှ*

နိုင်ငံသားတို့၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း အလုပ်သမားအခွင့်အရေးများ၊ အကျိုးခံစားခွင့်များ၊ အကာအကွယ်ပေးမှုများကို နိုင်ငံတကာစာချုပ်စာတမ်းများနှင့် လိုက်လျောညီထွေ အပြည့်အဝရရှိစေရေးအတွက် ခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိသည့် တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို ပယ်ဖျက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေပြီး ကုန်ထုတ်စွမ်းအားတိုးတက်မှုရှိလာစေရန် ရည်ရွယ်၍ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခဲ့ရာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းပေါင်း ၄၉၅ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသည်။ အချို့လုပ်ငန်းများတွင် မြို့နယ်အဆင့်အထိ တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့ပြီး အချို့အဖွဲ့အစည်းများကို အဖွဲ့ချုပ်အဆင့်အထိ ဖွဲ့စည်းပြီးဖြစ်ပါသည်။

အလုပ်သမားများအနေဖြင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင် ရရှိရေးတွင် အဓိကကျသော အဓမ္မခိုင်းစေမှုပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို အိုင်အယ်လ်အို အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်-၂၉ နှင့်အညီ ပြဋ္ဌာန်းခဲ့ပြီး လက်တွေ့ကျင့်သုံးမှုကို ထိရောက်စေရန် နိုင်ငံတစ်ဝန်း အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေးလုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် သို့မဟုတ် ထိုကာလထက်စော၍ အဓမ္မခိုင်းစေမှုလုံးဝပပျောက်သွားမည်ဟု ယုံကြည်ပါသည်။

အဓမ္မခိုင်းစေမှုပုံစံတစ်မျိုးဖြစ်သည့် ကလေးသူငယ်အလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာအိုင်အယ်လ်အိုပြဋ္ဌာန်းချက် အမှတ်(၁၈၂)အား လက်ခံကျင့်သုံးရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏အခွင့်အရေးများကို ပိုမိုကာကွယ်ပေးနိုင်စေရန်အတွက် အနည်းဆုံးအခကြေးငွေဥပဒေနှင့် လူမှုဖူလုံရေးဥပဒေများကို လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး လိုအပ်သည့် နည်းဥပဒေများ ရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မိမိတို့အလုပ်သမားများ၏ အကျိုးစီးပွားနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဦးနှစ်ဖက်မျှတသည့် အကာအကွယ်များရရှိစေရန် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများအနေဖြင့် မကြာမီကာလများတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းအခြေပြုမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာမှုအစီအစဉ်အရ အလုပ်သမားဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာတော့မည်ဖြစ်ပြီး ဒေသတွင်း၌သာမက နိုင်ငံတကာအလုပ်သမားများနှင့် ယှဉ်ပြိုင်ရတော့မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေပေါ်မူတည်၍ ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအား အပြည့်အဝဆုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်မှုရှိစေရန် ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပြီး အလုပ်သမားများ၏ ကျွမ်းကျင်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် အလုပ်သမားများအတွက် ပြည်တွင်း၌သာမက ပြည်ပတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာမှုအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိရောက်စွာအကာအကွယ်ပေးနိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်သဖြင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားမှသာ နိုင်ငံတော်လည်း တိုးတက်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် အလုပ်သမားကြီးများအတွက် အခွင့်အရေးနှင့် အကောင်းဆုံးအကာအကွယ်ပေးမှုများကို အတတ်နိုင်ဆုံးကြိုးစားဆောင်ကြဉ်းပေးသွားမည်ဖြစ်သကဲ့သို့ အလုပ်သမားကြီးများမှလည်း အလုပ်သမားအခွင့်အရေးများကို တောင်းဆိုရာတွင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ကြစေလိုပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

ယနေ့အချိန်အခါသည် အသွင်ကူးပြောင်းရေးကာလဖြစ်သကဲ့သို့ ပြန်လည်ထူထောင်ရေးကာလလည်းဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများ အောင်မြင်စေရန် ပြည်သူတစ်ရပ်လုံး အထူးသဖြင့် အလုပ်သမားထုကြီးတစ်ရပ်လုံးက မိမိတို့၏လုပ်ငန်းတာဝန်များကို အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို အပြည့်အဝခံစားနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမား၊ အလုပ်ရှင်သုံးပွင့်ဆိုင် ပူးပေါင်းမှုဖြင့် လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

သင့်အတွက် နေ့စဉ် မရှိမဖြစ်...

THE YANGON TIMES DAILY

ရန်ကုန်တိုင်းမ်နေ့စဉ်

Your Daily Essential

မေ(၁)ရက် ထွက်မည်

ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်ရန် Hot Line - 09 73080817, 09 73080819

Hot Line - 09 73029308, 011 220 322

City Mart Supermarket နှင့် Ocean Supercenter ရှိ Custom Service Counter များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ပြည်တွင်းသတင်း

လွှတ်တော်ဥက္ကဋ္ဌများ ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလှည့်လည်ရန် ရောက်ရှိနေသည့် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌတို့က နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် ဆုမွန်ကောင်းတောင်းကြပြီး ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ လွှတ်တော်ဥက္ကဋ္ဌများနှင့်အတူ ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Bronte Nadine Moules လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-ကလင်တန်ဖောင်ဒေးရှင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်သမ္မတဟောင်း မစ္စတာဘီကလင်တန်၏ နိုင်ငံခြားရေးရာမူဝါဒ အကြံပေးနှင့် ကလင်တန်ဖောင်ဒေးရှင်း၏ နိုင်ငံခြားရေးရာမူဝါဒ ညွှန်ကြားရေးမှူး Mr. Amitabh Desai သည် ယနေ့ နံနက် ၉ နာရီခွဲတွင်နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ကလင်တန် ဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

လွတ်လပ်သောပုဂ္ဂလိကသတင်းစာများ ထပ်မံစိစစ်၍ တတိယအကြိမ်ခွင့်ပြုပေး

နေပြည်တော် ဧပြီ ၃၀

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့အစည်းအဝေး(၄/၂၀၁၃)ကို ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ပြီး ပုဂ္ဂလိကပိုင်နေ့စဉ်သတင်းစာ လျှောက်ထားမှုများအား စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက နေ့စဉ်သထင်းစာများအား(၁-၄-၂၀၁၃)ရက်နေ့မှစ၍ ထုတ်ဝေခွင့်ပြုနိုင်ရေးအတွက် အဆိုပြုလျှောက်လွှာများကို (၁-၂-၂၀၁၃)ရက်နေ့မှစ၍လျှောက်ထားနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများမှ ကြေညာချက်ထုတ်ပြန်ခေါ်ယူခဲ့ပါသည်။ ပုဂ္ဂလိကနေ့စဉ်သတင်းစာလျှောက်ထားသူများအနက်(၂၈-၂-၂၀၁၃)ရက်နေ့တွင် (၈)စောင်၊ (၂၅-၃-၂၀၁၃) ရက်နေ့တွင်(၈)စောင် စုစုပေါင်း (၁၆) စောင်အား ထုတ်ဝေခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ(၂၉-၄-၂၀၁၃) ရက်နေ့အထိ ယခင်လိုအပ်ချက်ရှိသော လျှောက်လွှာများထံမှ ပြန်လည်ပြင်ဆင်လျှောက်ထားလာသည့် လျှောက်လွှာ(၁)စောင်၊ ယခင်စိစစ်ဆဲလျှောက်လွှာ(၃)စောင်၊ ထပ်မံလျှောက်ထားသည့် လျှောက်လွှာ(၇)စောင် စုစုပေါင်း လျှောက်လွှာ (၁၁)စောင်အား ယနေ့ပြုလုပ်သော ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ အစည်းအဝေးမှ စိစစ်ပြီး အောက်ပါ(၁၀)စောင်အား ယာယီထုတ်ဝေခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည့်-

(က)	နေရှင်နယ်တိုင်း(မ်) (National Time Daily)	(လျှောက်ထားသူ ဒေါက်တာစံပယ်တင်)
(ခ)	ဒေးလီးအီလဲဗင်းနယူးစ် (Daily Eleven News)	(လျှောက်ထားသူ ဒေါ်ယဉ်မော်ဦး)
(ဂ)	(Myanma Freedom Daily (အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပါမည်)	(လျှောက်ထားသူဦးသီဟ(သီဟစော))
(ဃ)	နဂါးနီနေ့စဉ် (The Nagani Daily)	(လျှောက်ထားသူ ဦးသိန်းထွန်း)
(င)	စနစ်ပွားရေးနေ့စဉ်	(လျှောက်ထားသူ ဦးမောင်မောင်စိန်)
(စ)	ဝရဇိန်နေ့စဉ်	(လျှောက်ထားသူ ဦးမောင်မောင်စိန်)
(ဆ)	စောင့်ကြည့်နေ့စဉ် (Newswatch Daily)	(လျှောက်ထားသူ ဦးချစ်မောင်)
(ဇ)	ပြည်မြန်မာနေ့စဉ် (The Pyi Myanmar Daily)	(လျှောက်ထားသူ ဒေါက်တာခင်မိုးမိုး)
(ဈ)	မြန်မာပို့စ်နေ့စဉ် (Myanmar Post Daily)	(လျှောက်ထားသူ ဦးဝင်းအောင်)
(ည)	International Herald Tribune (နိုင်ငံခြားမှ ထုတ်ဝေသည့် မူရင်းအတိုင်း Reprint ထုတ်ဝေမည်ဖြစ်ပါသည်)	(လျှောက်ထားသူ ဦးမျိုးအောင်) (Success Int. Co., Ltd.)

သို့ဖြစ်၍ ယနေ့အထိ လွတ်လပ်သော ပုဂ္ဂလိကနေ့စဉ်သတင်းစာ မြန်မာဘာသာဖြင့် (၂၄)စောင်၊ အင်္ဂလိပ်ဘာသာဖြင့် (၂)စောင် စုစုပေါင်း(၂၆)စောင် ထုတ်ဝေခွင့်ပြုခဲ့ကြောင်းသိရသည်။ အချက်အလက် မပြည့်စုံသဖြင့် ကျန်ရှိသော စိစစ်ဆဲလျှောက်လွှာ(၁)စောင်နှင့် ထပ်မံလျှောက်ထားလာမည့် လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီး နောင်ကျင်းပမည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၃၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)ထို့ထင် ဧပြီလ၏ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည်နေ့အပူချိန်များမှာ မြင်းခြံမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့်အောင်လံမြို့တို့တွင် ၄၃ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်ထောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်တွင်းသတင်းနှင့်နိုင်ငံတကာသတင်း

ကိုကိုးကျွန်းဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများသွားလာမှု အဆင်ပြေစေရေး တပ်မတော်မှ တိုင်းဒေသကြီးအစိုးရနှင့်အတူ ဖြည့်ဆည်းဆောင်ရွက်ပေးမည်

ရင်းရင်းနှီးနှီးနှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဒေသခံပြည်သူလူထုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၃၀

ထပ်မထော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အတူ ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဒေသခံပြည်သူလူထုအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် "ကိုကိုးကျွန်းဒေသသည် သွားလာရေးခက်ခဲကြောင်း၊ ကိုကိုးကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေ၏ တင်ပြချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ရန်ကုန်ထိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှသင်္ဘောများ ပြေးဆွဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးတွင်းကာလတွင် ရာသီဥတုအခြေအနေပေးပါက တပ်မတော်မှ လေယာဉ်၊ ရေယာဉ်များကိုလည်း ထိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ကိုကိုးကျွန်းသို့ ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတော်မှ ကြိုးစားဆောင်ရွက်ပေးလျက်ရှိရာ ဦးစွာလေယာဉ်ကွင်းအား တိုးချဲ့ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဒေသခံပြည်သူလူထုနှင့် တပ်မတော်သားများ ချစ်ခင်ရင်းနှီးမှုရှိပြီး တပ်နှင့်ပြည်သူတစ်သားတည်း ဖြစ်အောင် နေထိုင်သွားကြရန်လိုကြောင်း" ဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နံနက်ပိုင်းတွင် ကျွန်းပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ကိုကိုးကျွန်း ကမ်းခြေတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွန်းပတ်လမ်းရှိ ၇ မိုင် လုံခြုံရေးရဲကင်းအား ကြည့်ရှုစစ်ဆေးပြီး ကိုကိုးကျွန်းမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ကိုကိုးကျွန်းကမ်းခြေတွင် လိပ်များအား ဘေးမဲ့လွှတ်ကြသည်။

မွန်းလွဲပိုင်းတွင် ထပ်မထော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်း လေယာဉ်ပြေးလမ်း တိုးချဲ့နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်နှင့်တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုပြီး မြောက်ကိုရီးယား၏ ရန်စမှုကို ဆက်လက်စောင့်ကြည့်မည်

ဆိုးလ် ဧပြီ ၃၀

အမေရိကန်နှင့် ထောင်ကိုရီးယားနိုင်ငံထို့သည် မြောက်ကိုရီးယားနှင့် တင်းမာမှုမြင့်တက်နေသည်ကြားမှပင် ပူးတွဲစစ်ရေးလေ့ကျင့်မှု အဆုံးသတ်သွားပြီဖြစ်ကြောင်း ဧပြီ ၃၀ ရက် ဘီဘီစီသထင်း၌ ဖော်ပြသည်။

မြောက်ကိုရီးယားက ဖေဖော်ဝါရီလအတွင်း တတိယအကြိမ် နျူကလီးယားစမ်းသပ်ပြီးကတည်းက နှစ်လကြာပြုလုပ်ခဲ့သည့် နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်မှုအပေါ် အမျက်ဒေါသထွက်နေသည်။

တိစဉ်အတွင်း တောင်ကိုရီးယားအလုပ်သမား ခုနစ်ဦးသည် မြောက်ကိုရီးယားပူးတွဲစက်မှုဇုန်အထွင်း ရှိနေဆဲဖြစ်သည်။ ယင်းတို့အား ကေဆောင်စက်မှုဇုန်အတွင်းမှ ထွက်ခွာကြရန် အုပ်ချုပ်ရေးအဖွဲ့က အသေးစိတ်ညှိနှိုင်းကြားနိုင်ရန် နှေးကွေးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သိန်းငှက်ငယ်ဟု လူသိများသည့် အဆိုပါပူးတွဲစစ်ဆင်ရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်နှင့် ထောင်ကိုရီးယား ထပ်ဖွဲ့ဝင်များပါဝင်၍ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြသည်။ ယင်းစစ်ရေးလေ့ကျင့်မှုတွင် မြေပြင်ထပ်ဖွဲ့ဝင်များ၊ ရေတပ်၊ လေတပ်၊ အထူးတပ်ဖွဲ့ဝင်များ ပါဝင်လေ့ကျင့်ခဲ့ကြသည်။

စစ်ရေးလေ့ကျင့်မှု ပြီးဆုံးသွားပြီဖြစ်သည်။ သို့သော် အမေရိကန်နှင့်တောင်ကိုရီးယားတပ်ဖွဲ့ဝင်များသည် မြောက်ကိုရီးယား၏ ဒုံးပျံပစ်ခတ်မှုအပါအဝင် ကျူးကျော်ရန်စမှုများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်မင်ဆောက်က သထင်းထောက်များအား ပြောကြားသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

မာလီ၌ ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦး ဗုံးခွဲထိမှန်သေဆုံး

မာလီ ဧပြီ ၃၀

မာလီနိုင်ငံတွင် လမ်းဘေးထောင်ချောက်ဗုံးတစ်လုံး ပေါက်ကွဲသဖြင့် ပြင်သစ်လေထီးတပ်သားတစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အထူးတပ်ဖွဲ့ဝင်ထစ်ဦးသည် မာလီနိုင်ငံ အနောက်မြောက်ပိုင်း၌ မော်တော်ယာဉ်ဖြင့် ခရီးသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ပြင်သစ်နိုင်ငံက မာလီမြောက်ပိုင်း သူပုန်များကို ဇန်နဝါရီလမှ ထိုက်ထုတ်ပြီးကထည်းက ပြင်သစ်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးသွားပြီဖြစ်သည်။ ပြင်သစ်ထို့က ယခုလ အစောပိုင်းမှစပြီး ၄င်း၏တပ်ဖွဲ့ဝင် ၄၀၀၀ ကို တဖြည်းဖြည်းရုပ်သိမ်းပေးလျက်ရှိသည်။ သို့သော် အယ်လ်ခိုင်ဒါများနှင့် ဆက်နွှယ်နေသော စစ်သွေးကြွများကို နှိမ်နင်းနိုင်ရန် တပ်ဖွဲ့ဝင် ၁၀၀၀ ခန့် ကို ၂၀၁၃ ခုနှစ်ကုန်ဆုံးသည့်တိုင်အောင် ဆက်လက်ထားရှိသွားမည်ဟုဆိုသည်။ ထိုအတောအတွင်း အခြားနိုင်ငံတကာတပ်ဖွဲ့ဝင်များသည်လည်း အဓိကမြို့ကြီးများ၌ လုံခြုံရေးဆက်လက်ထာဝန်ယူထားမည်ဟုဆိုသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်　　ဧပြီ　　၃၀

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဒေါက်တာအေးမောင်၊ ဗိုလ်မှူးကြီးမောင်မောင်တူး၊ ဦးဆိုင်ပေါင်းနပ်နှင့် ဒေါ်နန်းနီနီအေး၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ လွှတ်တော်ချင်း ခင်မင်ရင်းနှီးမှုမှ နိုင်ငံချင်း၊ ပြည်သူချင်း ခင်မင်ရင်းနှီးမှု ခိုင်မြဲအောင်တူတောင်ရေး၊ လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ လွှတ်တော်စာကြည့်တိုက်နှင့် လွှတ်တော်ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ရေးအတွက် ဩစတြေးလျနိုင်ငံမှ အကူအညီပေးရေး၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ရင်သန်တွန်းကားရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့် ဖော်ဆောင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်းနှင့် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအတွေ့တွေ့အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်းနှင့် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော်　　ဧပြီ　　၃၀

ပြည်တောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်းနှင့် ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအတွေ့တွေ့အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်းနှင့်အတူ ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်တူးနှင့်အဖွဲ့ဝင်များ၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် Hon. John Joseph Hogg ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံလွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥက္ကံမြို့၌ လူအုပ်စုများက ဘာသာရေးအဆောက်အအုံအား ခဲများဖြင့်ပစ်ပေါက်ပြီး ဈေးဆိုင်များဝင်ရောက်ဖျက်ဆီးခဲ့၊ လုံခြုံရေးအဖွဲ့က သေနတ်ပစ်ဖောက် လူစုခွဲခဲ့ရ

ရန်ကုန်　　ဧပြီ　　၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သာမန်ဖြစ်စဉ်တစ်ခုမှတစ်ဆင့် လူအုပ်စုများက ဘာသာရေးအဆောက်အအုံ တစ်လုံးအား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ဈေးဆိုင်ခန်းများ၏ မျက်နှာစာများ ဖျက်ဆီးပြီး ပစ္စည်းများ လမ်းပေါ်ဆွဲချခြင်းများပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးအဖွဲ့က သေနတ်ပစ်ဖောက်၍ လူစုခွဲခဲ့ရကြောင်း သိရှိရသည်။

နံနက်ပိုင်းတွင် ဥက္ကံဈေးတောင်ဘက် ဘုရားကြီးလမ်းအတိုင်း ဆွမ်းခံကြလာသော အသက်(၁၁)နှစ်အရွယ် ကိုရင်ငယ်တစ်ပါးအား မဝင်းစိန်ဆိုသူက ဝင်ရောက်တိုက်မိပြီး ကိုရင်လက်ထဲရှိ သပိတ်လွတ်ကျကာ အဖုံးကွဲသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဥက္ကံရဲစခန်း၌ အမှုဖွင့်ထားစဉ် လူအုပ်စုက ဈေးအဆောက်အအုံရှိ ဘာသာရေးအဆောက်အအုံ တစ်လုံးအား အုတ်နီခဲများဖြင့် ပစ်ပေါက်ခဲ့ကြသဖြင့် ဗလီရှေ့ရှိ သံပေပတ်လည် မှန်ဖြောက်ချပ်ကွဲပြီး လျှပ်စစ်မီတာပုံးနှစ်ပုံး ကျိုးပဲ့ပျက်စီးခဲ့ကြောင်း၊ ထို့နောက် မွန်းလွဲပိုင်းတွင် လူအုပ်စုက ဈေးအနီးရှိ လျှပ်စစ်ပစ္စည်းဆိုင်၊ ဆေးဆိုင်၊ ဆန်ဆိုင်၊ အအေးဆိုင်၊ စက်ဘီးပြင်ဆိုင်၊ နာရီပြင်ဆိုင်၊ စတိုးဆိုင်စသည် ဆိုင်ခန်း(၂၅)ခန်း၏ မျက်နှာစာများ ဖျက်ဆီးပြီး ဆိုင်များမှ ပစ္စည်းများအား လမ်းပေါ်သို့ဆွဲချခြင်း၊ ဘာသာရေး အဆောက်အအုံ အုတ်တံတိုင်းကို ခဲများဖြင့် ပစ်ပေါက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ ပဋိပက္ခဖြစ်စဉ်တွင် (၁၀)ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရစ်ဦးမှာစိုးရိမ်စရာမရှိကြောင်း သိရသည်။

ဥက္ကံမြို့ တည်ငြိမ်အေးချမ်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀-၄-၂၀၁၇

အောင်လံမြို့
၁ ဒသမ ၁၈ လက်မ
ခန္တီးမြို့
၁ ဒသမ ၁၄ လက်မ
ဘော်လခဲမြို့
၀ ဒသမ၃၅ လက်မ
လှိုင်ကော်မြို့
၀ ဒသမ ၂၈ လက်မ

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

တောင်ကြီးတက္ကသိုလ်ဘူမိဗေဒကျောင်းသားဟောင်းများ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်

၁၉၉၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တောင်ကြီးတက္ကသိုလ် ဘူမိဗေဒဌာန၌ ပညာသင်ကြားခဲ့သည့် အဖွဲ့ရ ကျောင်းသူ/သားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ်၊ မေလ (၂၈)ရက်နေ့ (စနေနေ့)တွင် တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသူ/သားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

KBZ A/C No. : 0011220014708 [illegible]

ပဲခူး၊ လပွတ္တာနှင့် မိတ္ထီလာမြို့များတွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရှိရိုးတီဗွီအင်တင်နာဖြင့် လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်

နေပြည်တော်　　ဧပြီ　　၃၀

ယခုအခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 ရုပ်သံလိုင်းကို Free To Air စနစ်ဖြင့်ပါ အများပြည်သူ လွယ်ကူစွာဖမ်းယူကြည့်ရှုနိုင်ရန် တုတ်လွှင့်ပေးလျက်ရှိသည်။

MRTV-4 (Free To Air) ရုပ်သံလိုင်းကိုပဲခူးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF လိုင်းနံပါတ် CH- 33 (590-596 MHz) ဖြင့် လည်းကောင်း၊ လပွတ္တာမြို့နှင့် အနီးတစ်ဝိုက်တွင် UHF လိုင်းနံပါတ် CH-21 (518- 524 MHz) ဖြင့်လည်းကောင်း၊ မိတ္ထီလာမြို့နှင့်အနီးတစ်ဝိုက်တွင် UHF လိုင်းနံပါတ် CH-20 (512-518 MHz) ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့်ရိုးရိုး UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆောင်းပါး

ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့်တိုးတက်စေမည့် စတုတ္ထ အဆင့်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်

ခင်ချင်းတွင်

မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအား ပွင့်လင်း၍နိုင်ငံရေးရင့်ကျက်မှုရှိသည် အပြန်အလှန် လေးစားတတ်သည် အားလုံးပါဝင်နိုင်သည် ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရောက်ရှိအောင် ဦးတည်၍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဆင့်ဆင့်ကို နိုင်ငံတော်အစိုးရသက်တမ်းနှစ်နှစ်ကျော်အတွင်း ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွား တိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည် ပုဂ္ဂိုလ်များကို နိုင်ငံတော်အနေနှင့်ပထမဆုံးအကြိမ် **နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ဆုချီးမြှင့်သည့် အခမ်းအနား**အား ၂၀၁၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် မြွက်ကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအရ **စတုတ္ထအဆင့် ပြောင်းလဲမှုလုပ်ငန်းစဉ်အဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်မည်**ဟု ဖော်ပြပါရှိပါသည်။

ပြုပြင်ပြောင်းလဲမှု နယ်ပယ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေး၊ လူမှု-စီးပွားရေးနှင့်အုပ်ချုပ်ရေးကဏ္ဍဟူ၍ တွေ့ရှိနိုင်ပါသည်။ ခြုံမှာ ပြည်သူလူထု တစ်ရပ်လုံး သာယာဝပြောမှုကို ရေးရှုလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်ပေါ်လာရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဦးတည်ချက်များ အောင်မြင်စေရန်အတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစပြီး **နိုင်ငံတော်အစိုးရမှ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု "People Centered Development"** အတွက် အရေးပါသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအား ဆန်းစစ် တင်ပြပါရလျှင် ပြုပြင်ပြောင်းလဲမှု **ပထမအဆင့်တွင် နိုင်ငံရေး တည်ငြိမ်မှုနှင့်အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး**ကို ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသား မျိုးနွယ်စုများအကြား ငြိမ်းချမ်းရေးနှင့်အပြန်အလှန် နားလည်မှုများ အပြည့်အဝရရှိအောင် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယအဆင့်မှာ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေး ကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်း၍ **လူမှု-စီးပွားပြုပြင်ပြောင်းလဲမှု မူဘောင် (Framework on Economic and Social Refom FESR) (၂၀၁၂- ၂၀၁၅)**ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မူဘောင်သည် **ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုများနှင့် မြန်ဆန်သည့် အောင်မြင်မှု (Quick Wins) ရရှိစေမည့် မူဝါဒများဖြင့် စူးစိုက် ဆောင်ရွက်သွားရန်** ရည်ရွယ်ပါသည်။ ၎င်းအပြင် ဘဏ္ဍာရေးနှင့် အခွန်စနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပြုပြင်ပြောင်းလဲမှု၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေးနှင့် ပညာရေး၊ စားနပ်ရိက္ခာလုံလောက်မှုနှင့် စိုက်ပျိုးရေး၊ အုပ်ချုပ်မှုစနစ်နှင့်ပွင့်လင်းမြင်သာမှု၊ မိုဘိုင်းဖုန်းနှင့်အင်တာနက်စနစ်၊ အခြေခံအဆောက်အအုံနှင့် ထိရောက်ပြီး စွမ်းဆောင်ရည် ပြည့်ဝသည့် အစိုးရ စသည့်နယ်ပယ်များကို **အခြေခံဦးစားပေးနယ်ပယ် (၁၀)ခု** အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အဖြစ် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance) နှင့်သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မီဒီယာ ပွင့်လင်းမှုနှင့်လွတ်လပ်ခွင့်များကို ဖန်တီးပေးနိုင်ခဲ့သည်။ ဆုံးဖြတ်ချက်များတွင် အများစုပါဝင် ဆွေးနွေးသည့် စနစ်များကို ဖော်ဆောင်ခဲ့ပြီး လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်စေသည်။ သို့ဖြစ်ပါ၍ ထိုသို့ပြုပြင်ပြောင်းလဲရာတွင် **နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် အားလုံးတွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံး အကျုံးဝင်မှုတို့ကို အလေးပေး ဆောင်ရွက်**လျက်ရှိပါသည်။

စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မည်ဟု ဖော်ပြပါရှိပါသည်။ သာမန်အားဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဟုသာ ခေါ်ဝေါ်သုံးစွဲလေ့ရှိသော်လည်း ယခုလုပ်ငန်းစဉ်အားဖြင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဟု ဖော်ပြထားခြင်းမှာ ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်များ၊ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပင် ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံစီးပွားရေးမှာ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမအဖွဲ့အစည်းအခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှု အချိုးအစားအရ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင် ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမအဖွဲ့အစည်း ၁ ဒသမ ၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင် ၇ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ **ပုဂ္ဂလိကကဏ္ဍ အချိုးအစားမှာ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် အများဆုံးဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှာများစွာအရေးပါလှသည်**ကို တွေ့မြင်နိုင်ပေသည်။

နိုင်ငံတစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာဈေးကွက်များအထိ ထိုးဖောက်ဝင်ရောက်နိုင်စေရေးအတွက် နိုင်ငံတွင်းတွင် သမာသမတ်ရှိသော စီးပွားရေး အဖွဲ့အစည်းဖြစ်ရန် လိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး မိမိတို့၏ ပြည်တွင်းစီးပွားရေးဆိုင်ရာ ကျင့်တံများ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ရန် လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ် (Business Ethic) အပြည့်အဝဖြင့် ဆောင်ရွက်စေရန် လူမှုရေးအရ ပူးပေါင်းမှုတာဝန် (Corporate Sicial Responsibility-CSR) တို့အား ထမ်းဆောင်တတ်စေရန်လိုအပ်သည်။ သို့ဖြစ်ပါ၍ **ပုဂ္ဂလိကကဏ္ဍမှာလည်း စီးပွားရေးကျင့်ဝတ်နှင့်စည်းမျဉ်းဥပဒေ လေးစားလိုက်နာတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့်စိတ်ဓာတ်မျိုးရှိလာအောင် စိတ်ထား (Mindset) များ ပြုပြင်ပြောင်းလဲရေးအတွက် အသိပညာပေးသည့် လုပ်ငန်းစဉ်များ စနစ်တကျလိုအပ်ပါသည်။ အထူးသဖြင့် လတ်တလော ရေတိုကိုသာ ကြည့်ပြီး ဖြတ်လမ်းနှင့်ကြီးပွားရေးဟူသည့် အတွေးမျိုးဖြင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် တိုးပေါက်နိုင်မည် မဟုတ်**ပေ။

နိုင်ငံတော်ဘက်မှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် အရည်အသွေး မှန်ကန်မှုမရှိသည့်အတွက် စားသုံးသူပြည်သူများ၊ ကျန်းမာရေးထိခိုက်စေမည့်အန္တရာယ်များကို ကာကွယ်ရန် **စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)**၊ တန်းတူ ယှဉ်ပြိုင်နိုင်ရေးအတွက် **ယှဉ်ပြိုင်မှုဥပဒေများ (Competition Law)** ကိုလည်း မူကြမ်းရေးဆွဲပြီး အတည်ပြု ပြဋ္ဌာန်းရန်ရှိပါသည်။ အခွန်စနစ် ခေတ်မီတိုးတက်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ပြင်ဆင်မှုများ ရှိသကဲ့သို့ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပြင်ပမှရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိပါသည်။

လူ့အဖွဲ့အစည်း ကောင်းမွန်တိုးတက်စေရန် စေတနာထားလျက် မိမိထုတ်ကုန်များကို ရွေးချယ်ထုတ်လုပ်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်မှုနှင့် စွမ်းအင်အသုံးပြုရာတွင်ချွေတာမှု ဖြစ်စေသော (Environmental Friendly Technologies and Energy Saving Technologies) များ တီထွင်ခြင်း၊ အသုံးပြုခြင်း၊ မိမိတို့ရရှိသည့် အမြတ်ထဲမှ လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်း၊ နိုင်ငံတော်သို့ **အခွန်မှန်ကန်စွာပေးဆောင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) အတွက် အလေးထားဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ငန်းအတွက်၊ တိုင်းပြည်အတွက်၊ စားသုံးသူဖြစ်သော ပြည်သူအတွက် အလုပ်အကိုင်များ ဖန်တီးရေးစသည့် Win-Win-Win မဟာဗျူဟာကို ဖော်ဆောင်နိုင်သည့် ပုဂ္ဂလိကကဏ္ဍဖြစ်ပေါ် တိုးတက်စေရန်ပြုပြင်ပြောင်းလဲမှုများ လိုအပ်သည်။** စီးပွားရေး လုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းတို့သည်အပြန်အလှန် အကျိုးပြုစေမည့် ပတ်ဝန်းကျင် ဖန်တီးပေးရေးသည် အလွန်အရေးကြီးပေသည်။ **စိုက်ပျိုးရေးကဏ္ဍ**တွင်လည်း အိမ်နီးချင်းနိုင်ငံ၏ တောင်သူလယ်သမားများကဲ့သို့ စိုက်ပျိုးရေးထုတ်လုပ်မှု၊ လယ်ယာတိုးတက်ထုတ်လုပ်မှု၊ စိုက်ပျိုးရာမှ ပို့ကုန်တင်ပို့ရေးအတွက် အရည်အသွေးပြည့်ဝစေရေး၊ မျိုးစေ့များ၊ အထွက်တိုးမျိုးများ ပြုပြင်ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်ပျိုးရေးနည်းစနစ်များအား တီထွင်ပြောင်းလဲစိုက်ပျိုးရေး၊ ဈေးကွက်ရရှိရေးတို့အား ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာကပင် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးကို အခြေပြုနေချိန်တွင် အိမ်နီးချင်းနိုင်ငံများသည် လယ်ယာစိုက်ပျိုးရေးမှ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးမှုပုံသဏ္ဍာန်သို့ ပြောင်းလဲရန် ကြိုးပမ်းခဲ့ကြပြီး ဖြစ်သည်။ **မိမိတို့နိုင်ငံ အနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် ကနဦးအဆင့်၌ပင် ရှိနေသည်အတွက် ပုဂ္ဂလိက ဦးဆောင်သည့်အပိုင်းမှ ဦးဆောင်၍ စက်မှုကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။** နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် သဘာဝအရင်းအမြစ်များနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် များစွာတည်မှီနေခြင်းသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင်စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင်လည်း ငါး၊ ပုစွန်ဈေးကွက်များတွင် ဥရောပအထိ ဈေးကွက်များ ဖွင့်ပေးသော်လည်း အဆိုပါ ဈေးကွက်သို့ အအေးခန်းစက်ရုံများအနေဖြင့် တင်ပို့ရန် အရည်အသွေးရှိသည့် စက်ရုံများ ယခုတွင် သုံးရုံသာရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျန်စက်ရုံများအနေဖြင့် **စံအရည်အသွေး သတ်မှတ်ချက်များ မမီဘဲ ဈေးကွက်ရရှိမှု (Market Access) မရနိုင် ဖြစ်နေသေးခြင်းကြောင့် အဆိုပါ ထုတ်လုပ်မှုနည်းပညာများအား အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ** လိုအပ်ပါသည်။

ထို့အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် **သစ်တောထွက်ပစ္စည်းလုပ်ငန်းများ**သည်လည်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းလိုက်နာ၍ **သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု (National Resource Management) ကို ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ အိမ်ထောင်စုများ ထင်းအစားထိုး၊** မီးသွေးအစားထိုး ဖန်တီးခြင်း၊ စွမ်းအင်ချွေတာမှုများ စသည်တို့ကို ပူးတွဲဆောင်ရွက်ရမည် ဖြစ်ပေသည်။ သဘာဝပတ်ဝန်းကျင်နှင့် ရင်းနှီးစေသည့် နည်းပညာ (Environmentally Friendly Technalogies)များကို ဆောင်ရွက်ရန်နှင့် ရာသီဥတုပြောင်းလဲခြင်းကို လျော့နည်းစေသည် နည်းပညာများ သက်မွေးဝမ်းကျောင်းမှုများကို တီထွင်ဖန်တီးစေပြီး **စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) ကို ဖြစ်ပေါ်စေမည့် ကိစ္စရပ်များကို ပုဂ္ဂလိကကဏ္ဍအနေဖြင့် တာဝန်သိသိဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည်**ဖြစ်ပါသည်။

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများသာမက စက်မှုဇုန်များ၊ အထူး စီးပွားရေးဇုန်များကို နိုင်ငံတကာ အဆင့်မီဇုန်များ ဖြစ်ပေါ်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် စက်ရုံအလုပ်ရုံများ ပေါ်ထွန်းရေးအား ဆက်လက်ကြိုးစားရဦးမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် အခြားနိုင်ငံများ ထက်သာလွန်သည့် နှိုင်းယှဉ်အကျိုးကျေးဇူးများအဖြစ် လုပ်အားခ သက်သာသည့် လုပ်သားအင်အားများစွာရှိခြင်း၊ သဘာဝ အရင်းအမြစ်များ ပေါကြွယ်ဝခြင်းနှင့်မဟာဗျူဟာမြောက်သည့် တည်နေရာပိုင်ဆိုင်ထားခြင်း စသည့် အခွင့်အလမ်းကောင်းများ တည်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံတကာမှ လုပ်သားအင်အား အခြေပြုသည့် စီးပွားရေးလုပ်ငန်းများနှင့် ပို့ကုန် အဓိက အခြေပြုသည့် စီးပွားရေး လုပ်ငန်းများအတွက် ကုန်ကျစရိတ် ထိရောက်နိုင်စေသည့် ဒေသစီးပွားရေး နေရာသစ် (Final Destination For Investment) တစ်ခုဖြစ်ရန် ဖန်တီးရေးအတွက် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် နောက်ကျသူတို့၏အကျိုးကျေးဇူး(Late Comers advantage)တို့လည်း အကျိုးရှိစွာအသုံးချရမည်ဖြစ်ပါသည်။

သို့သော် မိမိတို့ ပုဂ္ဂလိက ကဏ္ဍ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် သဘာဝအရင်းအမြစ်များမှ ထပ်ဆင့်တိုး ထုတ်ကုန်များထုတ်လုပ်ရန် အခွင့်အလမ်းနည်းပါးခဲ့ပါသည်။ မိမိတို့နိုင်ငံ၏ ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းနေသော်လည်း **အရည်အသွေးမီထပ်ဆင့်တိုး ထွက်ကုန်များ ထုတ်လုပ်နိုင်ရန် လူသားအရင်းအမြစ်စွမ်းရည်၊ ခေတ်မီနည်းပညာနှင့် ငွေကြေးအရင်းအနှီး လိုအပ်ချက်များ ရှိနေသည်ကို စိန်ခေါ်မှုတစ်ရပ်အနေနှင့် ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ အတိုးနှုန်းနည်းပါးသည့် ချေးငွေနှင့် နည်းပညာများ အကူအညီရရှိရေးအတွက် ဖန်တီးပေးရန်နှင့်အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအား အားပေးပံ့ပိုးရန် လိုအပ်လျက်ရှိသည်။** ထုတ်လုပ်မှုမှ ဖြန့်ဖြူးရောင်းချခြင်းမှ တစ်ဆင့် စားသုံးသူအဆင့်သို့ ရောက်ရှိစေရန် (Supply Chain) တစ်လျှောက်လုံး ပါဝင်ဆောင်ရွက်ရေး၊ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ လူသားရင်းမြစ်အား ရင်းနှီးမြှုပ်နှံမှုသဖွယ် မိမိတို့၏ လုပ်သားအင်အားထုစွမ်းဆောင်ရည် တိုးတက်မှုအတွက် ပံ့ပိုးကြိုးပမ်းရမည် ဖြစ်ပါသည်။ နိုင်ငံခြားလုပ်ငန်းကြီးများနှင့် ယှဉ်ပြိုင်နိုင်ရန် ကန်ထရိုက် လယ်ယာလုပ်ငန်း (Contract Farming)အများပိုင် ကုမ္ပဏီများ (Public Companies) တည်ထောင်ခွင့်တို့ လုပ်ကိုင်ခွင့်ပြုပြီး ဖြစ်ပါသည်။

အီးယူပိတ်ဆို့မှုများ ရုပ်သိမ်းအပြီး မိမိတို့၏ ပို့ကုန်များ အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ ပျံ့နှံ့ရေး၊ **အာဆီယံ စီးပွားရေးအသိုက်အဝန်း**သို့ ဝင်ရောက်ရေးအတွက် မိမိတို့၏ပုဂ္ဂလိကကဏ္ဍအား မြှင့်တင်ခြင်းဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (Public Private Partnership)အပေါ် အခြေခံ၍ **"ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော် တည်ဆောက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်ဖြင့် ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်စေမည့် စတုတ္ထ အဆင့် ပြောင်းလဲမှုလုပ်ငန်းစဉ်များအား လှိုက်လှဲစွာ ကြိုဆိုအပ်ပါသည်။**

ယာဉ်အရှိန်လွန် တိမ်းမှောက်မှု အင်းတော်၌ဖြစ်ပွား

အင်းတော် ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၃၈/၅ နှင့် ၁၃၈/၆ ကြားတွင် MITSUBISHI PAJERO မော်တော်ယာဉ် (အပြာ-မီးခိုးရောင်) မှာ အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရှိရသည်။

တိမ်းမှောက်

အဆိုပါ MITSUBISHI PAJERO မော်တော်ယာဉ် (အပြာ-မီးခိုးရောင်) သည် ရွှေဘိုမှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆိုင်ကယ်အား တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်သို့ ဆွဲချတိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တိမ်းမှောက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မောင်းတောင်ကျေးရွာနေ ကျော်စိုးထွန်း (ယာဉ်မောင်းသူ) မှာ ဘယ်လက်ဖျံနှင့် ဘယ်လက်မပေါက်ပြဲ၊ ကားပေါ်တွင် လိုက်ပါလာသော မောင်းတောင်ကျေးရွာမှ လင်းမင်းတက်မှာ ညာနဖူးစပ်တွင် ပေါက်ပြဲပြီး ဘယ်တံတောင် ပွန်းပဲ့ ဒဏ်ရာရ၊ မမေသူအောင်မှာ ညာဘက်မျက်ခမ်း အောက်ပွန်းပဲ့၊ နဖူးလယ်ပွန်းပဲ့ဒဏ်ရာနှင့် ဒေါ်တောမှာ ဘယ်ဘက် လက်ကျိုး၊ နဖူးလယ်ပေါက်ပြဲရောင်ပြီး ကား လဲကျစဉ် ဘယ်ဘက်တွင် ကားပိ သည်အတွက် ရင်ဘတ်အောင့်သည် ဒဏ်ရာများ ရရှိခဲ့ကြသည်။ ဒဏ်ရာရသူများတွင် အသက် (၇၀)ကျော်ရှိ ဒေါ်တောမှာ ရရှိသည့်ဒဏ်ရာများဖြင့် ဆေးရုံသို့ပို့စဉ် သေဆုံးသွားကြောင်း သတင်းရရှိသည်။

သို့ဖြစ်ပါ၍ အဆိုပါ ယာဉ်အား မဆင်မခြင် အရှိန်ဖြင့် မောင်းနှင်လာသော ယာဉ်မောင်း ကျော်စိုးထွန်းအား ဥပဒေအရ အရေးယူပေးပါရန် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ရဲ တပ်ကြပ်ကြီးစိုင်းယုအောင်မှ တရားလို ပြုလုပ်တိုင်တန်းထားကြောင်း သိရသည်။

ကျော်သီဟ

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလူပုဂ္ဂိုလ်ဆုအတွက် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် နောင်ကုန်ကျေးရွာမှ ဦးကျမော့အား ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည် အကောင်းဆုံးဆုအတွက် ဆုတံဆိပ် (၅၂)ဆုရှင် မြားပစ်အားကစားမယ် မအောင်ငြိမ်းအား ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် စတင်ကျင်းပရာ ဒီမိုကရေစီနိုင်ငံရေးစနစ်၏ အသက်ဝိညာဉ်သည် တရားဥပဒေစိုးမိုးရေးဖြစ်ပြီး တရားဥပဒေစိုးမိုးမှ တည်ငြိမ်အေးချမ်းမည် ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှ လူမှုစီးပွားရေးဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ယခု အခမ်းအနားသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်အနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်အပ်နှင်းသွားမည့် အခမ်းအနား ဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်အောင် စွမ်းဆောင်ကြမည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ တိုးပွား ပေါ်ထွန်းလာစေရန်နှင့် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး အားပေးမြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်ပြီး ချီးမြှင့်ခြင်း ဖြစ်ပါကြောင်း။

အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်သူ တောင်သူ လယ်သမားအဆင့်မှ လုပ်ငန်းရှင်များအဆင့်အထိ စွမ်းဆောင်ရှင်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှ ပို့ကုန်လုပ်ငန်းရှင်များအထိ စွမ်းဆောင်ရှင်များ၊ အခွန်ပေးဆောင်မှု တာဝန်အကျေဆုံးလုပ်ငန်းရှင်များ၊ အများပြည်သူအတွက် ပက်စွန့်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမား စွမ်းဆောင်ရှင်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ဘာသာပေါင်းစုံအဖွဲ့အစည်း အပါအဝင် ဘာသာရေးအတွက်သာမက လူမှုရေးအတွက်ပါ အားသွန်ခွန်စိုက် မနားမနေကြိုးစားဆောင်ရွက်နေသည့် ရဟန်းသံဃာများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ကိုယ်လက်အင်္ဂါချို့တဲ့သူများကို စောင့်ရှောက်ကူညီပေးနေသည့် ရဟန်းသံဃာနှင့် ထူးပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်က ဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရမည့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး တာဝန်ကြီးကို ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ကမ္ဘာ့နိုင်ငံများက မြန်မာတို့ အသိအမှတ်ပြုလေးစားဆက်ဆံလာကြပြီး ကမ္ဘာ့မျက်နှာစာတွင် မြန်မာတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ကြပါကြောင်း။

တစ်ချိန်တည်း၌ပင် ဒုတိယအဆင့်ဖြစ်သော စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အခြားနိုင်ငံများနည်းတူ ကာလတို၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းသို့ ဆောင်ရွက်ရာတွင်အစိုးရက ဆောင်ရွက်ပေးရမည့်အပိုင်း၊ ပုဂ္ဂလိကကဏ္ဍက ကြိုးပမ်းဆောင်ရွက်ရမည့်အပိုင်း၊ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရမည့်အပိုင်းများ ပါဝင်သည့်အတွက် သူ့အပိုင်းနှင့်သူ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်သည့်မူဝါဒနှင့် စီမံကိန်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ဖြေလျှော့စီမံပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း ငွေကြေးအရင်းအနှီးနှင့် နည်းပညာရရှိရေး၊ စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့အရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရေးနှင့်ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံစီးပွားရေးတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမအဖွဲ့အစည်း အခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားကိုကြည့်လျှင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင် ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမအဖွဲ့အစည်း ၁ ဒသမ ၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင် ၇ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးတွင် အများဆုံးပါဝင်နေသည့်အတွက် ပုဂ္ဂလိကကဏ္ဍစွမ်းဆောင်ရည်မြင့်မားလာအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းသည် ပုဂ္ဂလိကကဏ္ဍအတွက် အနာဂတ် စွမ်းဆောင်ရည်ပြည့်ဝသော လူ့အရင်းအမြစ်များ တိုးပွားလာအောင် အားပေးမြှင့်တင်ရန်နှင့် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်သွားနိုင်ရန်ပင် ဖြစ်ပါကြောင်း။

ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖန်တီးရေးနှင့် မေခရိုစီးပွားရေးတိုးတက်ကောင်းမွန်ရန်၊ ကုန်ပစ္စည်းဈေးကွက်နှင့် ငွေကြေးအရင်းအနှီးဈေးကွက် ကောင်းမွန်စွာ လည်ပတ်ရေး လိုအပ်ခြင်းကြောင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို အလေးထား စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လက်ရှိ မြန်မာ့ကုန်ပစ္စည်းဈေးကွက်ကို လေ့လာသုံးသပ်လျှင် ကုန်သွယ်မှုတွင် တရားဝင်တင်သွင်းခွင့်ပေးထားပြီးဖြစ်သော ပစ္စည်းများကို မမှန်မကန် အကျိုးအမြတ်ရလိုမှုနှင့် အခွန်တိမ်းရှောင် မှောင်ခိုတင်သွင်းမှုများကြောင့် မှန်မှန်တန်တန် အခွန်ဆောင်တင်သွင်းသူများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့ဘဲ ဈေးကွက်ပျက်ပြားနေသည့် အခြေအနေများ၊ တင်သွင်းလာသော ကုန်ပစ္စည်း အရည်အသွေးမမှန်ကန်သဖြင့် စားသုံးသူပြည်သူ ကျန်းမာရေးထိခိုက်စေမည့် အန္တရာယ်များ ရှိနေခြင်းကြောင့် ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန်နှင့် အခွန်စနစ် ခေတ်မီတိုးတက်ရေးစီစဉ်နေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ၌လည်း စီးပွားရေးကျင့်ဝတ်နှင့် စည်းမျဉ်းဥပဒေ လေးစားလိုက်နာတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်မျိုးရှိလာအောင် စိတ်ထား (Mindset)များ ပြုပြင်ပြောင်းလဲရေးအတွက် ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင်မူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန် နှေးကွေးရခြင်း၏ အကြောင်းတစ်ရပ်သည် ဈေးကွက်ဖွံ့ဖြိုးမှုမရှိခြင်းပင် ဖြစ်ပါကြောင်း၊ အလားတူ ထုတ်လုပ်ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေမကိုက်ရသည့်အကြောင်းတစ်ရပ်သည် ကြားအဆင့်ဆင့်ကုန်ကျမှု (Transaction Cost)များနေမှုကြောင့် ဈေးကွက်ပေါက်ဈေးအတိုင်း ငွေကြေးရသင့်သလောက်မရသည့် အချက်ဖြစ်ပါကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ ထုတ်လုပ်မှုကွင်းဆက် အချိတ်အဆက်မိအောင် ကန်ထရိုက်ထုတ်လုပ်မှု၊ ပုံမှန်ရောင်းသူဝယ်သူ ချိတ်ဆက်မှုများတို့ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းနယ်ပယ် ဖြစ်နိုင်ခြေရှိသည့်ဇုန်များထူထောင်ပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရတာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလတွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာဆက်ဆံရေးတွင် သာမက စီးပွားရေးကဏ္ဍတို့ပါ တံခါးဖွင့်ပေးထားခဲ့ပြီးဖြစ်သော်လည်း မိမိတို့၏ ပုဂ္ဂလိကကဏ္ဍသည် ဤနှစ်နှစ်အတွင်းတွင် အားယူနေရဆဲအခြေအနေ၌ပင်ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အခြေအနေနှင့် မြန်မာ့အခြေအနေ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်မှုသည် ပုဂ္ဂလိကကဏ္ဍ အသင့်ဖြစ်မှုနှင့် ကြိုးစားအားထုတ်လုပ်ကိုင်နိုင်မှု စွမ်းဆောင်ရည်တို့ ပြန်လည်သုံးသပ်စီမံရန် တွန်းအားများဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ထိုတွန်းအားများမှာ ယခင် တံခါးပိတ်နေခဲ့ရာမှ တံခါးဖွင့်လိုက်သည့်အချိန်တွင် နိုင်ငံတကာကိုထွက်ပြီး ကူးလူးဆက်ဆံစီးပွားရှာနိုင်အောင် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော အရင်းအနှီးနှင့် နည်းပညာစီးဝင်လာရေးအတွက် နိုင်ငံတကာက ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံကုန်သွယ်မှုကို လက်ခံဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ပါကြောင်း။

ဒေသတွင်း၌လည်း အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များ ထိခိုက်မှုမရှိအောင်နှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ပြင်ဆင်ကြိုးပမ်းရမည့် အချိန်ကာလသည်လည်း နီးကပ်နေပြီဖြစ်ပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုရှိစဉ်က ထုတ်လုပ်တင်ပို့ရောင်းချခြင်းကို မြှင့်တင်နိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ စီးပွားရေးပိတ်ဆို့မှုများ အဆင့်လိုက်ရုပ်သိမ်းပေးနေပြီဖြစ်သဖြင့် ယင်းအခွင့်အရေးကို အကျိုးရှိစွာအသုံးပြုပြီး ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ချိတ်ဆက်တင်ပို့ရောင်းချနိုင်မှုရှိရေး အသင့်ရှိအောင် ပြင်ဆင်ဆောင်ရွက်ရန် အချိန်ရောက်နေပြီ ဖြစ်ပါကြောင်း။

၎င်းသို့ လျင်မြန်စွာပြောင်းလဲနေသော အခြေအနေအပေါ်တွင်

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကကဏ္ဍ မွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် စနစ်တကျစီမံ အားပေး မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေစဉ် တစ်ပြိုင်တည်းတွင် ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်မွံ့ဖြိုးရေး (Private Sector Development Reform)လုပ်ငန်းစဉ်ကို မိမိတို့အစိုးရ၏ စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ယူထားသော ဝန်ကြီးဌာနအသီးသီးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်ယူထားသော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအသီးသီးက စီမံပံ့ပိုးရမည့် လုပ်ငန်းများရှိသကဲ့သို့ အစိုးရဌာနများနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ပါဝင်သည့်အတွက် အစိုးရဌာနများက ကမကထပြုပြီး ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကညှိနှိုင်းဆွေးနွေးမှုများကို အဖြန်ဆောင်ရွက်ကြရန်နှင့် အားပေးမြှင့်တင် ဆောင်ရွက်မည့် အစီအမံများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။

စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်ကို မူဝါဒချမှတ်ရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ ယင်းအခြေခံမူဘောင်ထဲတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အလေးထားစီမံဆောင်ရွက်မည် ဖြစ်သည့်အတိုင်း ယခုဆိုလျှင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် မြစ်ပေါ်ရောက်ရှိအောင် အစိုးရယန္တရားပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ပြည်သူလူထုဗဟိုပြုအုပ်ချုပ်မှုစနစ်ကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း၊ ထိုသို့ ပြည်သူလူထုဗဟိုပြုသည့်မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရသည့် အကြောင်းအရင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာမျိုးစုံမှီတင်းနေထိုင်ကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာကိုင်တွယ်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများတလည်း ဥပဒေကိုလေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ လူအုပ်စုဖွဲ့ အကြမ်းဖက်မှုများနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများကိုလည်း ပြည်သူများက ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် ပြည်သူဘဝလုံခြုံမှုအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အဘက်ဘက်တွင် များစွာနောက်ကျကျန်နေပါကြောင်း၊ သို့သော်လည်း အချိန်မနှောင်းသေးပါကြောင်း၊ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရန်၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ မိမိတို့ကိုယ်တိုင်စည်းစည်းလုံးလုံးဖြင့် ကြိုးစားအလုပ်လုပ်ကြမှသာ အခြားနိုင်ငံများကို ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါကြောင်း၊ ပြင်းထန်သည့် စိတ်ဓာတ်အစွဲများကို ပဋိပက္ခဖြစ်မည့် နေရာများတွင် မသုံးဘဲ ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချမည်ဆိုလျှင် မိမိတို့အမြန်တိုးတက်မည်ဖြစ်ပါကြောင်း၊ မတော်လောဘရလိုသည့်စိတ်များ၊အချောင်ရလိုသည့်စိတ်များကို ဖျောက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံ့စွမ်းဆောင်ရည် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်းခံရသူများကလည်း မိမိတို့နယ်ပယ်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွင် စံနမူနာပြည်းဆောင်ကြရန်၊ မိမိတို့လုပ်ဖော်ကိုင်ဖက်များ တိုးပွားလာအောင်၊ စုပေါင်းလုပ်ဆောင်တတ်သည့်အလေ့အကျင့်များ ပွားများအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြပါစို့ဟုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဘာသာရေးအဖွဲ့အစည်းများမှ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများအား အတူးအစီအစဉ်ဖြင့် ချီးမြှင့်သော နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်လက်မှတ်ရရှိကြသည့် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏ်သာရ၊ ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာနမှူး ပါမောက္ခဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွား ရပ်ကွက်ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးတွဲဖက်အထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၂၆၃)ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် ဒဂုံမြို့နယ် သံတမန်လမ်း၊ အမှတ်(၂)ရှိ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းတို့နှင့်ပတ်သက်၍ ဆုချီးမြှင့်ရခြင်း အကြောင်းအရင်းများကို Video Clips ဖြင့် ရှင်းလင်းတင်ပြသည်။

တို့နောက် နိုင်ငံတော်သမ္မတက ဒေါက်တာ ဘဒ္ဒန္တဉာဏ်သာရ၊ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒနှင့် ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေး တွဲဖက်အတက်တန်းကျောင်းအတွက် ဘဒ္ဒန္တနာယကတို့အား နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်လက်မှတ်များ ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏ စွမ်းဆောင်ချက်များနှင့် စပ်လျဉ်း၍ အခမ်းအနားမှူးများက ဆုတစ်ခုချင်းအလိုက် အနှစ်ချုပ်ထုတ်နုတ်တင်ပြပြီး သက်ဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ၏ အမည်စာရင်းများကို ရှင်းလင်းချက်များနှင့်တကွ ကြေညာဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး တောင်သူလယ်သမားဆုအတွက် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာအုပ်စု ပဲနွတ်ကျေးရွာမှ ဦးသိန်းမြင့်၊ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှ ပင်လယ်ကိုးသွယ် ကုမ္ပဏီလီမိတက် ပိုင်ရှင် ဦးအောင်သန်းဦး၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလူပုဂ္ဂိုလ်ဆုအတွက် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် နောင်ကန်ကျေးရွာမှ ဦးကျမော့၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် တောမကျေးရွာမှ ဦးခင်မောင်ဝင်း၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းမှ ဦးလှသန်း၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုအတွက် လသာမြို့နယ် အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်အကောင်းဆုံးဆုအတွက် ဆတံဆိပ်(၅၂)ဆုရှင် မြားပစ်အားကစားမယ် မအောင်ငွေမိုး၊ အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆုအတွက် ဧရာဝတီတိုင်းဒေသကြီးမှ Golden Delta Co., Ltd. ပိုင်ရှင် ဦးချစ်ခိုင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် နေရှင်နယ် ဝုဒ်အင်ဒက်စတြီလီမိတက် ပိုင်ရှင် ဦးကျော်ဝင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆုအတွက် ကမ္ဘောဇဘဏ် လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံးအသေးစား စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် သဇင်နွယ်မိသားစုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်သန်းသန်းဆွေ၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် သံရည်ကျိုလုပ်ငန်းရှင် ဦးအေးဝင်း၊ အထူးအစီအစဉ်ဖြင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိကြသည့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ကိုယ်စား ဦးစိန်ဝင်းအောင်နှင့် မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်း ကိုယ်စား ဦးဒေါ်ညွန့်ညွန့်သိန်းတို့က လက်ခံရယူကြသည်။

စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး တောင်သူလယ်သမားဆုရရှိသည့် ဦးသိန်းမြင့်က "ကျွန်တော်က နှစ်ပေါင်း ၅၀ လယ်ယာလုပ်ငန်းလုပ်ခဲ့တဲ့သူပါ။ ကျွန်တော့်အသက် ၂၀ အရွယ်ကတည်းက လုပ်လာတာပါ။ ဒီနေ့ကျွန်တော်ရရှိတဲ့ နိုင်ငံတော်သမ္မတကြီးရဲ့စွမ်းဆောင်ရည်ဆုဟာ ရေးယခင်ကတည်းက ကြိုးစားခဲ့တဲ့အချက်က အဓိကဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်မြေဧက ၁၀၀၀ ကို ချုံနွယ်တွေ၊ သစ်ငုတ်တွေနဲ့ ကိုင်းတောကြီးဖြစ်နေတဲ့ အနေအထားကနေ သတ်မှတ်ကာလငါးနှစ်အတွင်းရှင်းလင်းပြီး စိုက်ပျိုးလုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသမှာ ကျန်တဲ့တောင်သူတွေကိုလည်း ကျွန်တော့်လို ကြိုးစားချင်လာအောင် စံပြ ဆောင်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆုအတွက် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း အားကစားစွမ်းဆောင်ရည်ဆုအတွက် မြန်မာနိုင်ငံ လေ့လှော်အားကစားအဖွဲ့ချုပ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနှင့်ဂျပန်၊ ဩစတြီးယားတက္ကသိုလ်များ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

ဂျပန်နိုင်ငံရှိတက္ကသိုလ်များနှင့် မြန်မာနိုင်ငံတက္ကသိုလ်များအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့် ဂျပန်နိုင်ငံ Federation for Japan- Myanmar Friendship, Tokyo Metropolitan Assembly အဖွဲ့ဝင် Mr. Albert L. Cobetto၊ Mr. Kaoru Watanabe တို့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အလားတူ ဇန်တောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားသံအမတ်ကြီး H.E. Dr. Johannes Peterlik နှင့် ဩစတြီးယားကုမ္ပဏီ Proximus Corporate Advisory မှ ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁၂ နာရီတွင် လာရောက်တွေ့ဆုံကြပြီး ဩစတြီးယားနိုင်ငံတက္ကသိုလ်များနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အဝေးသင်ပညာရေး၊ Tourism Management ဘာသာရပ် သင်ကြားရေးနှင့်ပညာသင်စေလွှတ်ရေးတို့စသည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းဆောင်းပါး

○ *ကျော့ဖုံးမှ*

အကောင်းဆုံးဆုကို ရွေးချယ်ရာမှာလည်း အမှတ်ပေးစည်းမျဉ်းပါ သတ်မှတ်ချက်များအပြင် ဝန်ထမ်းများ၏ လူမှုဖူလုံရေးဝင်ရောက်ထားရှိမှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုအကျိုးအမြတ်၊ အခွန်ပေးဆောင်မှု၊ ပြည်ပပို့ကုန်တန်ဖိုး အခြေအနေများပါကြည့်ရှု၍ စိစစ်ရွေးချယ်ခဲ့ပါသည်။ ထပ်ငံနီးမတန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်ထုပ်ခြင်းကြောင့် ထုပ်သားများ အရည်အသွေးတိုးတက်မှု၊ လုပ်ငန်းများတိုးချဲ့ လုပ်ကိုင်ထာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ အချိန်တိုအတွင်းထုတ်ကုန်များစွာ ထုတ်လုပ်ရောင်းချနိုင်ခြင်းတို့ကြောင့် ရွေးချယ်ခဲ့ရပါသည်။

ရွေးချယ်မခံရတဲ့လုပ်ငန်းတွေအနေနဲ့ အားနည်းချက်အချို့ရှိနေတဲ့အတွက် အကောင်းဆုံးဆုနဲ့ လွဲခဲ့ရမြင်းဖြစ်ပါတယ်။ ဒီအားနည်းချက်တွေကတော့ ကုန်ထုတ်ထုပ်မှုအခြေအနေတွင် သတ်မှတ်စက်စွမ်းအားအပြည့် ထုတ်လုပ်နိုင်မှုမရှိခြင်း၊ အရည်အသွေးစစ်ဆေးရေးကိရိယာများ အသုံးပြုမှုအားနည်းခြင်း၊ ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်နိုင်မှုအားနည်းခြင်း၊ ထုတ်လုပ်မှုနည်းစနစ်တစ်လျှောက် အရည်အသွေးစစ်ဆေးမှုအားနည်းခြင်း၊ ရောင်းချနိုင်မှုတွင် ဈေးကွက်ထိုးဖောက်နိုင်မှုတွင် ပြည်တွင်းဈေးကွက်သာရှိပြီး ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိခြင်း၊ အရောင်းမြှင့်တင်ရေးစီစဉ်ထားရှိမှုအားနည်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်မှုအားနည်းခြင်း၊ လူမှုစီးပွားစောင့်ရှောက်မှုနှင့် တာဝန်သိမှုရှိခြင်းတွင် လူမှုဖူလုံရေးထည့်ဝင်မှု အားနည်းခြင်း၊ လုပ်သားများ၏လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုအားနည်းမြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအားနည်းခြင်း၊ အခွန်ပေးဆောင်မှုအားနည်းခြင်း စသည်တို့ကြောင့် မရွေးချယ်ခံရခြင်းမြစ်ပါတယ်။

ထုတ်လုပ်ရောင်းချမှု အကောင်းဆုံးအသေးစားစီးပွားရေးလုပ်ငန်းရှင်ဆုရွေးချယ်ရတဲ့ရည်ရွယ်ချက်ကတော့ လုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည်မီတဲ့ ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်၊ ထုတ်လုပ်ရောင်းချနိုင်မှုပမာဏနှင့် အရည်အသွေးအား ထိန်းသိမ်းထားနိုင်စေရန်၊ ဈေးကွက်ထိုးဖောက်နိုင်မှုရှိစေရန်တို့ ဖြစ်ပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ မှတ်ပုံတင်ထားတဲ့ အသေးစား စက်မှုလုပ်ငန်းစုစုပေါင်း(၃၈၁၉) ခုရှိပါတယ်။ အသေးစားစက်မှုလုပ်ငန်းတွေအနက် ဧရာဝတီတိုင်းဒေသကြီးဟာ (၅၀၃၂)ခုနဲ့ အများဆုံးဖြစ်ပြီး ကယားပြည်နယ်ဟာ (၉၄)ခုနဲ့ အနည်းဆုံးဖြစ်ပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အကောင်းဆုံးတစ်ခုစီရွေးချယ်တင်ပြခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၂)ခုတို့မှ စုစုပေါင်းလုပ်ငန်း(၁၂)ခုကို ပဏာမရွေးချယ်ခဲ့ပါတယ်။ အဲဒီထဲကမှနောက်ဆုံး ဆန်ခါတင် သုံးဦးကို ထပ်မံစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကရင်၊ ချင်းနဲ့ ရခိုင်ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရိပါ။

ဆုအတွက်ရွေးချယ်ခဲ့တဲ့နည်းလမ်းတွေကတော့ ကုန်ထုတ်လုပ်မှုအခြေအနေအတွက် စုစုပေါင်း(၂၄)မှတ်၊ ရောင်းချနိုင်မှုနှင့်ဈေးကွက်ထိုးဖောက်နိုင်မှုရှိခြင်းအတွက် (၁၆)မှတ်၊ သတ်မှတ်ထားတဲ့ စည်းမျဉ်းနှင့်အည ဆောင်ရွက်မြင်းအတွက် အမှတ်(၄၀)၊ ထူမှုစီးပွားစောင့်ရှောက်မှုနှင့် တာဝန်သိမှုရှိခြင်းအတွက် အမှတ်(၂၀)၊ စုစုပေါင်းအမှတ်(၁၀၀)သတ်မှတ်ပြီး ပေးခဲ့ပါတယ်။ ဒါ့အပြင် ဝန်ထမ်းတွေရဲ့ လူမှုဖူလုံရေးဝင်ရောက်မှုအမြေအနေ၊ ကုန်ထုတ်လုပ်မှုအကျိုးအမြတ်ပမာဏ၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်နိုင်မှု၊ ပြည်ပပို့ကုန်တန်ဖိုးပမာဏတို့ကိုပါကြည့်ပြီး ကော်မတီအဖွဲ့ဝင်တွေက ကွင်းဆင်းစစ်ဆေးပြီး စိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

အကောင်းဆုံးဆုကို ရွေးချယ်ခဲ့ရတဲ့အချက်တွေကတော့ အမှတ်ပေးစည်းမျဉ်းပါ အချက်အထက်တွေကို အများဆုံးလိုက်နာခဲ့တဲ့အပြင် ဝန်ထမ်းတွေလူမှုဖူလုံရေးသို့ ပြည့်ဝစွာဝင်ရောက်ထားရှိခြင်း၊ အမြတ်ခွန်နှင့်ကုန်သွယ်ခွန်များအပြည်အဝထမ်းဆောင်ထားခြင်းနဲ့ ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ခြင်း၊ ထုတ်ကုန်ပစ္စည်းများ အထေအထူင့်မရှိအောင် ဆောင်ရွက်နိုင်ခဲ့မြင်းနဲ့ အလုပ်အကိုင်အခွင့်အထမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် အကောင်းဆုံးဆုကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

တချို့လုပ်ငန်းတွေဟာ ပြည်တွင်းဈေးကွက်မှာသာ ဖြန့်ဖြူးနိုင်ပြီး ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စီမံထုတ်လုပ်ထားမှုမရှိမြင်း၊ အရောင်းမြှင့်တင်ရေး စီစဉ်ဆောင်ရွက်မှုအားနည်းခြင်း၊ ထူမှုစီးပွားစောင့်ရှောက်မှုကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်မှုအားနည်းခြင်း၊ စက်ရုံအတွင်း အပြင် သန့်ရှင်းသာယာလှပအောင် စီစဉ်ဆောင်ရွက်မှုအားနည်းမြင်း၊ အရည်အသွေးစစ်ဆေးတဲ့အပိုင်းမှာ စက်ကိရိယာများ အသုံးပြုမှုမရှိဘဲ မျက်မြင်စစ်ဆေးမှုသာရှိခြင်း စသည်တို့ကြောင့် ရွေးချယ်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။

ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုရွေးချယ်ရတဲ့ ရည်ရွယ်ချက်ကတော့ လုပ်ငန်းရှင်များအနေမြင့် သတ်မှတ်ထားသော စံချိန်စံညွှန်းများပြင့် ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်မီသော ပစ္စည်းများထုတ်လုပ်နိုင်စေရန်၊ ထုတ်လုပ်ရောင်းချနိုင်မှုပမာဏနှင့် အရည်အသွေးအား ထိန်းသိမ်းထားနိုင်စေရန်၊ ဈေးကွက်ထိုးဖောက်နိုင်မှုရှိနိုင်စေရန်၊ သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ ထုတ်လုပ်ရောင်းချနိုင်မှုရှိစေရန် ဖြစ်ပါတယ်။

မြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အထတ်စားစက်မှုလုပ်ငန်းစုစုပေါင်း (၇၄၇၆)ခုရှိပါတယ်၊ အလတ်စားလုပ်ငန်းများအနက် မန္တလေးတိုင်းဒေသကြီးက (၂၀၂၂)ခုဖြင့် အများဆုံးဖြစ်ပြီး ချင်းပြည်နယ်ဟာ(၄)ခုဖြင့် အနည်းဆုံးဖြစ်ပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အကောင်းဆုံးတစ်ခုစီ ရွေးချယ်တင်ပြခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၂)ခုမှ စုစုပေါင်းလုပ်ငန်း(၁၂)ခုမှ စုစုပေါင်းလုပ်ငန်း(၁၂)ခုကို ရွေးချယ်ခဲ့ပါတယ်၊ ကရင်၊ ချင်း၊ ရခိုင်ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိပါဘူး။

ဆုရွေးချယ်တဲ့နေရာမှာ ကုန်ထုတ်လုပ်မှုအခြေအနေအတွက် စုစုပေါင်း(၂၄)မှတ်၊ ရောင်းချနိုင်မှုနှင့်ဈေးကွက်ထိုးဖောက်နိုင်မှုရှိခြင်းအတွက် (၁၆)မှတ်၊ သတ်မှတ်ထားသော စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခြင်းအတွက် အမှတ်(၄၀)၊ လူမှုစီးပွားစောင့်ရှောက်မှုနှင့်တာဝန်သိမှုရှိခြင်းအတွက် အမှတ်(၂၀)၊ စုစုပေါင်းအမှတ်(၁၀၀)ပေးခဲ့တဲ့အပြင် ဝန်ထမ်းများ၏လူမှုဖူလုံရေးဝင်ရောက်မှုအခြေအနေ၊ ကုန်ထုထ်လုပ်မှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုအကျိုးအမြတ်ပမာဏ၊ နိုင်ငံတော်သို့အခွန်ပေးဆောင်နိုင်မှု ပြည်ပပို့ကုန် တန်ဖိုးပမာဏတို့ကိုပါကြည့်ပြီး ကော်မတီအဖွဲ့ဝင်များအဖြစ် ကွင်းဆင်းစစ်ဆေးကာ စိစစ်ရွေးချယ်ခဲ့ပါတယ်။

အမှတ်ပေးစည်းမျဉ်းပါအချက်အလက်များအား အများဆုံးလိုက်နာခဲ့သည့်အဖြင် ဝန်ထမ်းများ လူမှုဖူလုံရေးသို့ မြည်ဝစွာဝင်ရောက်ထားရှိခြင်း၊ အဖြတ်ခွန်နှင့်ကုန်သွယ်ခွန်များအပြည်အဝထမ်းဆောင်ထားခြင်းနှင့် ဖြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ခြင်း၊ ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ခဲ့မြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် အကောင်းဆုံးဆုကို ရွေးချယ်ခဲ့ရခြင်းဖြစ်ပါတယ်။

တချို့စက်မှုလုပ်ငန်းတွေဟာ ပြည်တွင်းဈေးကွက်မှာသာ ဖြန့်ဖြူးနိုင်ပြီး ပြည်ပကိုတင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့ စီမံထုတ်လုပ်ထားမှုမရှိခြင်း၊ အရောင်းမြှင့်တင်ရေး စီစဉ်ဆောင်ရွက်မှုအားနည်းခြင်း၊ ထူမှုစီးပွားစောင့်ရှောက်မှုကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှုအားနည်းခြင်း၊ စက်ရုံအတွင်းအပြင် သန့်ရင်းသာယာလှပအောင်စီစဉ်ဆောင်ရွက်မှုအားနည်းခြင်း၊ အရည်အသွေး စစ်ဆေးသည့်အပိုင်းတွင် စက်ကိရိယာအသုံးပြုမှုမရှိဘဲ မျက်မြင်စစ်ဆေးမှုသာရှိခြင်းတို့ကြောင့် အကောင်းဆုံးဆုနဲ့လွဲချော်ခဲ့ရခြင်းဖြစ်ပါတယ်။

မြန်မာ့ လက်ရွေးစင် အားကစားသမားတွေအားလုံး အတွက်လည်း ဂုဏ်ယူဖွယ်စံပြုလောက်တဲ့သူမျိုးကို သူတို့ရရှိခဲ့တဲ့ ရွှေတံဆိပ်ဆုများ အပေါ်မူတည်ပြီး ရွေးချယ်ခဲ့ကြီဝါတယ်။

ဦးသောင်းထိုက်
ဒုတိယဝန်ကြီး၊
အားကစား
ဝန်ကြီးဌာန

ဦးသောင်းထိုက်
ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန

ကျွန်တော်တို့လုပ်ငန်းကော်မတီအနေနဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆုအတွက် အစည်းအဝေးတွေ အကြိမ်ကြိမ်ကျင်းပကာ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ရွေးချယ်တဲ့အခါမှာ အားကစားအောင်ခြင်မှုတွေနဲ့ နိုင်ငံတော်ရဲ့အားကစားဂုဏ်သိက္ခာကို နိုင်ငံတကာအထယ်မှာ မြင့်တက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သူ၊ မြန်မာ့ထက်ရွေးစင်အားကစားသမားတွေ အားလုံးအတွက်ထည်း ဂုဏ်ယူဖွယ်စံပြုထောက်တဲ့သူမျိုးကို သူတို့ရရှိခဲ့တဲ့ရွှေတံဆိပ်ဆုများအပေါ်မူတည်ပြီး ရွေးချယ်ခဲ့ကြပါတယ်။

အရှေ့တောင်အာရအဆင့်၊ အာရအဆင့်နဲ့ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွေမှာ ရရှိခဲ့တဲ့ဆုတံဆိပ်များအပေါ်မူတည်ပြီး စံထားစိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဦးကျော်ဝင်း
ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး တောင်သူလယ်သမားဆုရွေးချယ်နိုင်ဖို့အတွက် စည်းမျဉ်း(၁၃)ချက်နဲ့ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆုရွေးချယ်ဖိုစည်းမျဉ်း(၁၁)ချက်တို့ကို လုပ်ငန်းကော်မတီအနေနဲ့ ညှိနှိုင်းဆုံးဖြတ်သတ်မှတ်ခဲ့ပြီး ဒီစည်းမျဉ်းတွေနဲ့အညီ ဆုရရှိသူကို ရွေးချယ်ခဲ့ပါတယ်။

သီးနှံစုံစိုက်ပျိုးတဲ့တောင်သူတွေကတော့ သီးနှံစိုက်စွမ်းအား မြင့်မားတဲ့အတွက်အမှတ်ပိုမိုရရှိဝါတယ်။

ဦးကျော်ဝင်း
ညွှန်ကြားရေးမှူးချုပ်၊
စိုက်ပျိုးရေးဦးစီးဌာန

လယ်ယာစိုက်ပျိုးရေး ကဏ္ဍဆိုင်ရာ ဆုချီးမြှင့်ရေးအဖွဲ့အနေနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (၈)ဖွဲ့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက တင်ပြလာတဲ့ ပဏာမရွေးချယ်ခံရသူတွေရဲ့ထုပ်ငန်းခွင်တွေ အရောက်သွားရောက်စိစစ်ခဲ့ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များကလည်း ထပ်မံသွားရောက်စိစစ်ခြင်းဖြင့် အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ပါတယ်။

ကျွန်တော်တို့လုပ်ငန်း ကော်မတီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက ဝန်ကြီးတွေလည်းပါဝင်ပြီး အကောင်းဆုံး တောင်သူလယ်သမားဆုအတွက် ပဏာမရွေးချယ်ခံရသူ(၁၅)ဦးကို ဝိုင်းဝန်းစိစစ်ရွေးချယ်ပေးခဲ့ကြပါတယ်။ ပဏာမစာရင်းမှာ နှစ်ရည်သီးနှံဖြစ်တဲ့ ရော်ဘာနဲ့ဆီအုန်းစိုက်ပျိုးသူတွေထည်း ပါဝင်ပါတယ်။ ဒီသီးနှံတွေက နှစ်ရှည်သီးနှံတွေဖြစ်တဲ့အတွက် သီးနှံစိုက်စွမ်းအားထုတ်လုပ်ရာမှာ သီးနှံတစ်မျိုးတည်းအတွက်သာအမှတ်ရရှိပြီး သီးနှံစုံစိုက်ပျိုးတဲ့တောင်သူတွေကတော့ သီးနှံစိုက်စွမ်းအား မြင့်မားတဲ့အတွက် အမှတ်ပိုမိုရရှိပါတယ်။ ဒါ့အပြင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အကောင်အထည်ဖော်စိုက်ပျိုးနိုင်မှု၊ ပေါင်းစည်းလယ်ယာစိုက်ပျိုးနိုင်မှုတို့အပေါ် ပေးတဲ့အမှတ်မှာထည်း ကွာခြားသွားခဲ့ပါတယ်။ ဒါကြောင့် တချို့တောင်သူကြီးတွေဟာ သူတိုရဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်က အကောင်းဆုံးအဖြစ်တင်ပြလာကြပေမယ့်လည်း နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်တဲ့အခါမှာ ကျန်ရိခဲ့ရခြင်းဖြစ်ပါတယ်။

ဦးလင်းအောင်
ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆုရွေးချယ်ရာမှာ အကဲမြတ် အမှတ်ပေးစည်းမျဉ်းတွေနဲ့ စနစ်တကျစိစစ်ရွေးချယ်ခဲ့ပါတယ်။ ဒီအမှတ်ပေးစည်းမျဉ်းတွေထဲမှာ အဓိကကျတာကတော့ ၂၀၁၁-၂၀၁၂စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အပေါ်မှာ အကဲဖြတ်စိစစ်တာပါ။ နောက်တစ်ချက်ကတော့ တစ်မျိုးသားလုံးကျန်းမာရေးကိုထိခိုက်စေနိုင်တဲ့၊ အကျင့်စာရိတ္တပျက်ပြားမှုကိုဖြစ်ပေါ်စေနိုင်တဲ့ ကုန်စည်ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချတဲ့လုပ်ငန်းမဖြစ်ဖို့လိုပါတယ်။ နောက်ပြီး အမည်မည်းစာရင်းတင်သွင်းခံရခြင်းမှ ကင်းရင်းသူဖြစ်ရမှာမြစ်ပြီး အခွန်ကြွေးကျန်မရှိသူလည်းဖြစ်ရမှာဖြစ်ပါတယ်။

အခွန်တာဝန်ကို သယ်ပိုးထမ်းဆောင်ခြင်းဟာ နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့နဲ့ ပြည်သူတွေရဲ့လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့အခွန်ဘဏ္ဍာတာဝန်ထမ်းဆောင်သူများများ တိုးတက်ပေါ်ထွန်းလာစေဖို့အတွက် ရည်ရွယ်ပြီး ဒီဆုကိုရွေးချယ်ချီးမြှင့်ခြင်းမြစ်ပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဇံမြင့်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

မြို့မြေ/ကျေးရွာအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီအနေနဲ့ အစည်းအဝေးတွေခေါ်ယူပြီးတော့ ဆုရွေးချယ်ဖို့အတွက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ အမှတ်ပေးဇယားတွေရေးဆွဲပြီး အကောင်းဆုံးမြစ်အောင် စနစ်တကျစီမံဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းကော်မတီအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာဆု(၂)ဆုနဲ့ မွေးမြူရေးဆိုင်ရာဆု(၃)ဆု၊ ပေါင်းဆု(၅)ဆုကို ချီးမြှင့်ဖို့ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ဆုတစ်ဆုစ်အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့ကနေ အကောင်းဆုံးတစ်ဦးစီကို ရွေးချယ်တင်ပြခဲ့ကြပါတယ်။ ဒါကြောင့် စုစုပေါင်း(၁၅)ဦးထဲကနေ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူတစ်ဦးကို စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

ရွေးချယ်တဲ့နေရာမှာ စိုက်ပျိုးရေးကဏ္ဍမှာ အဖွဲ့(၈)ဖွဲ့၊ မွေးမြူရေးကဏ္ဍမှာ(၅)ဖွဲ့ ဖွဲ့စည်းပြီး ပဏာမရွေးချယ်ခံထားရသူတွေရဲ့ လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် တင်ပြလာတဲ့ အမြေအနေတွေနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေရဲ့ တင်ပြထာမှုတွေကို အကြိမ်ကြိမ်အခါခါ ပြန်လည်စိစစ်ပြီးမှ ဆုချီးမြှင့်ဖို့အတွက် ကော်မတီကို တင်ပြခဲ့ပါတယ်။

ဒေါက်တာပွင့်ဆန်း
ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

နိုင်ငံတစ်နိုင်ငံမှာ ပို့ကုန်တွေ များများတင်ပို့နိုင်မှ နိုင်ငံ့စီးပွားပိုမိုတိုးတက်ထာမှာဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေကို အားပေးတဲ့အနေနဲ့ အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်ဆုကို ရွေးချယ်ချီးမြှင့်ခဲ့တာမြစ်ပါတယ်။ ရွေးချယ်ရာမှာ ပို့ကုန်အများဆုံးတင်ပို့နိုင်တဲ့လုပ်ငန်းရှင်ကို ရွေးချယ်တာမဟုတ်ဘဲ အကောင်းဆုံးတင်ပို့နိုင်တဲ့လုပ်ငန်းရှင်ကိုပဲ ရွေးချယ်တာဖြစ်ပါတယ်။

ရွေးချယ်တဲ့နေရာမှာ ကိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ရွေးချယ်ပေးလိုက်တဲ့ လုပ်ငန်းရှင်(၁၂)ဦးထဲကနေ အကောင်းဆုံးလုပ်ငန်းရှင်တစ်ဦးကိုရွေးချယ်ခဲ့တာပါ။ ပို့ကုန်တွေကရရှိတဲ့ အကျိုးအမြတ်တွေကနေ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေအကျိုးပြုခဲ့သလဲ၊ စတင်ထုတ်လုပ်သည်မှ တင်ပို့သည်အထိ Supply Chain လုပ်ငန်းစဉ်မှာ ဘယ်လောက်ထိပါဝင်ဆောင်ရွက်နိုင်သလဲ၊ ပို့ကုန်အမျိုးအစားနယ်ပယ်မှာ ဘာတွေစွမ်းစွမ်းတမံဆောင်ရွက်ခဲ့သလဲ၊ ဒီပို့ကုန်ရရှိဖို့အတွက် ဘာတွေလုပ်ခဲ့သထဲ၊ ပို့ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းနယ်ပယ်ကြီးတစ်ခုလုံးနဲ့ မိတ်ဖက်နယ်ပယ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဘာတွေစွမ်းဆောင်ခဲ့သလဲ၊ ပို့ကုန်ကနေရရှိတဲ့အကျိုးအမြတ်ထဲကနေ အခွန်ဘဏ္ဍာကို တာဝန်ကျေထမ်းဆောင်မှုရှိသလား စတဲ့အချက်တွေကို အဓိကထားပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ မြည်နယ်အစိုးရအဖွဲ့တွေက ရွေးချယ်ပေးလိုက်တဲ့ လုပ်ငန်းရှင်တွေအားလုံးကတော့ သူ့ရဲ့နယ်ပယ်အသီးသီးမှာ အကောင်းဆုံးတွေလို့ ယူဆရပါတယ်။ ဒါပေမယ့် အကောင်းဆုံးတစ်ဦးကိုပဲ ရွေးချယ်ရတာဆိုတော့ စိစစ်တဲ့အခါမှာ ယှဉ်ပြိုင်ဘက်တွေအနေနဲ့ ဆုရတဲ့သူနဲ့ယှဉ်လိုက်ရင် ချို့ယွင်းမှုလေးတွေရှိနိုင်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ကဏ္ဍတစ်ခုမှာ သာသွားတာရှိသလို အခြားကဏ္ဍတစ်ခုမှာ အားနည်းသွားတာမျိုးတွေရှိပါတယ်။ ဒါကြောင့်ပါ။

ဒေါက်တာမြင့်သိန်း
ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍမှာ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍဟာ ရာနှုန်းပြည့်နီးပါးပါဝင်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးစနစ်နဲ့ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲမှုလုပ်တဲ့နေရာမှာ ယခုလို နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ပေးတာဟာ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးရာရောက်ပါတယ်။ ယခုလို ထိုက်ထိုက်တန်တန်အားပေးဂုဏ်ပြုတဲ့အတွက် လာမည်နှောင်နှစ်တွေမှာလည်း ပိုပြီးတိုးတက်အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ ပါဝင်လုပ်ကိုင်ရတဲ့အတွက်ကို ဂုဏ်ယူစွာနဲ့ကျွန်တော်တို့တာဝန်ရှိသူတွေကလည်း ပိုပြီးတက်ကျခိုင်မာစွာနဲ့ကြိုးစားလုပ်ကိုင်ကြရမယ်လို့ ခံယူပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်
လူမှုကော်မတီဥက္ကဋ္ဌ

လူမှုရေးဆိုင်ရာလုပ်ငန်းကော်မတီအနေနဲ့ ဆု(၃)ဆုရွေးချယ်ခဲ့ပြီး (၂)ဆုကိုတော့ ယခုအခမ်းအနားမှာ ပေးအပ်မှာဖြစ်ပြီး ကျန်(၁)ဆုဖြစ်တဲ့ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု (ဖောင်ဒေးရှင်းအပါအဝင်) (အဖွဲ့အစည်းဆိုင်ရာဆု)ကိုတော့ ၂၀၁၄ ခုနှစ်မှာ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်ရွေးချယ်ထားတဲ့ ဆု(၂)ခုကတော့ အများပြည်သူဘေးအန္တရာယ် ကျရောက်မှုအား သက်စွန့်ကြိုးပမ်း၊ ကယ်တင်စွမ်းဆောင်သူဆု(ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)နဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားအသင်းဆု(အဖွဲ့အစည်းဆိုင်ရာ)တို့ဖြစ်ပါတယ်။

နောက်ပြီး နိုင်ငံတော်သမ္မတကြီးရဲ့အထူးအစီအစဉ်ဖြင့် ချီးမြှင့်မှာကတော့ ဘာသာရေးအဖွဲ့အစည်းများမှ ပြည်သူတို့ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် စွမ်းဆောင်ခဲ့ကြတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို နိုင်ငံတော်သမ္မတက ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။

ဦးအောင်ကျော်မိုး
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

လူမှုရေးဆိုင်ရာလုပ်ငန်းကော်မတီအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေကို အဆိုပါဆုများအတွက် ပဏာမရွေးချယ်တင်ပြလာတဲ့ လူပုဂ္ဂိုလ်များကို လုပ်ငန်းကော်မတီက အဖွဲ့သုံးဖွဲ့ ခွဲပြီးကွင်းဆင်းခဲ့ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် ကော်မတီမှသတ်မှတ်ထားတဲ့ ဆုရွေးချယ်ရေးစည်းမျဉ်း၊ အမှတ်ပေးဇယားတို့နဲ့အညီ ရွေးချယ်ခဲ့ပါတယ်။

အမှတ်ပေးစည်းမျဉ်းတွေကတော့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေခြင်းနဲ့ ခြစ်မှုကင်းရှင်းသူဖြစ်ခြင်း၊ အသက်စွန့်လွှတ်ရခြင်းနဲ့ ထိခိုက်ဒဏ်ရာရခြင်း၊ ကျရောက်သည့် ဘေးအန္တရာယ်၏ပြင်းထန်မှုနဲ့အမျိုးအစား၊ အသက်ကယ်တင်နိုင်မှုနဲ့ စွန့်စားမှုအခြေအနေ စတဲ့(၄)ချက်အပေါ် အခြေခံပြီး ပေးမှတ် (၅၀) သတ်မှတ်ကာ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုကို ချီးမြှင့်ခြင်းဖြင့် ပြည်သူတွေရဲ့စိတ်ဓာတ်ပြင့်မားလာစေနိုင်ပါတယ်၊ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ ဖေးမကူညီရိုင်းပင်းလိုစိတ်များဖြစ်ပေါ်စေပြီး၊ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ဓာတ်များ နည်းပါးပျောက်ပျက်သွားစေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

နိုင်ငံတော်သမ္မတကြီး၏အထူးအစီအစဉ်ဖြင့် ချီးမြှင့်သည်ဆုကလည်း ပြည်သူတို့ရဲ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် စွမ်းဆောင်ခဲ့ကြတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ချီးမြှင့်မှာဖြစ်တဲ့အတွက် ချီးမြှင့်ခံရတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက သူတို့ရဲ့စွမ်းဆောင်ချက်များကို ဂုဏ်ယူဝမ်းမြောက်စေခဲ့ပြီး၊ အများကအတုယူဖွယ်၊ အားကျဖွယ်စံနမူနာများအဖြစ် မှတ်ယူနိုင်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

လူမျိုး ဘာသာမရွေးနှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးထူးခြားခြား စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့် ဆက်ကပ်ရခြင်းဖြစ်ပါတယ်။
ဦးစိုးဝင်း
ဒုတိယဝန်ကြီး
သာသနာရေး
ဝန်ကြီးဌာန

ဦးစိုးဝင်း
ဒုတိယဝန်ကြီး သာသနာရေးဝန်ကြီးဌာန

ပထမဦးဆုံး သီတဂူဆရာတော်ကြီး၏စွမ်းဆောင်မှုကို တင်ပြလိုပါတယ်။ သီတဂူဆရာတော်ကြီးအနေနဲ့ စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါနဆေးရုံကြီးကို ၁၉၉၀ ပြည့်နှစ်က တည်ထောင်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတဂူအာရောဂျဒါနဆေးရုံ (၈)ခုနှင့် သီတဂူစက္ခုဒါနဆေးရုံ (၁၆)ခုတို့ကို ဖွင့်လှစ်ဆောင်ရွက်ပြီး ရဟန်းရှင်လူပြည်သူများကို အယုတ်အလတ်အမြတ်မရွေး ဆေးဝါးကုသပေးလျက်ရှိပါတယ်။

ဒါ့အပြင် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ကျေးရွာပေါင်း ၁၅၀၀ရှိ ပြည်သူများအတွက် အဝတ်အထည်၊ အစားအစာ၊ သောက်ရေသန့်၊ ဆေးပစ္စည်းမျိုးစုံ၊ ဆောက်လုပ်ရေးပစ္စည်းများလှူဒါန်းခြင်း၊ မူလတန်းကျောင်း ၁၇ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်း ခြောက်ကျောင်းတို့အား အသစ်ဆောက်လုပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှုစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ရစ်သောင်းငါးထောင်ကျော်ဖြစ်ပါတယ်။

ဆရာတော်ကြီးရဲ့ ပညာရေးဒါနအနေဖြင့် ဆရာဝန် ၆၈ ဦး၊ သူနာပြုသားဖွားနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်သူ ၃၇ဦး၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၌ ပညာသင်ယူဆဲ ကျောင်းသား ကျောင်းသူ ၁၈ဦး၊ အခြေခံပညာ ကျောင်းအသီးသီး၌ ပညာ သင်ယူဆဲ ကျောင်းသား ကျောင်းသူ ၁၃ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအထွက် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိပါတယ်။

အဓိကအနေနဲ့ ဆရာတော်ကြီးဟာ နိုင်ငံအတွင်းဖြစ်ပေါ်လေ့ရှိသော မငြိမ်းချမ်းမှုများ၊ မငြိမ်သက်မှုများ ပဋိပက္ခဖြစ်ပွားမှုများအပေါ် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုရရှိရေးအတွက် ဖြည်သူလူထုများသို့ ဩဝါဒချီးမြှင့်ခြင်း၊ ငြိမ်းချမ်းရေးသဝဏ်လွှာများပေးပို့ထုတ်ပြန်ခြင်းတို့ကို အထူးအလေးထား ထူးထူးခြားခြား ဆောင်ရွက်ခဲ့ပါတယ်။

ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှစ၍ ယဉ်ကျေးလိမ္မာသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ခဲ့ရာ ယခုချိန်ထိ သင်တန်းသားပေါင်း တစ်သိန်းတစ်သောင်းကျော်ကို အခမဲ့သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ပါတယ်၊ ပညာရေးအထောက်အပံ့အနေဖြင့် သိန်းပေါင်းနှစ်ထောင့်လေးရာကျော်၊ ကျန်းမာရေးအထောက်အပံ့အနေဖြင့် ကျပ်သိန်းပေါင်း တစ်ထောင့်လေးရာကျော်၊ ရွှေဘို- မုံရွာ- မူးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် ကျပ်သိန်းပေါင်းတစ်ထောင်၊ ဒါ့အပြင် ရေဘေးဒုက္ခသည်များအတွက် အစားအသောက်နှင့်အသုံးအဆောင် ကျပ်သိန်းတစ်ထောင့်နှစ်ရာကျော်နှင့် မီးဘေးဒုက္ခသည်များအတွက် အစားအသောက်နှင့်အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။

နာဂစ်မုန်တိုင်းသင့်ဒေသများသို့လည်း ကျပ်သိန်း ၆၀၀၀ ကျော် ထောက်ပံ့လှူဒါန်းခဲ့ပြီး ကချင်ပြည်နယ်တွင် စစ်မှဲ့ငြိမ်းချမ်းရေးရရှိအောင် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဒုက္ခရောက်နေသူများအား နှစ်သိမ့်အားပေးခြင်း၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းခဲ့သည့်အပြင် မိတ္ထီလာအရေးကိစ္စတွင် နှစ်ဖက်လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုများရရှိစေရန်နှင့် ပဋိပက္ခများအဆုံးသတ်စေရန် ဘာသာပေါင်းစုံခေါင်းဆောင်များနှင့်အတူ သွားရောက်နှစ်သိမ့်အားပေးခဲ့သည့်အတွက် အခုလို ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ဆက်ကပ်ရခြင်း ဖြစ်ပါတယ်။

ဖောင်တော်ဦးဘုန်းတော်ကြီးသင် တွဲဖက်အထက်တန်းကျောင်းကို ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကျောင်းမှာ နိုင်ငံ့ဝန်ထမ်းများစွာကို မွေးထုတ်ပေးနိုင်ခြင်း၊ ပညာသင်စရိတ်နှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ပေးနိုင်ခဲ့ပြင်း၊ လူမျိုးဘာသာမရွေးနှင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးထူးခြားခြားစွမ်းဆောင်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ဆက်ကပ်ရခြင်း ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ မိမိတို့လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ခဲ့မှုကြောင့် ထိုက်တန်သည် အသိအမှတ်ပြုခြင်းကို ခံယူရခြင်းဖြစ်ရာ ယခုကဲ့သို့ ဆုများအသီးသီးရယူခဲ့ကြပြီး နောက်ပိုင်းတွင်လည်း ပိုမိုအားထုတ်ကြိုးစားသွားကြမည်သူများဖြစ်သည်ကို ကျွန်တော်တို့ယုံကြည်လက်ခံထားပြီးဖြစ်ပါသည်။

ဤသို့ဖြင့် ပြည်သူကပေးသည်အားများဖြင့် မိမိတို့၏သမိုင်းပေးတာဝန်များကို အစွမ်းကုန်မြှင့်တင်စွမ်းဆောင်ရင်း မြန်မာ့လူမှုစီးပွားလောကဖွံ့ဖြိုးဝေစည်ရေးကို ဝိုင်းကူတွန်းပေးရာ ရောက်စေမည်ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဖြစ်ပြီး ကောင်းမွန်သည် ပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေပြီဖြစ်ရာ အားသစ်များလောင်းကာ ရေ့ခရီးကို ဆက်လက်လျှောက်လှမ်းနိုင်တော့မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရင်း ပြည်သူများ၏ဆန္ဒများလည်း ပိုမိုပြည့်ဝလာနိုင်တော့မည်သာ ဖြစ်ပါတော့သည်။

ပြည်တွင်းသတင်း

တာဝန်ထမ်းဆောင်နေသည့် နဲရဲအုပ်တစ်ဦးထံမှ ခြောက်လုံးပြူးသေနတ် လုယက်သူ လူငယ်တစ်စုကိုဖမ်းဆီး

မော်လမြိုင် ဧပြီ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရေးကိုးကျေးရွာရှိ သင်္ကြန်ဖျော်ဖြေရေး မဏ္ဍပ်ရှေ့၌ (မြန်မာနှစ်ဆန်းကစ်ရက်) ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီက မဏ္ဍပ်ရှေ့တွင် ပျော်ရွှင်စွာကခုန်ကစား ကြသူများနှင့် မူးယစ်သောက်စားထား သော လူငယ်တစ်စုတို့ ခိုက်ရန်ဖြစ်ပွား စဉ် တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများကထိန်းသိမ်းရာ ထိန်းသိမ်း မှုကိုမနာခံဘဲ ရဲတပ်ဖွဲ့ဝင်များကို ပြန်လည်ထိုးကြိတ် ရိုက်နှက်ပြီး ဒုရဲအုပ်တစ်ဦးထံမှ ကျည်ဆန်ငါး တောင့်ပါ ခြောက်လုံးပြူးသေနတ်တစ် လက် လုယက်ဖြုတ်ယူသွားခဲ့သည်။

အဆိုပါ လူငယ်ကစ်စအား အမြန် ဆုံး ပြန်လည်ဖော်ထုတ်ဖမ်းဆီးရမိ ရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင် နှင့် မုဒုံမြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့ပေါ်ရှိ ရဲစခန်းမှူးများ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ အနီးကပ် ကြီးကြပ်မှုဖြင့် အခင်းဖြစ်ပွားပြီး နှစ်ရက်အတွင်း ကျိုက်မရောမြို့နယ် ခုနစ်ခွဲတောင် ပတ်ဝန်းကျင်ရှိခြံ အတွင်း၌ မြှုပ်နှံထားသော လုယက် သွားသည့် သေနတ်ကို ပြန်လည် သိမ်းဆည်းရမိခဲ့သည်။

ကုသထား

ထိုးကြိတ်ရိုက်နှက်ခံရသူ မော်လ မြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် မြင့်နိုင်၊ မော်လမြိုင် ဒိုင်းဝန်းကွင်း ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းဒုတိယ ရဲအုပ် စိုးမြင့်တို့ကို မွန်ပြည်နယ် အထွေထွေရောဂါကု ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသထား သည်။

ထိုးကြိတ်ရိုက်နှက်ပြီး ခါးမှာချိတ် ထားသည့် ခြောက်လုံးပြူးသေနတ်အား လုယက်သွားသူများဖြစ်သော ကျိုက် မရောမြို့နယ် တောင်ပေါ်မွန်စုကျေးရွာ နေ မောင်ကွန်ပလိုင်း (၁၀ နှစ်)၊ မောင်လင်းထွန်း (၁၈ နှစ်)တို့ အပါ အဝင် စုစုပေါင်း ၁၃ ဦးကို ၁၀ ရက် အတွင်း ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာ ဧပြီ ၂၇ ရက်တွင် အားလုံး ကို ဖမ်းဆီးရမိခဲ့ပြီး မုပ္ပန်ရဲတပ်ဖွဲ့စခန်း ကအမှုဖွင့်အရေးယူထားသည်။

အမှုနှင့်ပတ်သက်၍ ဖမ်းဆီးထား သော လူငယ်တစ်စုက မော်လမြိုင် မြို့နယ်တရားရုံးတွင် အမှုနှင့်ပတ်သက် သော အချက်အလက်များကို ဖြောင့် ချက်များ ပေးထားသည်။ အမှုကို မေ လပထမပတ်အတွင်း မြို့နယ်တရားရုံး သို့ တရားစွဲဆိုတင်ပို့မည်ဖြစ်ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

လှိုင်ကော် လောပိတ(၄)မိုင်စံပြရွာ၌ လေပြင်းတိုက်ပြီး မိုးသီးများကြွေ

လှိုင်ကော် ဧပြီ ၃၀

လှိုင်ကော်မြို့နယ် လောပိတ (၄) မိုင် စံပြရွာ၌ ဧပြီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက တစ်နာရီခန့် မိုးသက် လေပြင်းကျရောက်ပြီး တစ်လက်မခန့် ရှိ မိုးသီးများကြွေကျခဲ့သည်။

ပြိုကျပျက်စီး

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ (၄)မိုင် စံပြရွာအနီးတွင် လောပိတ အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံမှ မိုးဗြဲသို့ သွယ်တန်းထားသည် 33 KV ဓာတ်အားလိုင်းဓာတ်တိုင် ၁၆ တိုင် ထက်ပိုင်းကျိုးပြတ်သွားသည်။ ထို့နည်းတူ (၄)မိုင်စံပြရွာရှိ လူနေအိမ် တစ်လုံး ပြိုကျပျက်စီးသွားပြီး ရှစ်လုံး မှာ အိမ်မိုးခေါင်မိုးများ လေနောက် လွင့်ပါ ပြိုကျပျက်စီးသွားသည်။

မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်စက်ရုံသို့သွယ်တန်းထားသော 11 KV ဓာတ်အားလိုင်းမှာ ထိခိုက် ပျက်စီးမှုအနည်းငယ်ရှိခဲ့ပြီး လုံခြုံရေး ရဲကင်းမှာလည်း အမိုးများပျက်စီးသွား ခဲ့သည်။

ယင်းဓာတ်အားလိုင်းနှင့် ဓာတ် တိုင်များ ပြန်လည်ကောင်းမွန်ရေး၊ အချိန်မီပြီးစီးရေးကို ပြည်နယ်လျှပ်စစ် မန်နေဂျာ ဦးမြင့်အောင်ကျော်နှင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများက ဆောင်ရွက်နေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိသားစုဘုရားဖူးယာဉ် တံတားပေါင်ကိုဝင်ရောက်တိုက်မိ

မော်လမြိုင် ဧပြီ ၃၀

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း ဇင်းကျိုက်နှင့် ဖလပ်ကျေးရွာကြား တံတားအမှတ် ၄/၁၆၈ ၌ ဧပြီ ၂၄ ရက် နံနက် ၄ နာရီက သထုံဘက်မှ ကိုဇော် (၄၂ နှစ်) မောင်းနှင်ပြီး လေးဦး စီးနင်းလိုက်ပါလာသည့် စုပါကာစတန်ယာဉ်သည် တံတား၏ ယာဘက်တံတားပေါင်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ဦးထွန်းထွန်းဝင်းနှင့် ဒေါ်တင်လှတို့တွင် နာကျင်ဒဏ်ရာများ၊ မစုပြည့်တွင် ပေါင်ကျိုးဒဏ်ရာများ ရရှိသဖြင့် ပေါင်မြို့ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားရာမှ ရန်ကုန်ဆေးရုံသို့ ပြောင်းရွှေ့ပို့ဆောင် ကုသခဲ့ကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

ဦးစိုင်းရွက် ၁၃/ကတန(နိုင်)၀၈၄၃၁၄၊ ဒေါ်နန်းအိရှုန် ၁၃/ကတန(နိုင်)၀၀၇၃၃၅နှင့် ဒေါ်နန်းကွယ်ဖောင်း ၁၃/ကတန(နိုင်)၀၀၂၆၅၂ တို့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မဒေါ်နန်းစံဟွမ် ၁၃/ကတန(နိုင်)၀၀၀၆၄၂က ကျွန်မ၏မောင်အရင်း ဦးစိုင်းရွက် ၁၃/ကတန(နိုင်)၀၈၄၃၁၄၊ အစ်မအရင်း ဒေါ်နန်းအိရှုန် ၁၃/ကတန(နိုင်)၀၀၇၃၃၅နှင့် ညီမအရင်း ဒေါ်နန်းကွယ်ဖောင်း ၁၃/ကတန(နိုင်)၀၀၂၆၅၂တို့နှင့်အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မ၏မောင်အရင်း ဦးစိုင်းရွက်သည် ကျွန်မက ကျွန်မ၏ခင်ပွန်း ဦးစိုင်းနွမ်းနှင့် အိမ်ထောင်ကျပြီးနောက် ၁၉၉၈ခုနှစ်မှစ၍ ကျွန်မတို့ ဇနီးမောင်နှံနှင့် အတူနေထိုင်ခဲ့ပြီး ကျွန်မတို့မှဦးစိုင်းရွက်အရွယ်ရောက်သည်အထိ ကြည့်ရှုစောင့်ရှောက် ကျွေးမွေးထောက်ပံ့ခဲ့ပါသည်။ ဦးစိုင်းရွက် မူဆယ်မြို့နှင့် မြဝတီမြို့များသို့ သွားရောက်၍ အရောင်းအဝယ်လုပ်ရာတွင် လိုအပ်သောငွေများအားလုံးကို အစ်မဖြစ်သူကျွန်မမှ စိုက်ထုတ်ပေး ခဲ့ပါသည်။ ထိုသို့ လုပ်ကိုင်ရာတွင် ဦးစိုင်းရွက်ပြဿနာအမျိုးမျိုးဖြင့် အရှုံးပေါ်သဖြင့် အစ်မဖြစ်သူ ကျွန်မက ငွေကြေးများစွာအကုန်အကျခံပြီး အစစအရာရာလိုက်လံဖြေရှင်း၍ ဦးစိုင်းရွက်အား ရန်ကုန်မြို့သို့ ၁၃-၁၀-၂၀၀၄ခုနှစ်တွင် ပြန်လည်ခေါ်ယူခဲ့ပြီး အမှတ် ၇၀၁၊ ရွှေဂုံပလာဇာ၊ ရွှေဂုံတိုင်၊ [illegible] ကျွန်မပိုင်နေအိမ်တွင် နေထိုင်စေခဲ့ပါသည်။ ထိုသို့ ရန်ကုန်မြို့သို့ရောက်ရှိပြီးနောက်ပိုင်းတွင်လည်း ကျွန်မက အစဉ် တစိုက်ကြည့်ရှုထောက်ပံ့ခဲ့ပြီး ဦးစိုင်းရွက်ကိုယ်တိုင် ရေးမှတ်ထားသည်စာရင်းဇယား မှတ်တမ်းများရှိပြီး ဖြစ်ပါသည်။ ဦးစိုင်းရွက်သည် အစ်မ ဖြစ်သူ ကျွန်မထံမှ လုပ်ငန်းလုပ်ရန်အတွက်ငွေများကို အောက်ပါအတိုင်းရယူခဲ့ပါသည်။

(၁)	ခနောက်စိမ်းလုပ်ငန်းလုပ်ရန်အတွက် ဦးစိုင်းရွက်နှင့်ဒေါ်နန်းကွယ်ဖောင်းတို့ ယူသုံးငွေ	၂၇၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ထောင့်ခုနစ်ရာတိတိ)
(၂)	၁၃-၁-၂၀၁၁ ရက်တွင် မြေကြီးကားလုပ်ငန်းစတင်လုပ်ကိုင်ရန်အတွက် ဦးစိုင်းရွက်ကိုယ်တိုင်ယူသုံးငွေ	၅၀၀၀၀၀၀၀/- (ကျပ်သိန်းငါးရာတိတိ)
(၃)	၂-၂-၂၀၁၁ ရက်တွင် ဦးစိုင်းရွက်ယူသုံးငွေ	၁၀၀၀၀၀၀/-(ကျပ်ဆယ်သိန်းတိတိ)
(၄)	၂၀-၁-၂၀၁၂ရက်တွင် ယခုလက်ရှိဦးစိုင်းရွက်၊ ဒေါ်နန်းအိရှုန်နှင့် ဒေါ်နန်းကွယ်ဖောင်းတို့ သုံးဦးနေထိုင်လျက်ရှိသည် အိမ်အမှတ်(၈)၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်ကို ဒေါ်နန်းစံဟွမ်က ငွေစိုက်ထုတ်၍ စရန်ငွေကျပ်သိန်း ၁၀၀၀ ပေးချေဝယ်ယူရာတွင် ယူသုံးငွေ (ရိုးမဘဏ်ချက်လက်မှတ် အမှတ်-အိုင် ၁၄၀၂၇၄ဖြင့် သိန်း ၈၅၀နှင့် ဦးစိုင်းရွက်ကိုယ်တိုင်လာယူငွေ သိန်း ၁၅၀)	၁၀၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)
(၅)	၂၀-၂-၂၀၁၂ရက်တွင် နေပြည်တော်(ဟိုတယ်)ရေပိုက်သွယ်တန်းပေးရန် အတွက် မြန်မာ့ရှေ့ဆောင်ဘဏ် ချက်လက်မှတ်အမှတ်-၀၂၅၉၉၈၅ဖြင့်ယူသုံးငွေ	၉၄၅၀၀၀၀/- (ကျပ်ကိုးဆယ့်လေးသိန်းငါးသောင်းတိတိ)
(၆)	၂၈-၃-၂၀၁၂ရက်တွင် စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီ ၂၀၁၁-၂၀၁၂ သက်တမ်းတိုးရန်အတွက် ယူသုံးငွေ	၇၀၀၀၀၀/- (ကျပ်ခုနစ်သိန်းတိတိ)
(၇)	၃၀-၃-၂၀၁၂ရက်တွင် ဦးစိုင်းရွက်က အခြားသူများတံမှရယူထားသောငွေများ အပေါ်ပေးရန်ရှိအတိုးငွေကို ငွေရင်ကလာရောက်ထုတ်ယူငွေ	၂၃၅၀၀၀၀/- (ကျပ်နှစ်ဆယ့်သုံးသိန်းငါးသောင်းတိတိ)
(၈)	၇-၅-၂၀၁၂ရက်တွင် နေပြည်တော်(ဟိုတယ်)ရေပိုက်သွယ်တန်းရန်အတွက် ယူသုံးငွေ	၉၄၅၀၀၀၀/- (ကျပ်ကိုးဆယ့်လေးသိန်းငါးသောင်းတိတိ)
(၉)	၁၀-၅-၂၀၁၂ရက်တွင် ဦးစိုင်းရွက်ကိုယ်တိုင်ယူသုံးငွေ	၁၀၀၀၀၀၀/- (ကျပ်ဆယ်သိန်းတိတိ)
(၁၀)	၁၄-၅-၂၀၁၂ရက်တွင် ဦးစိုင်းရွက်ယူသုံးငွေ	၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)
(၁၁)	၁၅-၆-၂၀၁၂ရက်တွင် ဖားကန့်မှ မေတ္တာဆည်အထိ ယာဉ်ယန္တရားများ ရွှေ့ပြောင်းရန်အတွက် ဦးစိုင်းရွက်က စိုင်းဆိုက်နှင့် စိုင်းလုံးကျော်တို့နှင့်အတူ လာရောက် ယူသုံးငွေ	၂၀၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ရာတိတိ)
(၁၂)	၂၉-၆-၂၀၁၂ရက်တွင် ဦးစိုင်းရွက်၏ အင်းစိန်လမ်းမနှင့် သုခလမ်းထောင့် ဖြေကွက်ကိစ္စအတွက် ဦးစိုင်းရွက်၏ရှေ့နေယူသုံးငွေ	၃၀၀၀၀၀/- (ကျပ်သုံးသိန်းတိတိ)
	စုစုပေါင်းယူသုံးငွေ	**၄၇၄၂၅၀၀၀၀/- (ကျပ်သိန်းလေးထောင့်ခုနစ်ရာလေးဆယ့် နှစ်သိန်းငါးသောင်းတိတိ)**

အထက်ဖော်ပြပါအတိုင်း ရယူသုံးစွဲထားသော မြန်မာကျပ်ငွေ ၄၇၄၂၅၀၀၀၀/-(ကျပ်သိန်းလေးထောင့်ခုနစ်ရာလေးဆယ့်နှစ်သိန်း ငါးသောင်းတိတိ)ကို ဤကြေညာချက်ပါသည့်ရက်မှ တစ်လအတွင်း ဦးစိုင်းရွက်နှင့် ဒေါ်နန်းကွယ်ဖောင်းတို့သည် အစ်မ ဒေါ်နန်းစံဟွမ်တံသို့ တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။

ကျွန်မ၏အစ်မအရင်းဖြစ်သူ ဒေါ်နန်းအိရှုန် ဒုတိယအိမ်ထောင်မကျခင် ၂၀၀၀ခုနှစ်မှ ၂၀၁၁ခုနှစ်ထိ ကျွန်မ ဒေါ်နန်းစံဟွမ်သည် အစ်မ ဖြစ်သူ ဒေါ်နန်းအိရှုန် အဝတ်အထည်ရောင်းသည်လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် တာချီလိတ်မြို့၊ တာလော့ဈေးတွင် ကျွန်မ၏ ငွေကြေးဖြင့် ဆိုင်ခန်းငှားရမ်းပေးပြီး အဝတ်အထည်များဝယ်ယူရန် ကျွန်မမှအရင်းအနှီးအားလုံး စိုက်ထုတ်ပေးခဲ့ပါသည်။ အထည်လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း အရင်းအနှီးငွေများ လိုအပ်လျှင်လိုအပ်သလို ကျွန်မမှ စိုက်ထုတ်ပေးခဲ့ပါသည်။ ထိုကဲ့သို့အစ်မဖြစ်သူ ဒေါ်နန်းအိရှုန် အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် အတွက် လိုလေသေးမရှိ ကျွန်မမှဆောင်ရွက်ပေးခဲ့ပါသည်။ သို့သော် ဒေါ်နန်းအိရှုန်သည် ကျွန်မစိုက်ထုတ်ရင်းနှီးခဲ့ရသည် ငွေများအားလုံးကို ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ထိုငွေများဖြင့် ရန်ကုန်တွင်သဲကားများဝယ်၍ လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ အစ်မဖြစ်သူဒေါ်နန်းအိရှုန်သည် ၂၀၁၁ခုနှစ်တွင် ဒုတိယအိမ်ထောင်ကျပြီး(၆)လအကြာ ၄င်းခင်ပွန်းဖြစ်သူ၏နှိပ်စက်ညှဉ်းပန်းမှုကိုမခံနိုင်၍ ကျွန်မကိုလာရောက်ခေါ်ယူရန်ပြော သောကြောင့် ကျွန်မမှ အစစအရာရာငွေကြေးအကုန်ကျခံကာ ရန်ကုန်မြို့သို့ပြန်လည်ခေါ်ယူခဲ့ရပါသည်။ ထိုကဲ့သို့ ကျွန်မ ဒေါ်နန်းစံဟွမ်က အစ်မကြီးဖြစ်သူ ဒေါ်နန်းအိရှုန်အတွက် စိုက်ထုတ်ရင်းနှီးပေးခဲ့ရသောငွေများအားလုံးနှင့် ကုန်ကျစရိတ်အဝဝတို့ကို မေတ္တာကရုဏာရှေ့ထား၍ ပြန်လည်တောင်းခံလိုခြင်းမရှိတော့သဖြင့် ပြန်လည်၍မတောင်းခံတော့ပါ။ သို့သော်ကျွန်မလက်ရှိနေထိုင်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဝေဇယန္တာရပ်ကွက်၊ ရိပ်သာ ၁ လမ်း၊ အမှတ် ၁၅၄ နေအိမ်ဥပစာကို ကျွန်မ၏ငွေကြေးဖြင့်ဝယ်ယူခဲ့ပြီး ကျွန်မသည်စီးပွားရေး လုပ်ငန်းများဖြင့် အားလပ်မှုမရှိသောကြောင့် မောင်အရင်းဖြစ်သူ ဦးစိုင်းရွက်နှင့် အစ်မအရင်းဖြစ်သူဒေါ်နန်းအိရှုန်တို့ကိုယုံကြည်သဖြင့် ဦးစိုင်းရွက် အမည်ခံကာဝယ်ယူခဲ့ပြီး ဒေါ်နန်းအိရှုန်အမည်ခံကာ မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဒေါ်နန်းအိရှုန် အမည်ဖြင့်ပင် ဂရန်အမည်ပြောင်းလဲခဲ့ကြောင်း မိခင်အပါအဝင် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမအားလုံးသိရှိပါသည်။ သို့ဖြစ်၍ ကျွန်မ၏ငွေကြေးဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထား ရှိသည်နေအိမ်ဥပစာ၏ မြေငှားဂရန်တွင် အမည်ခံဖြစ်သူ အစ်မ ဒေါ်နန်းအိရှုန် အမည်မှ ကျွန်မဒေါ်နန်းစံဟွမ်အမည်သို့ ဤကြေညာချက်ပါသည်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြောင်းလဲပေးရန် အစ်မဒေါ်နန်းအိရှုန်အား တောင်းဆိုလိုက်ပါသည်။

ကျွန်မ၏ညီမအရင်းဖြစ်သူ ဒေါ်နန်းကွယ်ဖောင်းနှင့် မိသားစုသည် မန္တလေးရတနာပုံဈေးတွင် ဆိုင်ခန်းဖွင့်လှစ်လုပ်ကိုင်နေစဉ် ရတနာပုံ ဈေးမီးလောင်သည်အချိန်တွင် မိခင်နှင့် ဆွေမျိုးသားချင်းများအားလုံးသည် မန္တလေးမြို့သို့သွားရောက်ပြီး ဒေါ်နန်းကွယ်ဖောင်းကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။ အဆိုပါရတနာပုံဈေးမီးမလောင်မီကပင် ဒေါ်နန်းကွယ်ဖောင်းတို့သည် ကျွန်မ၏ယောက္ခမ ဒေါ်နန်းရွက်အမည်ပေါက် ပိုင်ဆိုင်သည် အမှတ် ၁၂၀၊ ၇၃ လမ်း၊ ၂၉ လမ်းနှင့်လမ်း၃၀ကြားနေအိမ်တွင် ၄င်းလုပ်ကိုင်သည်လုပ်ငန်းမှ ပစ္စည်းတချို့တစ်ဝက်ကိုထားပြီး ဝင်ထွက်သွားလာမှုရှိပါသည်။ မန္တလေးရတနာပုံဈေး မီးလောင်သွားသောကြောင့် ညီမဖြစ်သူ ဒေါ်နန်းကွယ်ဖောင်းလုပ်ငန်းများ ဆုံးရှုံးသွားသဖြင့် ဒေါ်နန်းကွယ်ဖောင်း၊ မိခင်နှင့်ဆွေမျိုးသားချင်းများက ဒေါ်နန်းကွယ်ဖောင်းအား ကျွန်မယောက္ခမပိုင်ဆိုင်သည်အမှတ် ၁၂၀၊ ၇၃ လမ်းနေအိမ်တွင် ခေတ္တခဏပေးနေရန် ပိုင်းဝန်းပြောဆိုမေတ္တာရပ်ခံသဖြင့် ကျွန်မဒေါ်နန်းစံဟွမ်သည် ညီမဒေါ်နန်းကွယ်ဖောင်းအား ခေတ္တခဏနေခွင့်ပြုပါရန် ကျွန်မယောက္ခမထံ အသနားခံခွင့်တောင်းခဲ့ရာ ကျွန်မယောက္ခမက အဆိုပါနေအိမ်တွင် ညီမဒေါ်နန်းကွယ်ဖောင်းအား ခေတ္တခဏနေခွင့်ပြုခဲ့ပါသည်။ ခွင့်ပြုချက်ရရှိပြီးနောက် ဒေါ်နန်းကွယ်ဖောင်းတို့မိသားစု ကောင်းမွန်စွာနေထိုင်နိုင်ရန်အတွက် ကျွန်မမှသိန်း ၆၅၀ အကုန်အကျခံ၍ အဆိုပါနေအိမ် အားပြန်လည်ပြင်ဆင်ပေးခဲ့ပါသည်။ ထိုကဲ့သို့ဒေါ်နန်းကွယ်ဖောင်းတို့မိသားစု အဆိုပါနေအိမ်တွင်နေထိုင်နေစဉ် လျှပ်စစ်ပစ္စည်းဆိုင်ဖွင့်လှစ် လုပ်ကိုင်လိုကြောင်း ဒေါ်နန်းကွယ်ဖောင်းမှ ကျွန်မအားပြောကြားခဲ့ပါသည်။ ထို့ကြောင့်ကျွန်မနှင့် ကျွန်မ၏ခင်ပွန်း ဦးစိုင်းနွမ်းတို့သည် ညီမဖြစ်သူ အဆင်ပြေစေရန်အတွက် မီးကြိုးများထို ဗီယက်နမ်နိုင်ငံမှလည်းကောင်း၊ မီးချောင်း၊ မီးဆိုင်း၊ မီးဝိုင်းစသည်ပစ္စည်းများထို တရုတ်နိုင်ငံမှလည်းကောင်း၊ တမင်းပေါင်းအိုး၊ ရေနွေးအိုးစသည်လျှပ်စစ်ပစ္စည်းများကို ထိုင်းနိုင်ငံမှလည်းကောင်း ကျွန်မတို့ငွေကြေးဖြင့် ဝယ်ယူကာ အဆိုပါအမှတ်-၁၂၀၊ ၇၃လမ်းနေအိမ်တွင်ပင် လျှပ်စစ်ပစ္စည်းဆိုင် ဖွင့်လှစ်ရောင်းချစေခဲ့ပါသည်။ သို့ရာတွင် ဒေါ်နန်းကွယ်ဖောင်းတို့မိသားစု အဆိုပါနေအိမ်တွင် နေထိုင်လုပ်ကိုင်နေသည် ခြောက်နှစ်တာကာလအတွင်း ဒေါ်နန်းကွယ်ဖောင်းမှ ကျွန်မထံ အဆိုပါဆိုင်နှင့်ပတ်သက်၍ စာရင်းရှင်းလင်းပေးခဲ့ခြင်းလုံးဝ မရှိသည်အပြင် ကျွန်မ၏ရင်းနှီးငွေများအားလုံးကိုလည်း လုံးဝပြန်ပေးခဲ့ခြင်းမရှိပါ။ အဆိုပါနေအိမ်တွင် ဒေါ်နန်းကွယ်ဖောင်းတို့မိသားစု နေထိုင်နေစဉ် မထင်မှတ်ဘဲ ဒေါ်နန်းကွယ်ဖောင်း၏ခင်ပွန်း ထောင်ကျခဲ့ပြီး ၄င်းတို့ပိုင်ကားပါသိမ်းဆည်းခံခဲ့ရသည်အပြင် မိုးရာသီလည်းဖြစ်သောကြောင့် ၄င်း၏သားသမီးများ ကျောင်းအကြုံအပို့လုပ်ရန် ကားလိုအပ်သဖြင့် ကျွန်မပိုင် မစ်စူဘီရှီအပြာရောင်ကားအမှတ်-၁ခ/၉၈၂၀ကားအား ၄င်းတို့ထံ ခေတ္တခဏပေးအပ် အသုံးပြုခွင့်ပေးရန်နှင့် ၄င်းတို့ပိုင်ကားပြန်လည်ရရှိပါက ကျွန်မ၏ကားအား ကျွန်မထံပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း မေတ္တာ ရပ်ခံတောင်းဆိုသဖြင့် ကျွန်မလည်း ကျွန်မ၏ခင်ပွန်းထံခွင့်တောင်း၍ ညီမဒေါ်နန်းကွယ်ဖောင်း၏ ဒုက္ခများပြေလည်စေရန်နှင့် စိတ်ချမ်းသာစေရန် အတွက် ကျွန်မပိုင် မစ်စူဘီရှီအပြာရောင်ကားအမှတ်-၁ခ/၉၈၂၀ ကားအား မန္တလေးသို့ပေးပို့၍ ခေတ္တခဏသုံးခွင့်ပြုခဲ့ပါသည်။ ယခုအခါ ဒေါ်နန်းကွယ်ဖောင်းတို့သည် ကျွန်မယောက္ခမပိုင်ဆိုင်သည် အမှတ် ၁၂၀၊ ၇၃လမ်းနေအိမ်မှ ဆင်းသွားပြီး ကျွန်မခေတ္တခဏသုံးခွင့်ပြုခဲ့သော ကျွန်မပိုင်ကားအား ကျွန်မထံ ပြန်မအပ်ဘဲ ယခုအချိန်အထိ ဆက်လက်သုံးစွဲလျက်ရှိပါသည်။ ထို့ပြင် အဆိုပါအိမ်၌ ဖွင့်လှစ်လုပ်ကိုင်နေသည် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်နှင့်ပတ်သက်၍ စာရင်းရှင်းလင်းခြင်းလုံးဝမရှိဘဲ ရောင်းမရသည့်လျှပ်စစ်ပစ္စည်းအချို့သာကျန်ရစ်ခဲ့ပါသည်။ အထက်ပါကိစ္စရပ်များအားလုံးကို မိခင်အပါအဝင် ဆွေမျိုးသားချင်းများအားလုံးအသိပင်ဖြစ်ပါသည်။ ဒေါ်နန်းကွယ်ဖောင်းတို့မိသားစု ကျွန်မယောက္ခမပိုင် အမှတ် ၁၂၀၊ ၇၃လမ်းနေအိမ်တွင် နေထိုင်ခဲ့သည် ခြောက်နှစ်တာကာလအတွင်း ဒေါ်နန်းကွယ်ဖောင်းတို့ မိသားစုထံမှ အခကြေးငွေတစ်ပြားတစ်ချပ်မျှမယူဘဲ မောင်နှမချင်းမေတ္တာကရုဏာရှေ့ထား၍ နေစေခဲ့ခြင်းဖြစ်ကြောင်း မိခင်အပါအဝင် ဆွေမျိုးသားချင်းများ အားလုံးအသိပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ဒေါ်နန်းကွယ်ဖောင်းတို့မိသားစု ကောင်းမွန်စွာနေထိုင်နိုင်ရန် သိန်း ၆၅၀ အကုန်အကျခံ၍ နေအိမ်အား ပြင်ဆင်ပေးခဲ့ခြင်း၊ နေအိမ်တွင် ခြောက်နှစ်ကြာ အခမဲ့နေထိုင်ခွင့်ပြုခဲ့ခြင်း၊ ညီမဒေါ်နန်းကွယ်ဖောင်းသို့မိသားစု အဆင်ပြေစေရန်အတွက် လျှပ်စစ် ပစ္စည်းဆိုင်ဖွင့်လှစ်၍ ကျွန်မက အရင်းအနှီးငွေအားလုံး စိုက်ထုတ်ရင်းနှီးကာ ညီမဖြစ်သူအား ယုံကြည်စွာဖြင့် ဦးစီးလုပ်ကိုင်စေခဲ့ခြင်း၊ ကျွန်မပိုင် မစ်စူဘီရှီကားအား အခမဲ့သုံးစွဲခွင့်ပြုခဲ့ခြင်းစသည် ကိစ္စရပ်များကို ထောက်ထားမှုမရှိဘဲ ညီမဖြစ်သူက ယုံကြည်မှုထိုအလွဲသုံးစားလုပ်၍ လျှပ်စစ် ပစ္စည်းဆိုင်နှင့်ပတ်သက်ပြီး လုံးဝစာရင်းရှင်းလင်းပေးခြင်းမရှိသည်အပြင် ကျွန်မပိုင် မစ်စူဘီရှီကားအား ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ဆက်လက် သုံးစွဲလျက်ရှိသဖြင့် အစ်မဖြစ်သူ ဒေါ်နန်းစံဟွမ်ထံ ဤကြေညာချက်ပါသည်ရက်မှ တစ်လအတွင်း လျှပ်စစ်ပစ္စည်းဆိုင်နှင့်ပတ်သက်၍ စာရင်း လာရောက်ရှင်းလင်းပေးရန်နှင့် ကျွန်မပိုင်ကားအား ပြန်လည်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။

ကျွန်မဒေါ်နန်းစံဟွမ်သည် မိဘညီအစ်ကိုမောင်နှမအားလုံးကို ယခုအချိန်အထိ ကြည့်ရှုစောင့်ရှောက်နေသူတစ်ဦးဖြစ်ကြောင်း မိခင်နှင့်ဆွေမျိုး သားချင်းညီအစ်ကိုမောင်နှမများအားလုံး သိရှိပါသည်။ ထို့ပြင်အစ်မတစ်ယောက်ဖြစ်သူ ဒေါ်နန်းကိန်သည် လွန်ခဲ့သည်ခြောက်နှစ်မှစ၍ ယနေ့အချိန် အထိ ကင်ဆာရောဂါအတွက် မြန်မာနိုင်ငံတွင်လည်းကောင်း၊ နိုင်ငံခြားတွင်လည်းကောင်း၊ ဆေးဝါးကုသမှုခံယူရာတွင်လည်း ကျွန်မမှအစစအရာရာ ကြည့်ရှုစောင့်ရှောက် ထောက်ပံ့လျက်ရှိကြောင်း၊ မိခင်နှင့်ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများအားလုံးသိရှိပါသည်။ သို့ရာတွင် မောင်ဖြစ်သူ ဦးစိုင်းရွက်၊ အစ်မဖြစ်သူဒေါ်နန်းအိရှုန်၊ ညီမဖြစ်သူဒေါ်နန်းကွယ်ဖောင်းတို့က ကျွန်မ၏ကြည့်ရှုစောင့်ရှောက်ထောက်ပံ့မှု၊ ယုံကြည်မှုများကိုလျစ်လျူရှု၍ ကျွန်မအပေါ်ကိုယ်စိတ်နှလုံးဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် ဦးစိုင်းရွက်၊ ဒေါ်နန်းအိရှုန်နှင့် ဒေါ်နန်းကွယ်ဖောင်းတို့သည် ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားမိစေရန်၊ ၄င်းတို့ ပြုလုပ်လျက်ရှိသော လုပ်ရပ်များအားလုံးကို ရပ်တန့်ကရပ်ကြရန်နှင့် ကျွန်မတောင်းဆိုသောကိစ္စရပ်များကို အမြန်ဆုံးလာရောက် ဖြေရှင်းပေးပါရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါ်နန်းစံဟွမ်
၁၂/ကတန(နိုင်)၀၀၀၆၄၂
အမှတ် ၁၅၄၊ ရိပ်သာ ၁ လမ်း၊ ဝေဇယန္တာရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၉ မှ

ရှက်နေပါတယ်။ ကျွန်တော့်အနေနဲ့ မြေလွတ်မြေလပ် ဧက ၁၀၀၀ ကို ချုံနွယ်ပိတ်ပေါင်းတွေ ရှင်းလင်းပြီး စိုက်ပျိုးနိုင်ခဲ့တာရယ်၊ အဲဒီဧက ၁၀၀၀ ကို အဆင့်မြင့်လယ်ယာမြေလုပ်မယ်ဆိုတဲ့အချက်ရယ်၊ နောက်ပြီး ပတ်ဝန်းကျင်မှာရှိတဲ့ ဧက ၂၀၀၀၀ ကိုလည်း အဆင့်မြင့် လယ်ယာဖြစ်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်မယ်ဆိုတဲ့ ရည်မှန်းချက်ရယ်၊ ဒ့ါအပြင် ဒေသမှာ စပါး၊ ပဲနဲ့အခြားသီးနှံတွေကို နိုင်ငံတော်က ရည်မှန်းချက်ထားတဲ့ အထွက်နှုန်းမျိုးရအောင် ဆောင်ရွက်နိုင်ခဲ့တဲ့အချက်တွေကြောင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းခံရတာလို့ ထင်ပါတယ်”ဟု ပြောပြခဲ့သည်။

ထို့ပြင် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု ရရှိသည့် ဦးအောင်သန်းဦးကလည်း “နိုင်ငံတော်သမ္မတကြီး ချီးမြှင့်တဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိတာ အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်တော်တို့ လုပ်ငန်းရှင်တွေ၊ တောင်သူတွေကို နိုင်ငံတော်အတွက် အကျိုးပြုတဲ့ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေနဲ့ အခုလို အားပေးချီးမြှောက်တာ အားလုံးက ဝမ်းပန်းတသာနဲ့ ကြိုဆိုပါတယ်။

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့တော့ လယ်ယာကဏ္ဍ၊ စပါးကဏ္ဍကို အဓိကတိုးတက်အောင် ဆောင်ရွက်တဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်သည်မှ နိုင်ငံခြားတင်ပို့ရောင်းချရသည်အထိ Supply Chain တစ်ခုလုံးကိုဆောင်ရွက်တဲ့ ကုမ္ပဏီဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက အတူးစပ်မျိုးစပါးတွေ၊ မျိုးစေ့ထုတ်တယ်၊ ပြီးရင် မျိုးကောင်းမျိုးသန့်တွေကိုလည်းပဲ စိုက်ပျိုးထုတ်လုပ်တယ်။ ပြီးရင် ခေတ်မီဆန်စက်ကြီးတွေနဲ့ ကြိတ်ခွဲတယ်။ ရိတ်သိမ်းခြွေလှေ့တာကိုလည်း ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ရိတ်သိမ်းတယ်၊ စက်မှုလယ်ယာကို အပြည့်အဝအသုံးပြုပြီးတော့ နိုင်ငံတော်ရဲ့ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်တဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့အနေနဲ့ ၂၀၁၂ ခုနှစ်က ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့တဲ့အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံမှာလည်း မြန်မာနိုင်ငံတပေါ်ဆန်းမွှေးကို ပထမရအောင်လုပ်နိုင်တဲ့အတွက် အခုလို ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရတယ်လို့ မှတ်ယူပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ တောင်သူတွေစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲတတ်အောင်၊ ဝင်ငွေတိုးတက်အောင် တစ်ဖက်တစ်လမ်းက ပံ့ပိုးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ တောင်သူတွေကို မျိုးစေ့၊ စိုက်စရိတ်၊ သွင်းအားစု ဒါတွေကိုပံ့ပိုးပြီးတော့ ဒီလိုပံ့ပိုးတဲ့နေရာမှာလည်း လူတွေဆီကအတိုးမယူဘဲနဲ့ ငွေကြေးပံ့ပိုးပေးတယ်။ ပြီးရင် သီးနှံကို ဈေးကောင်းလည်းပေးဝယ်ပြီး တောင်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေတဲ့ ဆန်စပါးအတူးပြုကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်မှန်းချက်တွေ အများကြီးထားပါတယ်”ဟု ပြောပြခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ စိုက်ပျိုးတုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆုအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မင်းကန်းကျေးရွာမှ ဦးချစ်သိန်းနှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ဦးထွန်းလှိုင်၊ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာမှ မြတ်အိန္ဒြေကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးမြတ်သူနှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်ကန်းကျေးရွာမှ ဂရိတ်ဝေါ ကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးတင်မောင်၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံး လူပုဂ္ဂိုလ်ဆုအတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာမှ ဦးအောင်ရွှေနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းကျေးရွာမှ ဒေါ်တူလိန်၊ မွေးမြူတုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နမ့်ကူပ်ကျေးရွာမှ ဒေါက်တာသိန်းစိန်နှင့် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာမှ ဦးမောင်မောင်လွင်၊ ရေထွက်ပစ္စည်း မွေးမြူတုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်ဇားကျေးရွာအုပ်စုမှ ဦးရွှေကြိုင်နှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မင်းရပ်ကျေးရွာမှ ဦးကျော်မိုးခိုင်၊ သက်စွန့်ကြိုးပမ်းကယ်တင် စွမ်းဆောင်သူဆုအတွက် ပုတောမြို့နယ်မှ အလယ်တန်းပြဆရာ ဦးဆောင်းမင်းစိုးနှင့် မြစ်ကြီးနားမြို့ အရန်မီးသတ်တပ်ကြပ်မြင့်ဝင်းတို့က လက်ခံရယူကြသည်။

အလားတူ ဒုတိယသမ္မတ ဦးညဏ်ထွန်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ အားကစား စွမ်းဆောင်ရည်ဆုအတွက် မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်၊ အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆုအတွက် နယူးဂိုးဒင်းဂိတ် 1991 ပိုင်ရှင်ဦးအုန်းဆိုင်နှင့် မော်လမြိုင် Holding Co., Ltd.ပိုင်ရှင် ဦးဝင်းတင်၊ တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးတုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် မြည်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါက်တာအောင်လွင်နှင့် မြဘုရင်နို့ချက်စက်ရုံပိုင်ရှင် ဦးဝင်းမောင်၊ အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆုအတွက် အေစီအီးဆောက်လုပ်ရေး ကုမ္ပဏီလီမိထက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်မိုးဝင်းနှင့်မက်(စ်)မြန်မာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆုအတွက် သီရိမြန်မာမြန်မာ့လက်မှုအနုပညာနှင့် အတွေတွေလုပ်ငန်းပိုင်ရှင် ဦးမြင့်ထွေးနှင့် စိန်ရက်ကန်းကုန်ထုတ် သမဝါယမအသင်းပိုင်ရှင် ဦးကြီးရွှေ၊ ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် အဆင့်မြင့်ရေဘုံဘိုင်လုပ်ငန်းရှင် ဦးထွန်းအောင်နှင့် စွမ်းအားပြည့်ရေယာဉ်ပန်ကာလုပ်ငန်းရှင် ဦးဝင်းတိုက်တို့က လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ဆုရရှိသူများကိုယ်စား ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုရရှိသည့် ဦးလှသန်းက ကျေးဇူးတင်စကား ပြောကြားပြီးနောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

မွေးမြူထုတ်လုပ်မှု အကောင်းဆုံး လူပုဂ္ဂိုလ်ဆုရရှိသည့် ဦးကျမော့က “ကျွန်တော်ကတော့ ငါးမွေးမြူရေး၊ ကြက်မွေးမြူရေး၊ နွားမွေးမြူရေးတွေ လုပ်တဲ့အပြင် ရော်ဘာလည်း စိုက်ပျိုးပါတယ်။ ၂၀၀၀ ခုနှစ်မှာ ငါးစပြီး မွေးမြူပါတယ်၊ ၂၀၀၄ခုနှစ်မှာ ကြက်မွေးပါတယ်၊ ၂၀၀၅ ခုနှစ်မှာ ကျွဲ၊ နွားမွေးမြူရေးလုပ်ပါတယ်၊ ကြက်က အကောင် ၆၈၀၀ ကျော်ရှိပါတယ်၊ ငါးကတစ်နေ့ကိုပိဿာ ၈၀၀၀ လောက်ထွက်ပါတယ်၊ နွားက ၄၂၆ ကောင်ရှိပါတယ်၊ ဒေသနွားပါ။ ကျွဲက ၅၅ ကောင်ရှိပါတယ်။ အလုပ်သမားခြောက်ယောက်လောက်နဲ့ လုပ်တာပါ။ အခုလို နိုင်ငံတော်သမ္မတကြီးက ဆုချီးမြှင့်တဲ့အတွက် အများကြီးပဲဝမ်းသာအားတက်မိပါတယ်”ဟု ပြောပြခဲ့သည်။

အလားတူ မွေးမြူတုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု ရရှိသည့် ဦးခင်မောင်ဝင်းကလည်း “အခုလို ဆုရတဲ့အတွက် အလွန်ကိုဝမ်းသာတာပေါ့ဗျာ၊ ကျွန်တော်တို့လုပ်ခဲ့တဲ့ အောင်မြင်မှုတစ်ခုပေါ့။ ကျွန်တော့်လုပ်ငန်းကတော့ နို့စားနွားမွေးမြူရေးလုပ်ငန်းဖြစ်ပါတယ်။ နို့ဆီချက်တယ်၊ လယ်လုပ်တယ်၊ လယ်ကရတဲ့ဟာကို နွားခြံကိုပို့တယ်၊ လယ်ကရတဲ့ဟာကို နွားပြန်ကျွေးတယ်၊ နွားကရတဲ့ဟာကို နို့ချက်စက်ရုံပို့တယ်။

ကျွန်တော်မွေးမြူရေးလုပ်တယ်၊ မွေးမြူရေးလုပ်တဲ့ နေရာကနေပြီး စွန့်ပစ်ပစ္စည်းကိုတောင်ယာလုပ်တယ်၊ တောင်ယာက ထွက်လာတဲ့ဟာကို တိရစ္ဆာန်ကျွေးတယ်၊ လူစာလုပ်တယ်၊ ရတဲ့ဟာကို ကြိတ်ခွဲတယ်၊ နို့ချက်စက်ရုံအတွက် လောင်စာလုပ်တယ်၊ အဲဒီလို ဆက်စပ်မှုရှိအောင် လုပ်တဲ့အတွက် ဆုချီးမြှင့်ခံရတယ်လို့ မြင်ပါတယ်။

ကျွန်တော့်အတွက် ဒီဆုရရှိတာဟာ အားတက်စေပါတယ်။ မွေးမြူရေးကို တိုးချဲ့မယ်၊ လယ်ယာလုပ်ငန်းကို တိုးချဲ့မယ်လို့ အားတွေတက်လာပါတယ်။ ကျွန်တော်တို့လိုပဲ အားကြိုးမာန်တက်လုပ်ကြဖို့၊ အားကြိုးမာန်တက်လုပ်ရင် အလုပ်ဆိုတာ အောင်မြင်သွားကြမှာပါပဲလို့ ပြောချင်ပါတယ်” ဟု ပြောပြခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဆုရရှိသူများအား Banquet Hall ၌ ညစာစားပွဲဖြင့် ဂုဏ်ပြုချီးမြှင့်တည်ခင်းခဲ့ကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တေးသရုပ်ဖော်၊ အကများဖြင့် ဖျော်ဖြေညေခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့
အနယ်နယ်
ပွဲ့သည့်
သတင်းစာ
မြန်မာ့အလင်း
တွင် ကြော်ငြာပါ။

အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နေ ဦးရည်မွန် ၁၂/မရက(နိုင်) ၁၁၃၈၈၉ ၏ သမီး အမက(၉) မရမ်းကုန်း စတုတ္ထတန်းမှ မဇာနည်ဝင်းအား ယနေ့မှစ၍ မပိုင်းရည်မွန်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မပိုင်းရည်မွန်လင်း**

အောင်ထူးဆန်း ဗေဒင်ဟောစခန်း
AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(To make reservation well in advance)
Good intention will bring you good luck.

အတားအဆီး အပိတ်အဆို့များကို ဖယ်ရှား
လွယ်ကူ ညင်သာ ချောမွေ့မှုကို ခံစား

ပြည်တွင်းသတင်း

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း

ရန်ကုန် ဧပြီ ၃၀

စဉ်	အမျိုးအမည်	ဈေးနှုန်း
၁။	ငါးကြင်း	၂၈၀၀-၃၅၀၀
၂။	ငါးခူ	၂၀၀၀-၅၀၀၀
၃။	ငါးရံ့	၂၅၀၀-၅၀၀၀
၄။	ပုစွန်တုပ်	၁၅၅၀၀-၃၀၀၀၀
၅။	တီလားပီးယား	၁၅၀၀-၂၀၀၀
၆။	ကြက်	၅၀၀၀-၉၀၀၀
၇။	ဝက်	၆၀၀၀-၈၀၀၀
၈။	အမဲ	၄၀၀၀-၆၀၀၀
၉။	ဆိတ်	၉၀၀၀-၁၂၀၀၀
၁၀။	ငါးဖယ်	၇၀၀၀-၉၀၀၀

၃၀-၄-၂၀၁၃ကောက်ခံသည့် ဈေးနှုန်းများမြစ်ပြီး နေ့စဉ်အပြောင်းအလဲ အနည်းငယ်ရှိပါသည်။

ဘုရင့်နောင်ကုန်စည်ဈေးနှုန်း

၁	ရွှေဆန်	အိတ်	၁၆၃၀၀-၁၆၈၀၀
၂	ပေါ်ကျွဲ	အိတ်	၁၈၅၀၀-၁၉၀၀၀
၃	ပေါ်ဆန်း	အိတ်	၂၁၅၀၀-၂၈၀၀၀
၄	စာအုန်းဆီ	ပိဿာ	၁၄၁၅
၅	မြေပဲဆီ	ပိဿာ	၃၉၀၀
၆	ဆိပ်ဖြူကြက်သွန်နီ	ပိဿာ	၄၂၅-၄၃၅
၇	ရမ်းကြက်သွန်မြူ	ပိဿာ	၁၂၀၀-၁၈၀၀
၈	ကြူကုတ်ကြက်သွန်ဖြူ	ပိဿာ	၁၇၂၅-၁၇၅၀
၉	ဝါးခယ်မငရုတ်ရှည်	ပိဿာ	၁၇၅၀

ရွှေဈေးနှုန်း

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၁၀၀၀၀
၁၅ ပဲရည်အောင်သမာဓိ	တစ်ကျပ်သား	၆၆၆၀၀၀

စက်သုံးဆီဈေးနှုန်းများ

(က) ဓာတ်ဆီ	(၁လီတာ)	၈၁၄ကျပ်
(ခ) ဒီဇယ်ဆီ	(၁လီတာ)	၉၀၀ကျပ်
(ဂ) အောက်တိန်း ၉၂	(၁လီတာ)	၈၇၀ကျပ်
(ဃ) အောက်တိန်း ၉၅	(၁လီတာ)	၁၀၇၈ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး

(က) အမေရိကန်ဒေါ်လာ	(တစ်ဒေါ်လာ)	၈၈၆ကျပ်
(ခ) ယူရို	(တစ်ယူရို)	၁၁၅၆ကျပ်
(ဂ) စင်ကာပူ	(တစ်ဒေါ်လာ)	၇၁၅ကျပ်
(ဃ) တရုတ်	(တစ်ယွမ်)	၁၃၆ကျပ်
(စ) ထိုင်း	(တစ်ဘတ်)	၂၈. ၅ကျပ်

အေးငြိမ်းချမ်းသာ ရက်မြတ်မင်္ဂလာ
ကိုရန်မျိုးအောင်
MD-Unity Land Logisties Co.,Ltd.
နှင့်
မသီတာလင်း
Manager-Q & Q
တို့၏
၁-၅-၂၀၁၃ ရက်တွင် ရောက်ရှိသော (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် လောကီ၊ လောကုတ္တရာ အကျိုးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။
ပါပါ-ဒေါက်တာ ဇော်တင်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ မွေးကု)
မေမေ-ဒေါ်ခင်မြသိုက်၊ ထပြ(ငြိမ်း)
မမချစ်-အေးစုနန္ဒာဇော်နှင့် Daniel Goncalves(Sanfrancisco)
ချစ်သမီးလေး-ခင်ဖြူစင်သန့်(ခ) Ju Ju (Primary 3-Total)

ပျောက်ဆုံးကြောင်း
Golden Era Co., မှ သွင်းကုန်လိုင်စင်အမှတ် IL6.12.13 4694 ၊ ၂၇-၂-၂၀၁၃ လိုင်စင်စာမျက်နှာ နံပါတ် ၀၂၁၇၅ စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၉၂၂၂၁၉၅

သွေးသည် အသက်

အမည်ပြောင်း
ကျိုင်းတုံမြို့၊ ပန်ကြူအုပ်စု၊ ဝင်းဘိုရွာနေ ဦးကျာအူ၏သမီး မမေရီ ၁၃/ကတန(နိုင်)၁၂၁၃၂၀ အား မမေရီဦးဟု ပြောင်းလဲခေါ်ပါရန်။
မမေရီဦး

ဖခင်အမည်မှန်
ကျုံပျော်မြို့နယ်၊ ပျဉ်းမပင်လှအုပ်စု၊ ဇရပ်ကွင်း ကျေးရွာနေ မောင်သက်နိုင်ဦး ၁၄/ကပန(နိုင်)၁၅၂၈၅၃၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်(ခ)ဦးကိုမြင့်(ခ)ဦးမြင့်သန်း ၁၄/ကပန(နိုင်)၀၄၀၀၇၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း၊

“ ကန့်ကွက်နိုင်ပါသည် ”
[illegible]
ဦးကျော်မြင့်ထက် LL.B, D.I.L, C.B.L
[illegible]

(၁၆)နှစ်မြောက် မင်္ဂလာဆုတောင်း
ဖေဖေ ဦးအဗ္ဗဒူဘာဆစ်(ခ)ဦးသန်းနိုင်နှင့်မေမေရှဲနာ(ဓ်)(ခ)ဒေါ်မြသန္တာဝင်းတို့၏ ၁-၅-၂၀၁၃ ရက်တွင် ကျရောက်သည့်(၁၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း၊ ကာလကြာရှည်စွာ သားသား၊ မီးမီးတို့နှင့်အတူ ဘဝခရီးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။
သားသား (၁) **မိုဟာမက်ဒါးနစ်(ရှ်)(ခ)မောင်ပိုင်ဇင်မင်းဦး**
သားသား (၂) **မိုဟာမက်(ခ)မောင်ဇင်မင်းလတ်**
မီးမီး (၃) **အိုက်ရှာ(ခ)ဝင်းသီရိထိုက်**

နိုင်ငံတကာအားကစားသတင်း

စီရိုနယ်ဒိုကို ခေါ်ရန် မန်ယူအသင့်ရှိ

ရီးရဲမက်ဒရစ်ကြယ်ပွင့် စီရိုနယ်ဒိုအား လာမည့်နွေရာသီတွင် ခေါ်ယူရန် အသင့်ရှိကြောင်း မန်ယူက ပြောကြားလိုက်သည်။

နည်းပြဖာဂူဆန်သည် ယခုနှစ်ရာသီတွင် အလုံး ၂၀မြောက် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း လာမည့်ရာသီအတွက် စီရိုနယ်ဒိုကို ခေါ်ယူသွားမည်ဟု ဆိုသည်။ စီရိုနယ်ဒိုကို ၂၀၀၉ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ဖြင့် ရီးရဲမက်ဒရစ်က ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အသက် ၂၈ နှစ်ရှိ စီရိုနယ်ဒိုသည် ရီးရဲမက်ဒရစ်နှင့် စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးသည်။

အက်စ်တွန်ဗီလာ အိမ်ကွင်း၌ ဂိုးပြတ်သွင်းယူ

အင်္ဂလိပ်ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် အက်စ်တွန်ဗီလာနှင့် ဆန်းဒါးလန်းအသင်းတို့ ဧပြီ ၂၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အက်စ်တွန်ဗီလာက ခြောက်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရပြီး တန်းဆင်းလွတ်မြောက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

ဒုတိယပိုင်းတွင် ခရစ္စတီးယန်းဘင်တက်ကီက အက်စ်တွန်ဗီလာအတွက် ဟတ်ထရစ်ဂိုး သွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် အက်စ်တွန်ဗီလာက ဆန်းဒါးလန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် တန်းဆင်းဇုန်လွတ်မြောက်နိုင်ခြေရှိသော်လည်း သေချာသည့်အနေအထားသို့ မရောက်သေးပေ။ အကြောင်းမှာ တန်းဆင်းဇုန်ရောက် ဝီဂန်နှင့် အနီးကပ်ရှိနေခြင်းကြောင့်ဖြစ်သည်။ ကျူပီအာနှင့် ရက်ဒင်းတို့သည် ဧပြီ ၂၈ ရက်က သရေကစားပြီး တန်းဆင်းခဲ့သည်။

ကောင်းမြတ်သူ - ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

ဆောင်းချစ်ကြည်

- ❖ စပါးအသင်းသည် အသက် ၂၁ နှစ် အရွယ်ရှိ ဘလက်ပူးလ်တောင်ပံကစားသမား သောမတ်အင့်ကို ပြောင်းရွှေ့ကြေး ပေါင် ၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ❖ ဘိုင်ယန်မြူးနစ်သည် အသက် ၂၆ နှစ်အရွယ်ရှိ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်အား ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ❖ မန်စီးတီးအသင်းသည် ဆမ်ဒိုးရီးယား ကွင်းလယ်ကစားသမား ပီဒရိုအိုဘင်းအား ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ❖ ဝက်စ်ဟမ်းအသင်းသည် အဲဗာတန်တိုက်စစ်မှူး အသက် ၂၇ နှစ်ရှိ ဂျလာဗစ်ကို ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ❖ လီဗာပူးအသင်းသည် စပို့တင်းလစ္စဘွန်းမှ နောက်ခံလု တီရာဂိုအိုလိုရီအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- ❖ မန်ယူအသင်းသည် စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်ကို ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်းအပြင် နာနီ၊ အန်ဒါဆင် သို့မဟုတ် အက်ရလေယန်းတို့ပါ အလိုက်ပေးခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ❖ ပီအက်စ်ဂျီအသင်းနည်းပြအန်ဆယ်လော့တီသည် ရီးရဲမက်ဒရစ်သို့ နည်းပြအဖြစ်ပြောင်းရွှေ့သွားပါက အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးအား ခေါ်ယူမည်ဟု အသင်းတာဝန်ရှိသူများက ပြောကြားသည်။
- ❖ ကျူပီအာနည်းပြဟောင်း နီလ်ဝါနော့ခ်က ကျူပီအာအသင်းသည် ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်ရန် ခြေစွမ်းရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
- ❖ ဘာစ်လိုနာအသင်း ဂိုးသမားဗစ်တာဗယ်လ်ဒက်စ်က လာမည်ဘောလုံးရာသီ၌ ပုံမှန်ပွဲထွက်ကစားခွင့်ရလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

သားတို့သမီးတို့အပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာကြီးမားစွာဖြင့် ပြုစုပျိုးထောင်ပေးသော အမြဲတစေ လေးစားဂုဏ်ယူဖွယ် စံနမူနာဖြစ်သော ချစ်ဖေဖေနှင့်ချစ်မေမေတို့၏ (၁-၅-၂၀၁၃) တွင်ကျရောက်သော (၃၃)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေး များနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံးကျန်းမာချမ်းသာစွာ အမျိုး၊ ဘာသာ၊ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းလျက်၊

- ကိုယ်ဖွယ် + မီးငယ်
- အိုပိုး
- ဖိုးသား + ထိုက်ထိုက်
- ဂူးဂူး ၊ ကစ်ကစ်

ပျောက်ဆုံး

ကျွန်မ မဆိုင်းနူး ၁/တနန(နိုင်)၀၁၀၃၅၇ ဖြင့် 17/11//2008 ရက်ထုတ် နိုင်ငံကူးလက်မှတ်အမှတ် A 282494 ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၁-၅၃၉၄၀၀

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အလက(၁)ဒဂုံ၊ Grade 7(B) ၌ ပညာသင်ကြားနေသော မောင်စိန်လင်းထွန်းအား မောင်ရဲထက်ထွန်းဟု အမည်ပြောင်းခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကျော်စွာမြင့်၏ Passport Number A 186473 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးကျော်စွာမြင့် ဖုန်း-၀၉-၇၃၁၂၃၆၀၃

(၃၁)နှစ်ပြည့်မင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ-ဦးစိုးသိန်း(တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်)နှင့်
ချစ်မေမေ-ဒေါ်ခင်သောင်းစိုး LL.B (အလပြ-ငြိမ်း)

တို့၏ ၁-၅-၂၀၁၃ ရက် (မေဒေးနေ့)တွင် ကျရောက်သော (၃၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည့် ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုး၊ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားကြီး - ဦးထင်လင်းကို(ခ)စိုးကိုကို **LL.B, LL.M(Civil)**
ဒုတိယမြို့နယ်တရားသူကြီး၊ ရေဦးမြို့
ချစ်သားငယ် - ဗိုလ်ကြီးညီညီဟိန်း(ခ)စိုးညီညီ **D.S.T.A**
ချစ်သမီးငယ် - မစိုးမမ **B.Sc(Bot:), Dip in Eng DTEC** (အ.မ.က၊ နန္ဒာတောင်)
စိုးမိသားစု

မွေးနေ့ဆုတောင်း

သားသားလေး **ထက်မြတ်ဖော်** (primary I)၏ ၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၆)နှစ်ပြည့်မွေးနေ့မှသည့် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် သာသနာအကျိုး၊ နိုင်ငံအကျိုး၊ မိသားစုအကျိုးတို့ကို ထမ်းဆောင်နိုင်သော သားကောင်းရတနာ ဖြစ်စေရန် ဆုတောင်းလျက်-

ထက်မြတ် သယ်/ပို့ ဝန်ထမ်းများ

မန်ယူနဲ့ ချယ်လ်ဆီး အိုးထရက်ဖို့ဒ်၌ ဆုံပြီ

စိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၃၆)ကို လာမယ့် မေ ၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပင်ခွင့်ရဖို့ အကြိတ်အနယ်နွဲရမယ့်အသင်းတွေနဲ့ နောက်ဆုံးတန်းဆင်းမယ့်အသင်းက ဘယ်အသင်းဖြစ်မလဲဆိုတာ ထထည်း စိတ်ပင်စားစရာကောင်းနေပြန်တာမို့ ပရိသတ်တွေအတွက် အားပေးရဦးမယ့်ပွဲတွေဖြစ်နေပါတယ်။

မန်ယူနှင့် ချယ်လ်ဆီး

ပရီမီယာလိဂ်ဖလားဆွတ်ခူးသွားခဲ့ပြီဖြစ်တဲ့ မန်ယူတို့ကတော့ အခုချိန်အထိ လူအား၊ ကစားအားမချသေးဘဲ ပွဲတိုင်းအင်အားပြည့်ကစားနေတာမို့ ချယ်လ်ဆီးတို့ အိုးထရက်ဖို့ဒ်မှာ ခက်ခဲမှာအမှန်ပါပဲ။ ချယ်လ်ဆီးဟာ အမှတ်လိုအပ်နေတာမို့ မန်ယူကွင်းမှာ ခြေကုန်ထုတ်မှာသေချာပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူးတွေဟာ တိုးအား၊ လုပ်အားကောင်းတဲ့အပြင် ရဲရဲဝံ့ဝံ့ထိုးဖောက်တိုက်စစ်ဆင်တတ်တာမို့ မန်ယူခံစစ်မှူးတွေ သတိထားရမှာဖြစ်ပါတယ်။ အုပ်စုဖွဲ့ထိုးဖောက်တတ်ပြီး ကွင်းလယ်ကစားအားလည်း ထိန်းချုပ်ကစားတတ်တာမို့ မန်ယူဟာ အိုးထရက်ဖို့ဒ်မှာ ဂုဏ်သိက္ခာအရ အရှုံးခံလို့တော့ မရပါဘူး။ မန်ယူဟာ တိုက်စစ်အားအပြည့်နဲ့ တာယွက်မှာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲပါပဲ။

ဆွမ်ဆီးနှင့် မန်စီးတီး

ချယ်လ်ဆီးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ ဆွမ်ဆီးဟာ အခုပွဲမှာ အိမ်ကွင်းဆီပေမယ့် ပြိုင်ဘက်က မန်စီးတီးဖြစ်နေပြန်ပါတယ်။ ဆွမ်ဆီးဟာ တန်းဆင်းရမယ့် အခြေအနေမရှိပေမယ့်ရပ်တည်မှုကောင်းအောင် မန်စီးတီးကို မာမာတင်းတင်း တုံ့ပြန်ကစားပါလိမ့်မယ်။ ဆွမ်ဆီးဟာအသင်းကြီးတွေကို ဒုက္ခပေးတတ်တဲ့အသင်းဖြစ်ပေမယ့် ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေတာမို့ အခုပွဲအိမ်ကွင်းမှာ မန်စီးတီးကို ဘယ်လိုရလဒ်မျိုးတွေဖြစ်အောင် ကစားမလဲကြည့်ရမှာပါ။

စပါးနှင့် ဆောက်သမ်တန်

အမှတ်တွေ အပူတပြင်းလိုအပ်နေတဲ့ စပါးဟာ အိမ်ကွင်းမှာ ဆောက်သမ်တန်ကို ချေမှုန်းပြီး အမှတ်ပြည့်ယူဖို့ ကြိုးစားမှာဖြစ်ပါတယ်။ စပါးဟာ ချယ်လ်ဆီး၊ အာဆင်နယ်တို့နဲ့အပြိုင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ စစ်မျက်နှာဖွင့်ပြီး တိုက်စစ်ဆင်နေတာမို့ အခုပွဲကိုတော့ အမိက ကစားသမားတွေယူတ် သုံးပြီး ဖိအားပေးကစားဖို့ ဆုံးဖြတ်ပါလိမ့်မယ်။ တိုက်စစ်အားအပြင် အုပ်စုဖွဲ့ကစားမှုမှာ ပါသာလွန်တဲ့ စပါးဟာ ဒီပွဲမှာ နိုင်ပွဲအရသာကို ခံစားနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

လီဗာပူးနှင့် အဲဗာတန်

အဲဗာတန်တို့ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားမှာမို့ လီဗာပူးအတွက် ဒီပွဲဟာ လွယ်ကူတဲ့ အနေအထားတော့မဟုတ်ပါဘူး။ လီဗာပူးဟာ ဆွာရက်ဇ်မပါဘဲ နယူးကာဆယ်ကို ခြောက်ဂိုးပြတ်သွင်းယူထားတဲ့ပွဲကြောင့် စိတ်ဓာတ်မြင့်မားနေတာမို့ အဲဗာတန်တို့လည်း ယင်တိုင်းမပေါက်နိုင်ပါဘူး။ တိုက်စစ်ပိုင်းမှာ လီဗာပူးက ပိုမြင့်မားတာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတစ်ပွဲ အဖြစ်မြင်တွေ့ရမှာဖြစ်ပါတယ်။

နှမ်းစိုက်တောင်သူများ မိုးရွာလို့ ဝမ်းသာပျော်ရွှင်နေကြပြီ

စဉ့်ကိုင် ဧပြီ ၂၀

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင်ပါဝင်သည့် စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် နွေနှမ်းစိုက်တောင်သူများ စိုက်ပျိုးထားသော နှမ်းများအထွက်နှုန်းကောင်းစေရန် မိုးလိုအပ်နေပြီး နှမ်းပင်ပေါက်ကျဲခြင်း၊ နှမ်းပင်ပေါက်များ စပ်ပိုးကျခြင်းတို့ကြောင့် ဆေးများဖျန်းနေကြရချိန် ဧပြီ ၂၈ ရက် ညပိုင်းက ရွာသွန်းသော မိုးကြောင့်ဆန္ဒပြည့်ဝပြီး ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

နှမ်းသည် စိုက်ပျိုးပြီး ရေသွင်းရသော သီးနှံမဟုတ်ဘဲ မိုးကိုသာ အဓိကမျှော်ကိုးပြီး စိုက်ပျိုးရသော သီးနှံဖြစ်သည်။ နှမ်းကိုရေသွင်းပြီး စိုက်ရန်အတွက် ပေါင်ဖြင့်စိုက်ပါက ကုန်ကျစရိတ် ပိုများခြင်းကြောင့် တောင်သူများသည် မိုးကိုသာ အဓိကမျှော်လင့်ကြသည်။

"အပင်က သီးကင်းစပင်နေပြီဆိုတော့ အခုချိန်မှာ မိုးရွာလို့ နှမ်းအထွက်ထိုးမှာ၊ မိုးမရွာရင် အပင်က မတက်တော့ဘဲ ခေါင်တုံးတော့ အထွက်နှုန်းကနည်းမှာ၊ နှမ်းကတော့ မိုးကိုသုံးကြိမ်လောက်ရရင် အကောင်းဆုံးပဲ။ အပင်ပေါက်ပြီး အရွက်ငါးရွက် ခြောက်ရွက် ထွက်တဲ့အချိန်၊ ပွင့်ဖူးစွဲတဲ့အချိန်၊ အဖျားသီးအောင်တဲ့အချိန်၊ အဲဒီသုံးချိန် မိုးရတဲ့နှမ်းကတော့ အကောင်းဆုံးပဲ။ အခုလိုအချိန် မိုးရွာတော့ နှမ်းတောင်သူတွေ အကုန်လုံးကြိုက်တာ။ မိုးကမရွာတာကြာတော့ အခေါင်ကြီးခေါင်ပြီး မရွာနေ၊ ရွာသေဖြစ်မှာလည်း ကြောက်ရတယ်"ဟု မိုးရွာလို့ပျော်ရွှင်နေသူ နှမ်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

နှမ်းစိုက် တောင်သူများသည် တပေါင်းလအတွင်းမိအောင် ကြဲပက်ကြရသည့်၊ ထိုမှသာ နှမ်းကြိုက်သောရာသီဥတုနှင့်ကိုက်ညီ၍ နှမ်းအထွက်ထိုးမည်ဖြစ်သည်။ ၃ ဒသမ ၅ ဧကကို တပေါင်းလနှောင်းပိုင်းတွင် စိုက်ပျိုးထားသူ ဦးအောင်နိုင်အား မေးမြန်းကြည့်ရာ "ကျွန်တော့်နှမ်းက နောက်ကျတော့ နှမ်းကြိုက်တဲ့ မိုးသုံးမိုးထဲက ပထမမိုးတော့ မိပြီ။ ဒုတိယမိုးနဲ့တတိယမိုးမိရင်တော့ အကြိုက်ဆုံးပေါ့။ နှမ်းကတော့ ရာသီဥတုညီမျှရင် တောင်သူတွေကိုက်တယ်။ နှမ်းညိုကတော့ ရေသွင်းစိုက်ပျိုးလို့မရပေမယ့် နှမ်းဖြူကို ရေသွင်းလို့ရတယ်။ ဒါပေမယ့် ၁၀ ဦး တစ်ဦးမလုပ်ရဲကြဘူး။ ရေဆင်းမကောင်းရင် အကုန်သေနိုင်တယ်။ မနှစ်ကလည်း ၃ ဒသမ ၅ ဧကစိုက်တာ တင်း ၃၀ ကျော် ရတယ်။ တစ်တင်းကို မနှစ်က ငွေကျပ် ၂၇၀၀၀ ဆိုတော့ ငွေပိုရတာပေါ့။ နှမ်းကတော့ စရိတ်စကလည်း မများဘူး။ လူလည်းသက်သာတယ်။ ဒါပေမယ့် ရာသီဥတုမညီမျှရင် ရှုံးတယ်။ စပါးကတော့ စရိတ်စကများ လလည်းပင်ပန်းတယ်။ ဒါပေမယ့် အကြမ်းခံတယ်။ ရာသီဥတုပေါ်နှမ်းလောက်မမီခိုဘူး" ဟု နှမ်းစိုက်ပျိုးရခြင်းကို ပြောကြားသည်။

စဉ့်ကိုင်မြို့နယ် ယခုနှစ် နွေနှမ်းရာသီတွင် တစ်မြို့နယ်လုံး ဧက ၁၁၂၁၇ စိုက်ပျိုးထားသည်။ နှမ်းသည် ရာသီဥတုညီညွတ်မျှတပါက စိုက်စရိတ် နည်းပါးခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်သော သီးနှံဖြစ်သည်။ နှမ်းစိုက်ရာတွင် တောင်သူများသည် ရိုးစိမ်းခေါ် ကြေးနီရောင်နှင့် နှမ်းဖြူတို့ကို စိုက်ပျိုးကြသည်။ နှမ်းသည် စိုက်သည့်ရက်မှ ရက် ၈၀၊ ၈၅ ရက်ဖြင့် ဝင်ငွေပေါ်သောကြောင့် တောင်သူများ စိုက်ပျိုးမှုများပြားပြီး မိုးလိုအပ်သောအချိန်တွင် မိုးရွာသောကြောင့် နှမ်းစိုက်သောတောင်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်

ပြည်တွင်းသတင်း

မေတ္တာဦးစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၃၀

မေတ္တာဦးစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၃) ရပ်ကွက်ရှိ အဆိုပါ စေတီတော်မြတ်ကြီးပရဝုဏ်၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

ထီးချိုင့် ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ချိတ်သင်ကျေးရွာတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မအေးအေးအောင် မောင်းနှင်ပြီး အဒေါ်ဖြစ်သူ ဒေါ်ပွဲညွန့် နောက်မှစီးနင်းလိုက်ပါလာသောဆိုင်ကယ်မှာ ချိတ်သင်ကျေးရွာ ရွာလယ်လမ်းမပေါ် အရောက်တွင် ဒေါ်ပွဲညွန့်မှာ ပြုတ်ကျပြီး ဒဏ်ရာများရရှိသွားသဖြင့် မြတောင်ဆေးရုံသို့ ဆေးကုသရန် သယ်ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခြင်းဖြစ်သည်။

လှအောင်(ကသာ)

ကလေးငယ်မျက်လုံးအတွင်း ဆင်ကော်ဝင်သွား

နောင်ချို ဧပြီ ၃၀

နောင်ချိုမြို့ တောင်ရပ်ကွက် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်သူ ကိုတွတ်ဝီ၏ သမီးဖြစ်သူ အသက်ခြောက်နှစ်အရွယ်ရှိ မသန္တာထွေးသည် ကစားစရာ ရေပြွတ်သေနတ်ကျိုးသွား၍ ဆင်ကော်နှင့်ကပ်ရာ ရုတ်တရက် ဆင်ကော်မှာ ညာဘက်မျက်လုံးတဲသို့ ဝင်သွားခဲ့ခြင်းကြောင့် ဖခင်ဖြစ်သူမှာ သမီးအား ပြင်ဦးလွင်မြို့ အထိပင် သွားရောက်ကုသပေးခဲ့သည်အတွက် မျက်စိပြန်လည်သက်သာခဲ့ရကြောင်း သိရှိရပြီး အုပ်ထိန်းသူ မိဘများအနေနှင့် ဆင်ကော်ကဲ့သို့ အန္တရာယ်ရှိစေသည့် အရာများအား အရွယ်မရောက်သေးသူ ကလေးသူငယ်များ အနီးအနား၌ မထားမိစေရန် သတိပေးရေးသားလိုက်ရပါသည်။

စိုးဝင်း(နောင်ချို)

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ သတ္တမတန်း (A)မှ မဇာဇာပြုံးနှင့် ပဥ္စမတန်း(C)မှ မောင်ဟက်ကက်စိုးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုးထွန်းဖြစ်ပါကြောင်း။

ဦးစိုးထွန်း
၆/ပလန(နိုင်)၀၅၀၈၅၆

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် အ-၄၇၆၉၊ ယာဉ်အမျိုးအစား-Toyota Corolla ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျိုင်နမ်း ၁၃/တကန(နိုင်)၁၃၈၀၀၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (လွိုင်လင်မြို့)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဂ/၆၄၂၊ ဟွန်ဒါ (CRV) S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းပီး ၁၃/မဖန(နိုင်)၀၂၆၄၁၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၄၆၉၁၊ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ Ruby Everest Co.,Ltd. မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

ဖခင်အမည်မှန်

ဒေါ်နှင်းနှင်းမော်(CAE)ပုဂ္ဂလိက အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ရဲနောင်၏ ဖခင်အမည်မှန်မှာ တွမ်မြီးရှင်း(ခ) ဝင်းမောင် LSO-၁၃၃၇၇၇ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့နေ ဦးစောဘိုဘိုနိုင်(ခ)ဘရန်ရှောင် ၁၃/တယန(နိုင်)၀၁၂၈၂၅ ၏ သမီး မနော်လားဖိုးဝါး(ခ)မယွေ့နန်းဘိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုစဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဦးမောင်ကျော် နှင့် ၁။ ဦးစန်းမောင်
၂။ ဦးသန်းရွှေ
၃။ ဒေါ်ခိုင်စန္ဒာ

တရားလို တရားပြိုင်များ

၁။ ဦးစန်းမောင် အကွက်အမှတ် (င-၆/၃၁)၊ ၆၂လမ်း၊ မနော်ဟရီထမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ (၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)၊ ၂။ ဦးသန်းရွှေ အမှတ် (MB-၁၂)အဆင့်မြင့်ဘောလုံးကွင်းတိုက်ခန်း၊ ၇၂×၇၃လမ်းကြား၊ ဇလပ်ဝါလမ်း၊ ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)၊ ၃။ ဒေါ်ခိုင်စန္ဒာ အကွက်အမှတ် (က-၂)၊ ဦးပိုင်အမှတ် ၁၀၂၊ မြို့သစ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ ဦးမောင်ကျော်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့ကွက်သစ်၊ အကွက်အမှတ် (သ-၆)၊ ဦးပိုင်အမှတ် (၅)၊ ဧရိယာ ၀ဒသမ၀၅၅၀ ဧကနှင့် အကွက်အမှတ် (သ-၆)၊ ဦးပိုင်အမှတ် ၂၈၊ ဧရိယာ ၀ဒသမ၀၅၅၁ဧက အကျယ်အဝန်းများရှိ ဂရန်မြေကွက်များနှင့် ၎င်းမြေကွက်များပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တရားလိုတရားဝင်လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၃ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၄ရက်) ရွှန်းမတည်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်ဝါဝါသိန်း)
ဒုတိယမြို့နယ်ထရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥဝဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘုတလင်မြို့တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမမှုကြီးအမှတ်-၂၂

ဒေါ်ပိုပိုထွေး နှင့် ၁။ ဦးသိန်းလွင်
၂။ ဒေါ်ညွန့်ညွန့်ဝေ
၃။ ဦးကျော်ဦး

တရားလို တရားပြိုင်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ခုံမင်းကြီးရပ်ကွက်နေ ဦးသိန်းလွင်၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဦးကျော်ဦး(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပိုပိုထွေးက(၂၀၀၉ ခုနှစ်၊ မတ်လ ၆ရက်)ရက်စွဲပါ ကတိဝန်ခံစာချုပ်ပါအတိုင်း သီးနှံဖိုးငွေကျပ် ၂၀၀၀၀၀၀ တိတိ ရလိုမှုတို့ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၀ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁ရက်) ခွန်းမတည်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အတက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်ကြိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ဘုတလင်မြို့နယ်တရားရုံး

မအေးအေးစိုးအား သွာနုတ္တရ သမီးအဖြစ် အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေငြာဖြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ (၅)လမ်း၊ အမှတ် (၁၂)နေ ဦးအောင်ချစ် ၁၀/ကမရ (နိုင်) ၀၀၄၁၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်ချစ်၏သမီးဖြစ်သူ မအေးအေးစိုး ၁၀/ကမရ (နိုင်) ၀၅၇၇၆၀ သည် ဖခင်အပေါ်တွင် ရိုသေလေးစားမှုများမရှိသည့်အပြင် မိခင်ဖြစ်သူ ဒေါ်ခင် သက်ရှိထင်ရှားရှိစဉ်ကပင် မိခင်အပေါ်၌လည်း ရိုသေလေးစားမှုမရှိဘဲ အမြဲတမ်းကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ပြုမူဆောင်ရွက်ခဲ့၍ မိခင်ဖြစ်သူမှာ စိတ်ဆင်းရဲကာ လွန်ခဲ့သော (၁)နှစ်ခန့်က ကွယ်လွန်ခဲ့ပါသည်။ မိခင်ဖြစ်သူ ကွယ်လွန် ခဲ့ပြီးနောက် မိခင်ဖြစ်သူ ဒေါ်ခင်၏ဆန္ဒအရ ဖခင်ဖြစ်သူ ဦးအောင်ချစ်နှင့် ကျန်သားသမီးများက ကျိုက်မရောမြို့နယ်၊ ခနောင်ကျေးရွာ၊ ဇေယျမင်္ဂလာကျောင်းတွင် ဂန္ဓာကုဋိတိုက်ကျောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းသည်ကိုလည်း အမျိုးမျိုးနှောင့်ယှက်ပြောဆို သွားပုပ် လေလွင့်ပြောဆိုမှုများ ပြုလုပ်ခြင်း၊ ထိုကျောင်းဆောင်သစ်ကို ရေစက်ချ လှူဒါန်းခြင်းနှင့် မိခင်ကြီးအား ရည်စူး၍ မိသားစုတစ်စုလုံးမှ ရဟန်းခံရှင်ပြု အလှူမင်္ဂလာပွဲ ပြုလုပ်ရာတွင် မအေးအေးစိုးက အလှူမင်္ဂလာပွဲကို ဖျက်လိဖျက်ဆီး ပြုလို၍ရန်ပွဲများ အစပျိုးကာ ကျန်ညီအစ်ကိုမောင်နှမများနှင့် ဖခင်ကိုပါ ရိုင်းစိုင်း ယုတ်ညံ့ ညစ်ညမ်းစွာ ဆဲဆို၊ ပြောဆိုပြုမူမှုများ ဆောင်ရွက်ခဲ့ပြီး ဖခင်၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်လောက်အောင် ပြုမူခဲ့သည့်အပြင် ကျန်ညီအစ်ကိုမောင်နှမများနှင့် ဖခင်ဦးအောင်ချစ်ကိုပါ တရားခံများဖြစ်အောင် ထည့်သွင်းဖန်တီးတိုင်တန်းစွဲဆိုခဲ့ခြင်းကို ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် မအေးအေးစိုးအား ယနေ့မှစ၍ သွာနုတ္တရသမီးအဖြစ် အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အလေးအနက်ထပ်မံကြေညာအပ်ပါသည်။

မှတ်ချက် ။ ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးပြေဟိန်း LL.B၊ တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၅၁၄၃
ဒေါ်မိနန္ဒာဦး LL.B၊ အထက်တန်းရှေ့နေ၊ စဉ် - ၃၀၁၆၈
ဒေါ်ဝါဝါတင် LL.B၊ အထက်တန်းရှေ့နေ၊ စဉ် - ၃၁၆၁၂
အမှတ် (၃၀)၊ သုခလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။ ဖုန်း ၀၉၄၃၀၀၅၆၅၉

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သနပ်ပင်မြို့နယ် ကျေးရွာအချို့ သောက်ရေကန်များ ရေခန်းခြောက်

သနပ်ပင် ဧပြီ ၂၉

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) သနပ်ပင်မြို့နယ်အတွင်းရှိ ကပင်ကျေးရွာ၊ အောင်ပုံကြီးကျေးရွာ၊ ကသစ်ခုံကျေးရွာများ အပါအဝင် ကျေးရွာအချို့ရှိ သောက်သုံးရေကန်ကြီးများ ဧပြီလ တတိယပတ်မှစ၍ ရေခန်းခြောက်နေသည်ကို တွေ့မြင်ရသည်။

ယခုနှစ်နွေရာသီတွင် နေအပူရှိန်မှာ တစ်နေ့ထက်တစ်နေ့ပိုမိုမြင့်တက်လာသဖြင့် ကျေးရွာသုံး သောက်သုံးရေကန်များ ခန်းခြောက်သွားခြင်းဖြစ်သည်။ ၎င်းဒေသနေ ကျေးရွာသူ ကျေးရွာသားများသာမက ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ ရေအတွက် အခက်ကြုံနေကြရသည်။ ကန်အတွင်းရှိ လက်ကျန်ရေအနည်းငယ်ကိုသာ သုံးစွဲနေရသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်နေကြရသည်ဟုဒေသခံများက ဆိုကြသည်။**(အပေါ်ပုံ) (၀၀၀)**

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ပိသေဆုံး

နေပြည်တော် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရှာပလဲကျေးရွာ တောထဲရှိ ယာတဲအတွင်း၌ လူတစ်ဦး သစ်ပင်ပိသေဆုံးကြောင်း သတင်းအရ ဧပြီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ကျောက်ဆည်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ၎င်းရွာနေ ဦးကြည်အေး (၆၃ နှစ်) အား ဝဲမျက်ခုံး/ယာခြေသလုံးပေါက်ပြဲ၊ ခါးရိုးကျိုးဒဏ်ရာများဖြင့် ယာတဲအနီးရှိ လုံးပတ်ကိုးပေခန့်၊ အရှည်ပေ ၉၀ ခန့်ရှိ ထနောင်းပင် လဲကျပိမိ၍ သေဆုံးနေကြောင်း တွေ့ရှိရပြီး ထိုနေ့မွန်းလွဲ ၂ နာရီခွဲတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထနောင်းပင်လဲကျပိမိခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အလောင်းအား ကျောက်ဆည်ဆေးရုံသို့ ပို့အပ်ပြီး ကျောက်ဆည်ရဲစခန်းမှ သေမှုသေခင်းများဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဇာနည်

နာရေးသာရေး အခမဲ့ကူညီမှုများလာသကဲ့သို့ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ကူညီသူများလည်း လိုအပ်နေ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ ပတ်ဝန်းကျင်တွင် နာရေးဆိုင်ရာ အကြောင်းကိစ္စများ ကြုံတွေ့ပါက လိုအပ်သည့် စားပွဲ၊ ထိုင်ခုံ၊ အမိုးအကာ၊ ပန်းကန်ခွက်ယောက်များအား နေရာအရောက် အခမဲ့ လာရောက်ခင်းကျင်းပေးခြင်းနှင့် အခြားလိုအပ်ချက်များအား ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကာ အလှူဒါနပြုလုပ်ပါကလည်း လာရောက် ဌားရမ်းနိုင်ပါကြောင်း၊ ဆက်သွယ်ရန် ယာယီဖုန်းနံပါတ်မှာ ၀၁-၂၂၉၂၂၁ ဖြစ်ကြောင်း လမ်းမတော်မြို့နယ်တွင်း လူမှုအဖွဲ့တစ်ခုက ဝေငှသည့် လက်ကမ်းကြော်ငြာစာရွက်တွင် ဖတ်ရှုခဲ့ရသည်။

အဆိုပါ စာရွက်၌ လူငယ် ၁၂ ဦး၏အမည်နှင့် ဖုန်းနံပါတ်များပါ ထပ်မံဖော်ပြထားသည်။ ယခုအခါ မြန်မာနိုင်ငံအရပ်ရပ်တွင် လူမှုရေးဆိုင်ရာ ကူညီမှုအသင်းများ၊ ကျန်းမာရေးဆိုင်ရာ ကူညီမှုအဖွဲ့အစည်းများ ပေါ်ပေါက်သကဲ့သို့ သာရေး နာရေးများတွင် အခမဲ့ကူညီသော ဝန်ဆောင်မှုပေးသည့်အဖွဲ့များပေါ်ထွက်လာရာ ပြည်သူများအတွက် အကျိုးရှိစေပြီး စေတနာ့ဝန်ထမ်း အခမဲ့ကူညီပေးလိုသော စိတ်ဓာတ်များကိုလည်း လေးစားမိကြောင်း ပြည်သူတစ်ဦးက ဆိုသည်။

ရုပ်ပိုင်းဆိုင်ရာ ကူညီမှုများအပြင် အများပြည်သူတို့၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးနိုင်ရန်အတွက် အရိန်မြှင့်တင်နိုင်ရေး၊ အတွေးအခေါ် စိတ်ဓာတ်မြင့်မားလာရေးတို့ကို ဦးစားပေးကူညီရန်လည်း လိုအပ်လျက်ရှိပြီး ထိုသို့ဖြစ်ပေါ်လာစေရန် လူတိုင်း စာဖတ်ရှိန်မြှင့်လာရန်အတွက်လည်း စေထနာ့ဝန်ထမ်းအဖွဲ့များ နေရာအနှံ့တွင် လိုအပ်နေသေးရာ လိုအပ်သည့် ကွက်လပ်ကို ထိရောက်စွာဖြည့်ပေးနိုင်ကြမည့် လူမှုရေးအသင်းအဖွဲ့များ ပေါ်ထွန်းလာနိုင်ရန်လည်း လိုအပ်နေပါသေးသည်။

ခင်ဆိုင်

ရန်ကုန်-မြိတ်လမ်းပေါ်၌ တံတားတည်ဆောက်

ရေး ဧပြီ ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်သည့် တံတားအမှတ် (၄/၁၀၁) ရန်ကုန်-မြိတ်လမ်း တည်ဆောက်ရေးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်ခဲ့ရာ မေလ ၁၅ ရက်တွင် တံတားကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး တံတားအရှည်ပေ ၆၀ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်း ၂၄ ပေ နှစ်လမ်းသွားတံတားဖြစ်ပြီး လူသွားလမ်းစင်္ကြံ ပလက်ဖောင်းတစ်ဖက်လျှင် နှစ်ပေစီဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀ အကုန်ကျခံ တည်ဆောက်သွားမည်ဖြစ်သည်။ ယာဉ်တစ်စီးချင်းစီ၏ ခွင့်ပြုယာဉ်တန်ချိန် တန် ၆၀ သာ ခွင့်ပြုမည်ဖြစ်ပြီး အဆိုပါတံတား၏ ပြီးစီးမှု အခြေအနေမှာ ရာခိုင်နှုန်းအားဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်သည်။ **(အပေါ်ပုံ) နေမျိုးထွဋ်(ရေး)**

သန့်စင်ပြီး/အရောက်ပို့

ကျောင်းဆန် (ရပြီ)

ပွဲတော်ချုပ်

☎ 01-512443 09-73017656

ဇုသီမ်ပေါ်ဆန်းမွှေး(ရှယ်)	31000 Ks
ရှာဝုံပေါ်ဆန်းမွှေး	27500 Ks
ဧယာ	20000 Ks

မွေးနေ့ဆုတောင်း

၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော မငွေဇင်ဖြိုး၏ (၁၈) နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်ပါစေ။ **ချစ်သူငယ်ချင်း(S.T)**

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ နဝမတန်း အောင်မှ မဇင်မာထွေး(၂)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးတင်ရှိန် ဖြစ်ပါကြောင်း။ **ဦးတင်ရှိန် ၆/ဘပန(နိုင်)၀၂၀၅၇၄**

အမည်ပြောင်း

ဦးဇော်ထွန်း၏သား အထက(၂)၊ ပဉ္စမတန်း(C)မှ မောင်ထက်ကစ်စိုး:အား မောင်ဟက်ကက်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟက်ကက်စိုး**

ချစ်သားငယ်လေး ကိုစိုးသူရထွန်း(ခ)ကိုသဲငယ်အတွက် မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ၊ ချစ်မေမေတို့ရဲ့ ချစ်သားငယ် **ကိုစိုးသူရထွန်း**၏ ၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည့် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး သားငယ် ချစ်သောဖေဖေ၊ ချစ်သောမေမေ၊ ချစ်တူလေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လိုရာဆန္ဒတွေ ပြည့်စုံစွာဖြင့် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ - ဝဏ္ဏကျော်ထင်ဦးသက်ထွန်း
ချစ်မေမေ - အကယ်ဒမီဒေါ်တင်တင်နွဲ့
ချစ်တူလေး - မောင်ဖြိုးပြည့်ဇာနည်ထွန်း

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မူဆယ်ခရိုင်တရားရုံး

၂၀၀၀ ခုနှစ် တရားမဇာရီမှုအမှတ်-၅

၁။ ဦးဝင်းခင်	နှင့်	၁။ ဦးကျော်ဝင်း(ခ)လူစီယွမ်
၂။ ဒေါ်သန်းကြည်(ခ)မမွေး		၂။ ဒေါ်နန်းအိ
တရားနိုင်များ		တရားရှုံးများ

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ် ၁၈/၂၀၀၉ တွင် ကျရောက်သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းကို ၂၀၁၃ ခုနှစ် ဇွန် ၆ ရက်(၁၃၇၄ ခုနှစ် လဆန်း/လဆုတ်)ရက် နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံကြမ်းခင်းဈေး - ကျပ်သိန်း၃၂၀၀(ကျပ်သိန်း သုံးထောင့်နှစ်ရာတိတိ)

ဒီကရီကျသင့်ငွေ - တရားနိုင်သို့ငွေရင်းကျပ် ၁၈၆၆၆၆၀၀၀ိ/-နှင့် အနိုင်ဒီကရီချသည်(၂၂-၁၁-၂၀၁၀)ရက်မှ ငွေအပြေအကျေရသည့်ကာလအထိ ငွေ ၁၀၀ိ/လျှင် (၁)နှစ် ၁၈ ရာခိုင်နှုန်းအတိုးငွေ၊ ဒီကရီကျငွေနှင့် (၂၂-၃-၂၀၁၃)ရက်အထိ အတိုးအပါအဝင် စုစုပေါင်း ပေးဆပ်ရန်ငွေမှာ ကျပ် ၂၆၅၀၆၅၇၂၀/ ဖြစ်ပါသည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ ဦးပိုင်အမှတ် ၁၁၈/၁၆၁၊ မြေကွက်အမှတ် ၃၂၊ မြေဧရိယာ ၀ ဒသမ ၁၂၉ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ အိမ်အမှတ် မ/၇၅ ဟုခေါ်တွင်သော လေးထပ်တိုက်နှင့် ရင်ကွဲ ၂၄ ခန်းပါရှိသည့် တစ်ထပ်တိုက်ထစ်လုံးအပါအဝင် မြေပေါ်ရှိပစ္စည်းအရပ်ရပ်နှင့် အကျိုးခံစားခွင့်အားလုံး။ (အဆိုပါမြေကွက်ပေါ်ရှိ အဆောက်အအုံတို့တွင်(ဂရင်း)ဟိုတယ်ဖွင့်လှစ်ထားရှိသည်။ (စည်ပင်သာယာရေးတွင် အိမ်ခွန်တစ်နှစ်လျှင် ကျပ် ၇၆၅၀၀ိ/ ထမ်းဆောင်ပြီးဖြစ်သည်။

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျက် လက်မခံဘဲ လေလံတင်ရောင်းချလိမ့်မည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့ (သို့မဟုတ်)ထိုနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သန်းထွေး)
ခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

အမည်ပြောင်း

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာနေ ဦးမြင့်ရွှေ၏သမီး မသင်းသင်းလှိုင် ၁၃/လရန(နိုင်)၀၃၉၈၂၇ ၏ အမည်အား မသင်းသင်းခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၀၉၊ မြေကွက်အမှတ်-၃၅၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧက၊ အကျယ်အဝန်း ပေ(၄၅×၆၀) ရှိ ဒေါ်သိန်းမြအမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁)၊ အောင်ဆုပန်လမ်းဟုခေါ်တွင်သော အိမ်နှင့်မြေကို အမည်ပေါက် ဒေါ်သိန်းမြ၏ အမွေဆက်ခံခွင့်ရှိသူ လေးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်သူ၏ ညွှန်ကြားချက်ဖြင့်-

ဦးကျော်စွာဝင်း LL.B	**ဒေါ်သဲယုဆွေ LL.B, D.B.L**
(စဉ်-၃၄၉၀၃)	**(စဉ်-၃၁၄၁၇)**
ဦးခွန်အောင် LL.B	**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
(စဉ်-၃၄၉၄၀)	**(စဉ်-၂၉၆၀၅)**

အထက်တန်းရှေ့နေများ

အမှတ် ၅၆၀၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(ရ၁)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်(၂၆၁၂-က)၊ အကျယ်(၂၀'×၆၀') အမည်ပေါက် ဦးမောင်ဇော် (ပါမစ်မြေကွက်) နှင့် အမှတ် (၂၆၁၂-ခ)အကျယ် (၂၀'×၆၀')အမည်ပေါက် ဦးသန်းထွန်း (ပါမစ်မြေကွက်)တို့အား တချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးမောင်မောင်မြင့် TGKN -035172 ထံမှ အပိုင်ဝယ်ယူရန် စရံငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများပြသပြီး ယနေ့မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လုပ်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးအောင်	ဦးမြင့်အောင်(ခေတ္တရာ)	ဦးတင်မောင်မြင့်
LL.B,D.I.L,D.I.R	LL.B,D.M.L	LL.B,D.I.L

တရားလွှတ်တော်ရှေ့နေများ (Emperor Law Firm)

အမှတ် - ၈၃/၁၆-ဘီ၊ ၈-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၉၃၁၅၆၅၁, ၀၉-၇၃၂၃၆၄၆၅,၀၉-၇၃၀၁၉၅၀၆

အမည်ပြောင်း

ဦးအားရှု၏သမီး ကျိုင်းတုံမြို့၊ အလက (၃)၊ အဋ္ဌမတန်း(ခ)မှ မအားထုအား ယနေ့မှစ၍ မအားမီဟု ပြောင်းလဲခေါ်ပါရန်။ **မအားမီ ၁၃/ကတန(နိုင်)၁၃၅၄၁၇**

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက-၄၊ နဝမတန်းမှ မထိုက်နန္ဒာဟန်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၁၃/လရန(နိုင်)၀၀၃၁၂၃ ဖြစ်ပါကြောင်း။ **ဦးတင်စိုး**

အမည်မှန်

ဦးအော်ရီဗဟာဒူး၏သမီး လားရှိုးမြို့၊ အထက(၆)၊ အဋ္ဌမတန်း(ခ)မှ မထက်မြတ်နိုးအောင်၏အမည်မှန်မှာ မထက်မြတ်နိုးအောင်(ခ)မချွန်းစန္ဒာအောင် ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ မိုင်းနားကျေးရွာ၊ ဟိုးလော်ရပ်ကွက်ရှိ ဦးညွန့်အောင်၊ ၁/ဝမန(နိုင်)၀၁၇၆၁၀ ကိုင်ဆောင်သူ မြေခွန်ပြေစာအမည်ပေါက် ဦးပိုင်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၁၈)နှင့် ဦးပိုင်အမှတ်(၁၉)၊ ကွင်းအမှတ်(၆၁)၊ ကွင်းအမည်-မိုင်းနား(၁) ဧရိယာစုစုပေါင်း ၇ ဧကကို ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ဝန်ခံပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော်၏မိတ်ဆွေ ဒေါ်ချိုချိုဝေ ၀/မကန(နိုင်)၀၀၀၂၆၄ က ဝယ်ယူရန် သဘောတူကြသဖြင့် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများ၊ စာချုပ်စာတမ်းများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ချိုချိုဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအားနီ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၁၅၄)
အမှတ်(၁၂)၊ မိုင်းနား(ရွှေကျင်)၊ ဝိုင်းမော်မြို့နယ်။ ဖုန်း-၀၉-၄၀၀၀၂၂၄၇၂

ပြည်တွင်းသတင်း

အုပ်စုချင်းဆက် အားမာန်သစ်တံတားဖွင့်ပွဲ ကျင်းပ

လက်ပံတန်း မေ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ စိန်တုံးအုပ်စု စစ်ချောင်းကျေးရွာတွင် မေ ၁၉ ရက် နံနက် ၁၀ နာရီက ရေကြည်အုပ်စုနှင့် စိန်တုံးအုပ်စု ဆက်သွယ်သည့် အားမာန်သစ်တံတားဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးခိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရှေးဦးစွာ ဟသ်ာတမြို့ နိဗ္ဗာန်ပရဟိတကျောင်း ဆရာတော်မှ သြဝါဒစကားမိန့်ကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ အမှာစကားပြောကြားပြီး စိန်တုံးအုပ်စု အုပ်ချုပ်ရေးမှူး၊ ရေကြည်အုပ်စု အုပ်ချုပ်ရေးမှူးတို့မှ တံတားနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အလှူရှင်များကိုယ်စား ဟသ်ာတမြို့ သရဖူပွဲရုံ လုပ်ငန်းပိုင်ရှင် ဦးမြင့်သိန်းဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားမာန်သစ်တံတားအား အင်းသာကျောင်းဆရာတော်၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး သရဖူပွဲရုံ လုပ်ငန်းပိုင်ရှင် ဦးမြင့်သိန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။

တည်ဆောက်ထား

အဆိုပါတံတားမှာ အလျား ပေ ၁၂၀၊ အကျယ် ကိုးပေရှိ ကွန်ကရစ်တံတားဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရမှ ငွေကျပ် ၆၀၅၀၀၀၀ ခွင့်ပြုငွေဖြင့် ဦးမြင့်သိန်းဦးအဖွဲ့နှင့် ဒေသခံပြည်သူများ၏ လှူဒါန်းမှုဖြင့် အဆိုပါတံတား၏ စုစုပေါင်းတန်ဖိုးငွေမှာ ကျပ်သိန်း ၂၁၀ ကုန်ကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(ဝဇိရ)

အကြွေးတောင်းရာမှ စကားများရန်ဖြစ်၍ လူသတ်မှု ဖြစ်ပွား

ရေး မေ ၃၀

မွန်ပြည်နယ် ရေးမြို့နယ် ခမင်းဆိပ်ကျေးရွာ ချောင်းဝခြံစုတွင် မေ ၂၇ရက် ည ၇ နာရီခွဲက မသွယ်သွယ်အေးသည် ကွမ်းသီးခြံ နေအိမ်အတွင်း ရှိနေစဉ် ခင်ပွန်းဖြစ်သူ ကျော်သူအောင်မှာ ဦးမျိုးအောင် နေအိမ်ရှေ့တွင် တစ်ရပ်ထဲနေ စိုးမင်းထွန်းနှင့် အကြွေးတောင်းသည့်ကိစ္စ စကားများရန်ဖြစ်ပြီး စိုးမင်းထွန်းက တောခုတ်ဓားဖြင့် ခုတ်ခဲ့ကြောင်းကြားသိရသဖြင့် သွားရောက်ကြည့်ရှုရာ ခင်ပွန်းဖြစ်သူကျော်သူအောင်မှာ ဝဲလည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်အတွက် ခင်ပွန်းသည်အားသတ်ခဲ့သူ စိုးမင်းထွန်းကိုဥပဒေအရ အရေးယူပေးပါရန် မသွယ်သွယ်အေးက မေ ၂၈ ရက်တွင်တရားလိုပြုလုပ် တိုင်တန်းခဲ့ကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

ဧရာဝတီယူနိုက်တက် ဘောလုံးအကယ်ဒမီမှ ကျောင်းသားဘောလုံးကစားသမားများ လာရောက်ရွေးချယ်

ဖျာပုံ မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီးတွင် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှ လာရောက် အရွေးချယ်ခံကြသည့် ယူ-၁၁၊ ယူ-၁၂ များအတွက် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း ကျောင်းသား ပေါင်း ၅၀ ကျော်ကို ပုသိမ်မြို့ ဧရာဝတီယူနိုက်တက် ဘောလုံးအကယ်ဒမီကျောင်းအုပ်ကြီး ဦးလင်းအောင်နှင့် အဖွဲ့ဝင်များက မေ ၂၇ ရက်မှ ၂၈ ရက်အထိ ဘောလုံးနည်းပညာများ စမ်းသပ်ရွေးချယ်ကြသည်။

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ၁၃ ဦးကို လက်ရွေးစင်ရွေးချယ်ရရှိခဲ့ပြီး အဆိုပါ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဧရာဝတီယူနိုက်တက်ဘောလုံးအသင်းကျောင်းတွင် မြန်မာ့ဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် လူငယ်မျိုးဆက်သစ်ကလေးများအား ပြုစုပျိုးထောင်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ရွေးချယ်ရခြင်းဖြစ်သည်။

ဖျာပုံခရိုင် အား/ကာလက် ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းက "ကျွန်တော်တို့ ဖျာပုံခရိုင်အတွင်းမှာရွေးချယ်ခံရတဲ့ ကျောင်းသား ၁၃ ဦးကို ပုသိမ်မြို့ ဧရာဝတီယူနိုက်တက် ဘောလုံးအကယ်ဒမီကျောင်းကို ခေါ်ဆောင်ပြီး ဘောလုံးနည်းပညာများ လေ့ကျင့်ပေးမယ့်အပြင်ပညာရေးကိုလည်း သင်ကြားပေးမှာဖြစ်ပြီး နေထိုင်စားသောက်မှု၊ လေ့ကျင့်မှုများ ပြည့်စုံအောင် ထားပေးမှာဖြစ်ပါတယ်။ ကျောင်းသားများကို တစ်နေ့နှစ်ကြိမ် လေ့ကျင့်ပေးပြီး နေ့စဉ်ကျောင်းတက်ပြီး စာသင်ရမှာဖြစ်ပါတယ်။ ကျောင်းတက်စဉ် သင်တန်းသားတစ်ဦးကို တစ်လအသုံးစရိတ် ငွေကျပ် ၁၂၀၀၀ ထောက်ပံ့မည့်အပြင် အစားအစာများကို နေ့စဉ် ခြောက်ကြိမ်ကျွေးမွေးပြီး ကျောင်းသားများကို ကျူရှင်ပါ အပိုသင်ကြား၍ ပြည့်စုံအောင် ထားရှိပေးမှာဖြစ်ပါတယ်"ဟု ပြောပြသည်။

မြန်မာ့ဘောလုံးအသင်း တိုးတက်မြင့်မားရေးအတွက် အထောက်အကူဖြစ်စေရန် ဧရာဝတီယူနိုက်တက် ဘောလုံးအကယ်ဒမီ ကျောင်းမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျောင်းသားများအား စဉ်ဆက်မပြတ် ရွေးချယ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ(ဖျာပုံ)

လက်ပံတန်း၌ ယဉ်ကျေးမှုသင်တန်းဖွင့်

လက်ပံတန်း မေ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြင်ကဝ ကျေးရွာအုပ်စု လယ်တီကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီက ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း အင်္ဂလိပ်/မြန်မာဖွင့်ပွဲ ကျင်းပရာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုသလ၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ နိဂြောဓာရုံကျောင်းမှ သင်တန်းနည်းပြဆရာတော် ဘဒ္ဒန္တစန္ဒ၊ သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ သင်တန်းသားသင်တန်းသူ ၁၇၀ တက်ရောက်ကြပြီး ကျောင်းထိုင်ဆရာတော်က သြဝါဒကထာ မိန့်ကြားသည်။

ရုပ်သိမ်း

ဆက်လက်၍ ဖြစ်မြောက်ရေးအဖွဲ့မှ ဦးသောင်းစိန်၊ ဦးမြင့်ဦး၊ ဦးစံလင်းတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

ဓားခုတ်မှုကျူးလွန်သူအား အရေးယူထား

ရေး မေ ၃၀

မွန်ပြည်နယ် ရေးမြို့၌ မေ ၂၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က အဘော်ကျေးရွာ ဖားကလဲ့ခြံစုရှိ ရော်ဘာခြံ၌ ခြံတာဝန်ခံဖြစ်သူ ဦးအောင်တင်မြင့်မှာ ဓားခုတ်ခံရကြောင်းသိရ၍ ခြံပိုင်ရှင် ဦးအောင်သူက သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝဲလက်ကောက်ဝတ်၊ ညာလက်မောင်း၊ ညာခါးတို့တွင် ပြတ်ရှဒဏ်ရာများရသဖြင့် ရွှေပြည်သာကျေးရွာနေ ဦးစိုးမင်းဦး(ခ)မင်းမင်းက ဓားဖြင့်ခုတ်ကြောင်းသိရ၍ ရော်ဘာခြံပိုင်ရှင် ဦးအောင်သူက တရားလိုပြုလုပ်တိုင်တန်းပြီး ရေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

ကျွန်တော့်အတွေး ကျွန်တော့်အမြင်များ

ဦးလှဝင်း (လေသူရဲတစ်ဦး)

ဒီနေ့ခေတ်အပေါ် ကျွန်တော် ဘယ်လို

တွေးမိ၊ မြင်မိတယ် ဆိုတာကို ဖော်ပြထားတာပါ။

ရတနာပုံစာအုပ်တိုက် - အမှတ် ၄၆/၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၃၇၆၁

အေးရတနာမိုး CAR RENTAL

မြို့တွင်း၊ မြို့ပြင်၊ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များ

ကို စျေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။

အမှတ်-၁၂၇၊ ၂၁လမ်း၊ လသာမြို့နယ်။ ဖုန်း-၀၉၇၃၀၃၈၁၂၀။

GLORY အမှတ် ၁၂၉-ဘီ၊ ပထမထပ်၊ (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းဆောင့်ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ City & Guilds
www.glory-education.com ☎ 09-73121717, 09-5197817

"ကုန်ကျစရိတ်သက်သာစွာဖြင့် အင်ဂျင်နီယာ ပညာသင်ယူလိုသူများအတွက်"

UK Engineering Diploma & Advanced Diploma သင်တန်းများ

▶▶ အနာဂတ်အတွက် အကောင်းဆုံးပြင်ဆင်လိုသူ လူငယ်များအတွက် သင်တန်းကာလ (၆)လ မှ (၁)နှစ် ခွဲခန့်အတွင်း နိုင်ငံတကာအသိမှတ်ပြု ဒီပလိုမာလက်မှတ်ကို ရရှိနိုင်သည်။

▶▶ Electrical, Electronic, Mechanical, Mechatronic, Civil, Refrigeration & Air Con, Electrical Installation , M & E အစရှိသော Major(8) မျိုးမှ နှစ်သက်ရာရွေး၍ တက်နိုင်သည်။

ရုံးချိန်တွင်း / ရုံးချိန်ပြင်ပ တန်းခွဲများရွေးချယ်တက်နိုင်ပြီ။

ငှားရမ်းနိုင်ပါသည်

Back Hoe (မြေတူးစက်)

Dozer (မြေထိုးစက်)

Wheel Loader (မြေကော်စက်)

Compactor (မြေကြိတ်စက်)

Dump Truck (မြေသယ်ကား)

Transporter (ယန္တရားသယ်ကား)

09-73184826

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းထွန်းဦး ၁၃/တခလ(နိုင်)၀၉၀၁၄၅ ၏ပတ်စ်ပို့စာအုပ် M-၄၇၄၇၂၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၃၅၂၁၇

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂ခ/၂၅၅၅၊ BMW 318 TDS, S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စောအောင် ၁၃/ကလန(နိုင်)၀၀၁၆၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

FAME JavaHerb®

Anti-diabetic

သကြားမကိုင်ဆေး

ISO 9001 : 2008

ISO 14001 : 2004

OHSAS 18001 : 2007

GMP Certified

Organic Certified

1112 YR 008205

၂/၂၀၁၂ တဆထလ/တီး(၀၆၅၇)

ကားရောင်းမည်

Probox, BB လိုင်စင် ဒီဇယ်၊ Manual

ဖုန်း-၀၉-၅၁၀၅၃၆၈

ကားရောင်းမည်

၁၈/၆ — Honda Civic Hybrid MXST 2009, Silver, 4.5A, Km-25000, smart key, Original TV, Back Camera, Blue Tooth, Steering Volume Control, 8 Air Bag, နောက်မှန်မဲ၊ တိုင်ရုံအမဲ

09-73184826

FAME GynuHerb®

Natural medicine for diabetes

များမြီးရွက်ဆေး

ဆီးချိုရောဂါ ကာကွယ်ရန်နှင့်ကုသရန်

ISO 9001 : 2008

ISO 14001 : 2004

OHSAS 18001 : 2007

GMP Certified

Organic Certified

TMR 009054 (0814)

၂/၂၀၁၂ တဆထလ/တီး(၀၆၅၇)

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ကောလင်းမြို့နယ်၊ ချောင်းကွေ့ကျေးရွာနေ ဦးမောင်ညွန့်(ခ) ဦးညွန့်လှိုင်၏သား မောင်စောမင်းထက် ၅/ကလတ(နိုင်)၀၇၇၆၀၆အား မောင်စိုးမင်းထက် ဟု ပြောင်းလဲခေါ်ပါရန်။ မောင်စိုးမင်းထက်

ပြန်လည်ပြင်ဆင်ကြော်ငြာချက်

၈-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၅တွင်ပါရှိသော မဖာမေ ၁၃/လရန(နိုင်)၁၀၅၀၇၈၏ မြေကွက်ဦးပိုင် အမှတ်မှာ ၁၆/ဂ၊ ၁၆/ဃ ဖြစ်ကြောင်း ပြန်လည်ပြင်ဆင်ရန် ကြော်ငြာအပ်ပါသည်။

မဖာမေ ဖုန်း-၀၉-၄၀၃၇၅၀၆၉၈

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

(၁၀၉)ကြိမ်မြောက် တော်ဝိဆုတောင်းပြည့် ရောင်တော်ပြန်ဘုရားပွဲ ကျင်းပ

ညောင်လေးပင် ဧပြီ ၃၀

ဦးဝင်းမြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်-ပုသိမ်မဲဆန္ဒနယ်)-ဒေါ်ချိုချိုတို့၏မိခင် ဒေါ်သန်း အသက်(၉၇)နှစ်သည် ၂၇-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပုသိမ်မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်နေလင်း
အငယ်တန်းအင်ဂျင်နီယာ-၂၊ စက်မှု
အသက်(၃၂)နှစ်

အဆောက်အအုံအထူးအဖွဲ့(၈) စစ်တွေမှ ဦးအောင်နေလင်းသည် ၂၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

ဒုအင်ဂျင်နီယာမှူးကြီးနှင့်ဝန်ထမ်းမိသားစု
အဆောက်အအုံ အထူးအဖွဲ့(၈)၊ စစ်တွေ

ဖခင်အမည်မှန်

မောင်ရဲရင့်မှူး အထက(၁) ပဲခူး၊ သတ္တမတန်း(A)နှင့် မဖြိုတ် သီရိဖိုလ် အထက(၁) ပဲခူး ပဉ္စမ တန်း (A)တို့၏ ဖခင်အမည်မှန် မှာ ဦးမင်းကိုဦး ဖြစ်ပါသည်။

ဦးမင်းကိုဦး

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်းရေးရာ

ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက် (ကောက်နုတ်ချက်) များနှင့် ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ဝန်ကြီးဌာနများ၊ လုပ်ငန်းအကောင်အထည်ဖော်မည့်ကော်မတီများ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင်အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင်အထည်ဖော်မည့် ကော်မတီ
၁။	**ဒုက္ခသည်များကိစ္စ** မိုးမကျမီ အမိုးအကာ အောက်ရောက်ရှိရေး	(က) ရခိုင်လူမျိုးဒုက္ခသည်များကို အထိုက်အလျောက် နေရာချထားပြီးဖြစ်သော်လည်း ဘင်္ဂါလီလူမျိုး ဒုက္ခသည်များအား ပြန်လည်နေရာချထားပေးရန် အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။ ရခိုင်လူမျိုးများက ဘင်္ဂါလီများကို နိုင်ငံသားစိစစ်မှုလုပ်ငန်းများ လုပ်ဆောင်ပြီးမှသာ နေရာချထားပေးရန် တောင်းဆိုနေပါသည်။ သို့ရာတွင် မကြာမီ မိုးကျလာတော့မည်ဖြစ်ရာ မိုးမကျမီ ဒုက္ခသည်များ လုံခြုံသော အမိုးအကာအောက် ရောက်ရှိရေးသည် အထူးအရေးကြီးပြီး ဦးစားပေး လုပ်ဆောင်ပေးရပါမည်။	နယ်စပ်ရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ နိုင်ငံတကာအဖွဲ့အစည်းများ	ဒေသတွင်း ယာယီနေရာ ချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
	ပြန်လည်နေရာချထားရေး	(ခ) ဘင်္ဂါလီဒုက္ခသည်စခန်းများသည် လူဦးရေသိပ်သည်းနေခြင်း၊ ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အိမ်သာများ လုံလောက်စွာစီမံပေးရေး၊ မိုးရာသီတွင် ဖြစ်ပွားလာနိုင်သည့် အခြေအနေများကို ကြိုတင်ခန့်မှန်းကာ လုပ်သင့်လုပ်ထိုက်သည်များ လုပ်ဆောင်ထားရပါမည်။	- ၎င်း -	ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ
	စာသင်ကျောင်းဖွင့်လှစ်နိုင်ရေး	(ဂ) ဘင်္ဂါလီဒုက္ခသည်စခန်းများရှိ ကျောင်းသား/သူများအတွက် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရပါမည်။	- ၎င်း -	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
	အစားအစာဖူလုံရေးနှင့် အာဟာရချို့တဲ့မှုများ	(ဃ) အစားအစာဖူလုံရေးအတွက် လိုအပ်ချက်များ ကြိုတင်တွက်ချက်စီမံထားခြင်း၊ အာဟာရချို့တဲ့မှုများရှိနေ၍ တိုက်ဖျက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရပါမည်။	- ၎င်း -	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
	အသက်မွေးဝမ်းကျောင်းလုပ်ငန်း	(င) ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့် မရမချင်း ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးသည် အစိုးရအပေါ်တွင် တာဝန်ရှိလာပါသည်။ သို့ဖြစ်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ပေးရပါမည်။	- ၎င်း -	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
	အခြေတကျနေထိုင်နိုင်ရေး	(စ) အခြေအနေများ ပြန်လည်တည်ငြိမ်လာသည့်အခါ အခြေချနေထိုင်နိုင်မည့် အစီအမံများကို အစိုးရအနေဖြင့် ရေးဆွဲလျာထားရပါမည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
၂	လူမှုရေး တိုင်းရင်းသားကမန်များကိစ္စ	(က) လက်ရှိအခြေအနေတွင် ရခိုင်လူမျိုးများသည် ဘင်္ဂါလီလူမျိုးများအပေါ် နာကျည်းစိတ်ပြင်းထန်နေသဖြင့် စီးပွားရေး၊ လူမှုရေးများအရ ဆက်ဆံမှု လုံးဝမပြုလုပ်ကြရန်နှင့် ဆက်ဆံမိသူများကို ပြင်းထန်သည့် လူမှုရေးနှိမ့်ချမှုများ ပြုလုပ်နေကြသဖြင့် လူ့အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံရေး လုံးဝပြတ်တောက်ခဲ့ရသည်။ ရမ်းဗြဲမြို့မှ တိုင်းရင်းသား ကမန်လူမျိုးများသည် အစဉ်အလာအားဖြင့် ပညာရေးနှင့် ဆက်သွယ်ရေးရုံးများတွင် အစိုးရဝန်ထမ်းများ ဖြစ်ကြပါသည်။ ယခုအခါ ၎င်းတို့သည် ဒုက္ခသည်စခန်းများတွင် ပိတ်မိနေခြင်းနှင့် စပ်လျဉ်း၍ လတ်လပ်စွာ သွားလာခွင့် ပြန်လည်ရရှိနိုင်ရေး နိုင်ငံတော်အစိုးရမှ အရေးယူပေးနိုင်ရန် တင်ပြတောင်းဆိုမှုများအပေါ် အမြန်ဆုံးဆောင်ရွက်ပေးသင့်ပါသည်။	ရခိုင်ပြည်နယ်အစိုးရ	ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ
	လူဦးရေတိုးပွားနှုန်းကိစ္စ	(ခ) ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့်အတူယှဉ်တွဲနေထိုင်ရန်ကြောက်ရွံ့သော ကိစ္စတစ်ခုမှာ ဘင်္ဂါလီများ၏ လူဦးရေတိုးပွားနှုန်း အဆမတန် မြင့်မားခြင်းပင်ဖြစ်သည်။ ၎င်းတို့အပေါ် အုပ်ချုပ်ရေးအာဏာဖြင့် အတင်းအကျပ်သားဆက်ခြားရေးအစီအစဉ်များ မလုပ်သင့်ပါ။ နိုင်ငံတကာအမြင်တွင် ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင် ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူများမှ ဤကိစ္စကို အသုံးချ၍ ပြည်နယ်အတွင်း မတည်ငြိမ်မှုများကို ဖန်တီးလာနိုင်ပါသည်။	လဝကဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ နစက	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ
	လူမှုရေးသဟဇာတဖြစ်စေရေးကိစ္စ	(ဂ) နိုင်ငံသားပြုခွင့်ရထားသူ၊ ဧည့်နိုင်ငံသားအဖြစ် နေထိုင်လိုသူတို့သည် ဤနိုင်ငံ၏ ဥပဒေ၊ စည်းကမ်းတို့ကို လိုက်နာ၍ မိမိနေထိုင်သည့်ဒေသနှင့် သဟဇာတဖြစ်စေရန် ဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို အတိုင်းအတာတစ်ခုအထိ သင်ကြားတတ်မြောက်ထားစေပြီး စိစစ်ပြီးမှသာ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားအဖြစ် ခွင့်ပြုသင့်သည်။ မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံး မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်းများကို သိရှိလိုက်နာကြရမည်ဖြစ်ပြီး ပညာပေးလုပ်ငန်းများကိုလည်းတစ်ဖက်မှ ဆောင်ရွက်ပေးသင့်ပါသည်။	လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ
	ဖြစ်ရပ်မှန်ရှင်းလင်းရေးကော်မတီ တစ်ရပ် ဖွဲ့စည်းရေးကိစ္စ	(ဃ) နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် အစ္စလာမ်လူ့အဖွဲ့အစည်းတို့အကြား ဖြစ်ပျက်ခဲ့သမျှတို့၏ မူလအကြောင်းရင်းမှန်တို့ကို ရာဇဝင်စစ်စစ် ဖော်ထုတ်တင်ပြရေးကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ပါသည်။ နောင်တွင် ပြဿနာထပ်မဖြစ်စေရန် မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို အဖြေထုတ်နိုင်ရန်ဖြစ်ပြီး လိုအပ်ပါက ပြည်ပတိုင်းပြည်များသို့ပါ ဖြစ်ရပ်မှန် ရှင်းလင်းရေးအဖွဲ့များစေလွှတ်နိုင်ရေးကိုလည်း စဉ်းစားထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး	တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ
၃	**နိုင်ငံသားပြုရေးကိစ္စ**	(က) နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးကိုအလျင်အမြန်စိစစ်ရန် လိုအပ်ပါသည်။ နိုင်ငံသားအဖြစ် ရရှိနိုင်မှသာလျှင် ပြည်တွင်းရှိ အခြားနိုင်ငံသားများနှင့်အတူ ပေါင်းစည်းနေထိုင်နိုင်မည်ဖြစ်သည်။ ထိုအတူ ဘင်္ဂါလီများအနေဖြင့်လည်း နိုင်ငံသားအခွင့်အရေးရမှ မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသော တိုင်းရေးပြည်ရေးများကို ပိုမိုစိတ်ဝင်စားလာမည်ဖြစ်ပြီး တိုင်းပြည်အတွင်း တာဝန်ရှိစွာ နေထိုင်သူများဖြစ်လာမည်ဖြစ်သည်။	လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ်အစိုးရ	လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ
		(ခ) အစိုးရသည် ဘင်္ဂါလီများ၏ နိုင်ငံသားဖြစ်နိုင်မှု၊ မဖြစ်နိုင်မှုကို တည်ဆဲဥပဒေများအရ ပွင့်လင်းမြင်သာစွာ၊ တိကျစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံမဲ့ဖြစ်နေသူများကိစ္စကို နိုင်ငံအတွင်း ကျင့်သုံးနေသည့်ဥပဒေများဖြင့် အရေးယူဆောင်ရွက်ရန်သာမက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆက်လက်အရေးယူရန် လိုအပ်ပါသည်။ နိုင်ငံသားဖြစ်ခွင့်ရရှိသူများ၊ အသိအမှတ်ပြုခြင်းများကို အခမ်းအနားဖြင့် ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပပေးသင့်ပါသည်။	လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ်အစိုးရ	လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ
၄	**စီးပွားရေးကိစ္စ**	(က) လူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား နိမ့်နေခြင်း၊ စီးပွားရေးအသိပညာနည်းပါးခြင်းတို့ကြောင့် လူအများစုသည် သယံဇာတအပေါ် အခြေခံသည့်စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအပေါ်တွင်သာ အသက်မွေးဝမ်းကျောင်းနေကြရပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းသည် ဆားငန်ရေဝင်ရောက်၍ အခွင့်အလမ်းနည်းပါးသဖြင့် မြန်မာ့မျိုးရင်း စပါးကောင်းများ၊ နည်းပညာမြင့်အထွက်တိုးစပါးများကို ရခိုင်ဒေသသို့ ဖြန့်ဝေပေးသင့်ပါသည်။	လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
		(ခ) နိုင်ငံသားမဟုတ်သူများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်း ခွင့်မပြုပါက ၎င်းတို့၏ စားဝတ်နေရေးပြဿနာသည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာမည့်အပြင် ဆင်းရဲမှုကြောင့် ပဋိပက္ခများ ထပ်မံဖြစ်ပေါ်လာနိုင်ပါသည်။ ပျက်စီးသွားခဲ့သော နေအိမ်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် ရေ၊ မီးတို့ကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ စီးပွားဖြစ်ထန်းမကို ရည်ရွယ်၍ လူမျိုး၊ ဘာသာကွဲပြားသော စီးပွားရေးလုပ်ငန်းရှင်များ၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်စေရေး၊ စီးပွားကုန်သွယ်စီးဆင်းမှုမှန်ကန်စေရေးတို့ကို သက်ဆိုင်ရာ အစိုးရနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်း	စွမ်းအင်၊ လျှပ်စစ်၊ နယ်စပ်ဒေသဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရ	ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ၊

အချပ်ပို (၈) သို့

ပြည်တွင်းရေးရာ

အချပ်ပို(င)မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
		ဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ ရရှိလာသော သဘာဝဓာတ်ငွေ့၏ အစိတ်အပိုင်း အချို့ကိုသုံးကာ ကျောက်ဖြူဒေသအား လျှပ်စစ်ဓာတ်အား မပေးပါက အစိုးရ အပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ် လာစေနိုင်ပါသည်။		
		(ဂ) ရခိုင်ပြည်နယ်တွင် သမိုင်းအမွေအနှစ်များ၊ သာယာလှပသော ကမ်းခြေများရှိသဖြင့် အပန်းဖြေစခန်းနှင့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်လုပ်ကိုင်သင့်ပါသည်။ ထို့ပြင် လေ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း များ၊ အများပိုင်လျှပ်စစ်ဓာတ်အားပေးလုပ် ငန်းများ၊ ငါးဖမ်းလုပ်ငန်းနှင့် အအေးခန်း စက်ရုံများ တည်ဆောက်ခြင်း၊ CMP (Cutting, Making and Packing) လုပ်ငန်းများ၊ ရေသွင်းပုစွန်မွေးမြူရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အပန်းဖြေဥယျာဉ်များ တည်ထောင်ခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်နိုင်ပါသည်။	သက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့် ရခိုင် ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဃ) စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အတိုးနှုန်းမြင့်မားစွာ ချေးငွေယူနေရခြင်း ကို ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် ၎င်း တို့၏ လူမှုရေး၊ စီးပွားရေးအကွက် များစွာ အထောက်အကူရရှိမည်ဖြစ်ပါသည်။	သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ရခိုင် ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ
၅။	**ကျန်းမာရေး**	(က) ဒုက္ခသည်စခန်းများတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ယင်လုံအိမ်သာ လုံလောက်မှုရှိရေးသည် အရေးတကြီး လိုအပ်ချက်ဖြစ်ပါသည်။	ကျန်းမာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO, NGO များ	ဒေသတွင်းယာယီ နေရာ ချထားရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်း ကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း များ ပူးပေါင်းဆောင်ရွက် ရေးလုပ်ငန်းကော်မတီ
		(ခ) အစားအစာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် တွင် ငတ်မွတ်မှုမရှိနိုင်သော်လည်း သန့်ရှင်း သောအစားအစာနှင့် မှန်ကန်သော အစား အသောက်နည်းလမ်းများကို ကျင့်သုံးနိုင်မှု အားနည်းပါသည်။ ထို့ကြောင့် ကလေး သူငယ်များ ငတ်မွတ်မှုမရှိနိုင်သော်လည်း အာဟာရဓာတ်ချို့တဲ့မှုများရှိနိုင်ပါသည်။	-၎င်း-	ကုလသမဂ္ဂ အဖွဲ့ အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူး ပေါင်းဆောင်ရွက်ရေး လုပ်ငန်း ကော်မတီ
		(ဂ) အစိုးရအနေဖြင့် ဒုက္ခသည်များ၏ စိတ် ဓာတ်ရေးရာ မတည်ငြိမ်မှုများနှင့် အကြောက်တရားများ လွှမ်းမိုးနေမှုများကို ကူညီကုစားပေးရေး အလေးထား၍ အလျင်အမြန်ဆောင်ရွက်ပေးသင့်ပါသည်။	-၎င်း-	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း များ ပူးပေါင်းဆောင်ရွက် ရေးလုပ်ငန်းကော်မတီ တည်ငြိမ် အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ
၆။	**ပညာရေး**	(က) ရခိုင်ဒုက္ခသည်များအတွက် စာသင်ကျောင်း များ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ် အတွင်း အားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ပေး နိုင်ခဲ့သော်လည်း ဘင်္ဂါလီဒုက္ခသည်စခန်း များရှိ ကလေးများအတွက် စာသင်ကျောင်း များ ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင် ရန် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO, NGO များ	လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း များ ပူးပေါင်းဆောင်ရွက် ရေးလုပ်ငန်းကော်မတီ
		(ခ) လုံခြုံရေးအားနည်းသဖြင့် ရခိုင်နှင့် ဘင်္ဂါလီကျောင်းသားများ ရောနှောတက် ရောက်ရသည့် ကျောင်းများတွင် လုံခြုံရေး စိတ်မချရသဖြင့် ကျောင်းသားများ တက် ရောက်မှုနည်းပါးပါသည်။ ထိုကဲ့သို့သော ကျောင်းများကို စိစစ်၍ လုံခြုံရေးတိုးမြှင့် ချထားရန် လိုအပ်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO, NGO များ	လုံခြုံရေးနှင့်နယ်မြေစိုးမိုး ရေး လုပ်ငန်းကော်မတီ
		(ဂ) ဘင်္ဂါလီကျေးရွာရှိ ကျောင်းများ၊ ပဋိပက္ခ ဖြစ်နိုင်ခြေများသော ရခိုင်နှင့် ဘင်္ဂါလီများ နီးကပ်စွာရှိနေသည့် ကျောင်းများတွင် ဆရာ ဆရာမများ မလာရဲတော့သဖြင့် ဒေသခံများကို အမြန်ခန့်အပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO များ	လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ
		(ဃ) နိုင်ငံတော်အပေါ် သစ္စာစောင့်သိလာစေရေး၊ အချင်းချင်း အပြန်အလှန်လေးစားတတ်စေ ရေးတို့ အတွက် ဘာသာရေးကျောင်းများ၏ သင်ရိုးညွှန်းတမ်းများကို အမြန်ဆုံးစိစစ်ပြီး ပြင်ဆင်ပြောင်းလဲမှုများ အမြန်ဆုံး ပြုလုပ် သင့်ပါသည်။ဒေသခံကလေးများ၏ အသိ ပညာ ရေချိန်မြင့်တင်နိုင်ရန် ပြည်သူ့နီတိ (Civic Education)ကို ပြည်နယ်တစ်ဝန်း ပို့ချသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန သာသနာရေးဝန်ကြီး ဌာန ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ
		(င) ဘင်္ဂါလီများအား မြန်မာစာ အရေး၊ အဖတ်၊ အပြောအတွက် အသုံးလုံးကျေသင်တန်း များပို့ချမှုကို လူထုလှုပ်ရှားမှုတစ်ရပ်ဖြင့် ရခိုင်ပြည်နယ်တွင် ဖော်ဆောင်သင့်ပါသည်။	ပညာရေး ဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ
		(စ) ဒုက္ခသည်စခန်းရှိ ဘင်္ဂါလီစာသင်ကျောင်း များတွင် တက်ရောက်မည့် ကလေးသူငယ် များ လက်လှမ်းမီစေရန် စီမံဆောင်ရွက် ပေးသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO များ	လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကော်မတီ ဒေသကွင်းယာယီနေရာ ချထားရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်း ကော်မတီ ကုလသမဂ္ဂ အဖွဲ့ အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူး ပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ
		(ဆ) ရခိုင်နှင့်ဘင်္ဂါလီများရောနှောတက်ရသည် ကျောင်းများတွင် လုံခြုံရေးအစီအမံများချ မှတ်ခြင်း၊ ဝေးလံခေါင်သီသည့်ဒေသများ တွင် ကျောင်းဆရာ ဆရာမများမှ ယုံကြည် စွာ တာဝန်များ ပြန်လည်ထမ်းဆောင်စေ နိုင်မည် အစီအမံများ၊ အာမခံချက်များကို အစိုးရအနေဖြင့် ချမှတ်ပေးသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ အဖွဲ့	တည်ငြိမ်အေးချမ်း ရေး နှင့် တရားဥပဒေစိုးမိုး ရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေ စိုးမိုးရေး လုပ်ငန်း ကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ
		(ဇ) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန် နှစ်ဖက်လူမျိုးများတွင်ရှိနေသည့် လူမျိုးရေး အမြင်ကျဉ်းမြောင်းမှုများ၊ အမုန်းတရားများ ပပျောက်ပြီး လူမှုရေးအမြင်များပြောင်းလဲ သွားစေမည့် အထူးပညာရေးစနစ်နှင့် အစီ အစဉ်များကို ဖော်ဆောင်သွားရန်လိုအပ် ပါသည်။ဒေသခံပြည်သူများ၏ ဘာသာ စကားဖြင့် ထုတ်လွှင့်သောရေဒီယိုအသံ လွှင့်ဌာန (FM Radio Station) တစ်ခု တည်ထောင်ပေးရန်နှင့် နောင်တွင် TV Channel တစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ပြုလုပ်ထားသင့်ပါသည်။	ပညာရေး၊ သာသနာ ရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့	တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုး ရေးလုပ်ငန်းကော်မတီ ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ
၇။	**ဘာသာရေး**	(က) လက်ရှိရခိုင်ပြည်နယ်ရှိ အစ္စလာမ် ဘာသာရေးကျောင်းများတွင် သဘော ထားပြင်းထန်သည့် ဘာသာရေး ခေါင်း ဆောင်များ၏နေရာတွင် ရန်ကုန်နှင့် မန္တလေးမြို့များရှိ သဘောထားပျော့ ပျောင်းသော အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များကို သေချာလေ့ကျင့် ပေးကာ ၎င်းတို့ကို ရွှေ့တန်းတင်ပြီး ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာရေး ကျောင်းများအား ပြုပြင်ပြောင်းလဲရေး များကို ပြုလုပ်သင့်ပါသည်။	သာသနာရေး၊ ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ခ) အစိုးရအနေဖြင့် ဘာသာရေးဂိုဏ်းပေါင်းစုံနှင့် ပူးပေါင်း၍ Interfaith Dialogue Meeting များ ပြုလုပ်ပေးခြင်းဖြင့် ဗုဒ္ဓဘာသာဝင် များနှင့် မူဆလင်များအကြား နားလည်မှု ပိုမိုရရှိအောင် ပြုလုပ်ပေးသင့်ပါသည်။	သာသနာရေး၊ ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ဂ) သဘောထား ပြင်းထန်သည့် ဘာသာရေး ခေါင်းဆောင်များဦးစီးသော ဘာသာရေး ကျောင်းများကို အစိုးရမှ စိစစ်ကြပ်မတ် သင့်ပြီး သင့်တော်သည့် အစ္စလာမ်ဘာသာ ဝင်ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့တစ်ခု ဖွဲ့စည်းကာ သင်ကြားသင့်သည့် သင်ရိုး ညွှန်းတမ်းများကို ရေးဆွဲစေပြီး ယင်း အတိုင်းသာ သင်ကြားပို့ချစေသင့်ပါသည်။	သာသနာရေး၊ ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ ဘာသာ ရေးစိစစ်ရေးကို ပြန်လည်ပြုလုပ်သင့်ပါ သည်။ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော် ကြီးကျောင်းများ၊ ဗလီများ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၊ ဟိန္ဒူဘာသာရေး ကျောင်းများ စသည့် ဘာသာရေး အဆောက်အအုံများ၊ ဘာသာရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအားလုံး ကို ပြန်လည်စိစစ်ကြပ်မတ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ထိုသို့ စစ်ဆေးပြီးပါက သာသနာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု သည့် တရားဝင် စာရွက်စာတမ်းအထောက် အထားများကို ထုတ်ပေးသင့်ပါသည်။	- ၎င်း -	တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေ စိုးမိုးရေး လုပ်ငန်း ကော်မတီ
၈။	**INGO, NGO များ**	(က) နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင် ပြည်နယ် အရေးနှင့် ပတ်သက်၍ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပြုလုပ်သော သဘောတူညီ ချက်များကို ပြည်နယ်အတွင်း အခြေအနေ များ၊ တိုင်းပြည်တွင်း အခြေအနေများနှင့်	ပြည်ထောင်စုအစိုးရ အဖွဲ့	ကုလသမဂ္ဂအဖွဲ့ အစည်း၊ နိုင်ငံတကာ အဖွဲ့ အစည်းများ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ

အချပ်ပို(ဆ)သို့

ပြည်တွင်းရေးရာ

အချပ်ပို (၈) မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
		ကိုက်ညီမှုရှိ/ မရှိ အသေးစိတ်ဆန်းစစ်ပြီး အောက်ခြေပြည်သူလူထု၏ အခြေအနေများကို နားလည်ထားပြီးမှ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်သင့်ပါသည်။		
		(ခ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အစိုးရ၊ အလှူရှင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာကျွမ်းကျင်သူ ဒေသခံခေါင်းဆောင်တို့ဖြင့် ဆွေးနွေးလုပ်ကိုင်သင့်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအတွက် ပွင့်လင်းမြင်သာသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရန်နှင့် မှန်ကန်သော သတင်းအချက်အလက်များ မျှဝေသွားရန်လည်း လိုအပ်ပါသည်။	ပြည်ထောင်စု အစိုးရ ရခိုင်ပြည်နယ် အစိုးရ INGO, NGO, CBO များ	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဂ) ပြည်ထောင်စုအစိုးရမှ ဦးဆောင်သော ဒေသအစိုးရ၊ NGOs, CBOs နှင့် အကျိုးဝင်ပတ်သက်သူများအားလုံး ပါဝင်စေနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်သင့်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့အစည်းများအကြား နားလည်မှုပိုမိုမြင့်မားလာသည့်အပြင်၊ အခြေခံရမည့် နိုင်ငံတကာစံများအတိုင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲဖော်ထုတ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာမည်ဖြစ်သည်။	ပြည်ထောင်စု အစိုးရ ရခိုင်ပြည်နယ် အစိုးရ INGO, NGO, CBO များ	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
၉	**လုံခြုံရေးနှင့် အုပ်ချုပ်ရေး**	(က) ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီများအကြား ပဋိပက္ခများစွာ ဖြစ်ပွားနေခဲ့ခြင်းဖြစ်ရာ အခြားနိုင်ငံများထံမှ သင်ခန်းစာယူ၍ Conflict Management Center ကဲ့သို့သော ဌာနတစ်ခုအား ဖွဲ့စည်းထားသင့်ပြီး ပဋိပက္ခဖြစ်ပွားစေနိုင်သည့် အချက်အလက်များ စုဆောင်းခြင်း၊ ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းရေး နည်းလမ်းများ ရေးဆွဲပြုစုခြင်း၊ ပဋိပက္ခများ ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြင်ဆင်ပြုစုခြင်းများ လုပ်ဆောင်ထားသင့်ပါသည်။	ပြည်ထောင်စု အစိုးရအဖွဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ခ) ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ အချိန်မရွေး ဖြစ်ပွားနိုင်သည့် အခြေအနေတွင် ရှိနေသေးရာ အစိုးရအနေဖြင့် ပဋိပက္ခများကို အချိန်မီ ကြိုတင်ခန့်မှန်းသိရှိနိုင်ရန်နှင့် ပြင်ဆင်ထားနိုင်ရန် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးစနစ် (Early Warning System) တစ်ခုကို တည်ဆောက်ရန်လိုအပ်ပါသည်။ ထိုသို့သောအခြေအနေတွင် လုံခြုံရေးတပ်အင်အားများ များပြားစွာ ရုတ်တရက်လျှော့ချခြင်းမျိုး မပြုလုပ်သင့်ပါ။ လုံခြုံရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ထားရန် လိုအပ်ပါသည်။ ထို့အပြင် အကြမ်းဖက်/အစွန်းရောက်အဖွဲ့အစည်းများ၏ အန္တရာယ်မှ ကြိုတင်ကာကွယ်ထောက်လှမ်းသိရှိနိုင်ရန်၊ စစ်ဘက်၊ အရပ်ဘက် ထောက်လှမ်းရေးများ ပါဝင်သည့် Special Team တစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ရန် လိုအပ်ပါသည်။	ပြည်ထောင်စု အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဒေသတွင်း ယာယီ နေရာချထားရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်း ကော်မတီ
		(ဂ) အစိုးရအနေဖြင့် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ မည်သို့မည်ပုံ၊ မည်သည့်အခြေအနေတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်မည်ကိုသိရှိနိုင်ရန် လူမျိုးစုနှစ်ခုလုံးမှ အပြန်အလှန်တွေ့ဆုံညှိနှိုင်း၍ အဖြေရှာရန် လုပ်ဆောင်ပေးရပါမည်။ အစိုးရအနေဖြင့် ကူညီပံ့ပိုးပေးသည့်အခန်းကဏ္ဍမှ ပါဝင်သင့်ပါသည်။ ထိုသို့တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အစိုးရအနေဖြင့် လူမျိုးစုနှစ်ခုစလုံးမှ သဘောထားပျော့ပျောင်းသော ခေါင်းဆောင်များနှင့် ကော်မရှင်၏ အကြံပြုချက်များကို နိုင်ငံတော်သမ္မတ၏ အထူးအမိန့်ဖြင့် ဖွဲ့စည်းပေးမည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့(Task Force)တစ်ခု ဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဃ) ထိုတွေ့ဆုံပွဲများကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း လူမှုရေးအဖွဲ့များက ကြီးမှူး၍ အဓိကထားကျင်းပသွားသင့်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကျင်းပလိုပါက ကျင်းပမည့် ထိုအဖွဲ့အစည်းသည် ရခိုင်နှင့် ဘင်္ဂါလီနှစ်ဖွဲ့စလုံးမှ လက်ခံနိုင်သည့် အဖွဲ့အစည်းဖြစ်ရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက မျက်နှာသာပေးမခံရဟု မှတ်ယူသည့်အဖွဲ့မှ မကျေနပ်ချက်ပို၍ ကြီးထွားလာနိုင်ပါသည်။	နိုင်ငံတော်သမ္မတရုံး	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(င) လက်ရှိအခြေအနေတွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများကို သီးခြားစီခွဲထားရန် လိုအပ်ပါသည်။ သို့သော် ဤလူ့အဖွဲ့အစည်းနှစ်ခုကို အမြဲတမ်းခွဲထားရန်မှာမူ မဖြစ်နိုင်ပါ။ တစ်ဦးပေါ်တစ်ဦး ထားရှိလာခဲ့သော အမျက်ဒေါသများ လျော့သွားသည်အထိ ခွဲထားသင့်ပါသည်။ ဤအတောအတွင်း ဥပဒေချိုးဖောက်သူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရပါမည်။	ပြည်ထောင်စု အစိုးရအဖွဲ့ ပြည်နယ် အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဒေသတွင်း ယာယီ နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ
		(စ) ရခိုင်ပြည်နယ်သည် လူဦးရေတိုးတက်နှုန်းအလွန်အမင်းမြင့်မားနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းရေ နယ်နိမိတ်များ ထိစပ်နေသည့်အပြင် အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက်ပေါက်ရောက်သည့် ရှည်လျားလှသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ မြန်မာနိုင်ငံသာမက ဒေသလုံခြုံရေး၊ စီးပွားရေးတို့အတွက် အလွန်အချက်အချာကျနေပါသည်။ သို့ဖြစ်၍ ဖြန်မာ့ပင်လယ်ပြင်ကို စိုးမိုးထားနိုင်ရေးအတွက် တပ်မတော် ရေတပ်အင်အားကို မဖြစ်မနေတိုးချဲ့ထားရပါမည်။ ထို့နည်းတူစွာ ကမ်းခြေစောင့်ရဲ(Marine Police)ကိုလည်း ဖွဲ့စည်းချထားရန် လိုအပ်ပါသည်။ ၎င်းလုံခြုံရေးလက်နက်ကိုင် တပ်ပေါင်းစုကို ထိပ်ဆုံးမှ တပ်မှူးကြီးတစ်ဦးက ပေါင်းစပ်ညှိနှိုင်းကွပ်ကဲစေရပါမည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ဘက်စုံလုံခြုံရေး မဟာဗျူဟာစီမံချက်များကို ရေးဆွဲချမှတ်ထားရှိရပါမည်။ (holistic approach) နှင့် (preventive approach) ရပ်ခံချက်(paradigm) ဖြင့် စီမံဆောင်ရွက်ထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသား စိစစ်ရေးလုပ်ငန်း ကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဆ) ယခုနှစ် ဒီဇင်ဘာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ အနည်းနှင့်အများ ဂယက်ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။ နယ်စပ်အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်ထားသင့်ပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း နယ်စပ်ခြံစည်းကာနေသော တပ်မတော်အင်ဂျင်နီယာတပ်မှစစ်သည်အချို့အား တစ်ဖက်နိုင်ငံအခြေပြုစစ်သွေးကြွများက အလစ်အငိုက်ယူတိုက်ခိုက်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များနှင့် မကြာခဏနှောင့်ယှက်မှုများရှိနေခဲ့ကြောင်း ကြားသိရပါသည်။ သို့ဖြစ်ရာ နယ်စပ်လုံခြုံရေးအတွက် ကြိုတင်မြော်တွေးပြီး လုံခြုံရေးအစီအမံများ ထားရှိခြင်း၊ လုံခြုံရေးတပ်ဖွဲ့အင်အား တိုးမြှင့်ချထားခြင်းများ ဆောင်ရွက်ထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဇ) လက်ရှိနယ်စပ်အခြေအနေများကြောင့် နစကအနေဖြင့် နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရ အမိန့်များထုတ်ပြန်ကာ ဆက်လက်ထိန်းချုပ်ထားသင့်ပါသည်။ သို့ရာတွင် နစကအဖွဲ့များသည် နယ်မြေဒေသ အေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို ဦးတည်၍ တာဝန်များကို ဆောင်ရွက်သင့်ပါသည်။ နစကအဖွဲ့ဝင်များသည် တရားဥပဒေဘောင်အတွင်း နေထိုင်သောပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ရပါမည်။ တရားဥပဒေကို ချိုးဖောက်သူများကို ဆက်ဆံရာတွင်လည်း တရားဥပဒေကြောင်းအရ အရေးယူမှုမျိုးကိုသာ ပြုလုပ်သင့်ပါသည်။ နစကအဖွဲ့ဝင်များသည် ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများအားလုံးကို ရှောင်ကြဉ်သင့်ပြီး ပြည်သူ့ဆက်ဆံရေး ကျင့်ဝတ်များကို လိုက်နာကျင့်သုံးသင့်ပါသည်။ အကယ်၍ နစကတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဥပဒေချိုးဖောက်မှုရှိခဲ့ပါကလည်း တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဈ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဓိကရုဏ်းများဖြစ်ပွားသည့်အခါ တာဝန်ယူမည့် အဓိကရုဏ်းဖြေရှင်းရေးတပ်ကိုဖွဲ့စည်းခြင်း၊ ထိုတပ်ဖွဲ့များအား လိုအပ်လိုသည့်လက်နက်များ အပြည့်တပ်ဆင်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထူးသင်တန်းများပေးခြင်း၊ အရေးအခင်းဖြစ်သည်နှင့် အဓိကရုဏ်းကိုင်တွယ်ဖြေရှင်းသည့်တပ်အား ရှေးဦးစွာ တာဝန်ပေးပြီး ပဋိပက္ခအား ကိုင်တွယ်ဖြေရှင်းစေခြင်းတို့ ပြုလုပ်သင့်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ

အချပ်ပို (၈) သို့

ပြည်ထောင်စုသတင်း

အချပ်ပိုင်(ဆ)မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင်အထည် ဖော်မည့်ဌာန	လုပ်ငန်းအကောင်အထည်ဖော်မည့် ကော်မတီ
		ပဋိပက္ခကဲ့သို့ အထူးလေးနက်သိမ်မွေ့သည့် ပြဿနာများအား ဖြေရှင်းရာတွင် အထူးသင်တန်းပေးထားသော အဓိကရုဏ်းကိုင်တွယ်ဖြေရှင်းသည့် တပ်ရှိမှသာ ပဋိပက္ခများကို လျော့နည်းစေနိုင်မည်ဟု ယူဆပါသည်။ တပ်မတော်၏ အကူအညီရယူရပါကလည်း တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို အဓိကရုဏ်း နှိမ်နင်းရေးလက်နက်၊ ခဲယမ်းများ လုံလောက်စွာထုတ်ပေးထားသင့်ပါသည်။		
		(ည) ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများ ချုပ်ငြိမ်းစေရန် လုံခြုံရေးတာဝန်ယူနေသည့်မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့နှင့် ထောက်လှမ်းရေးတပ်ဖွဲ့များ၊ နစက စသည့်အင်အားစုများကို ယခုအခါ အင်အားနှစ်ဆအထိ တိုးမြှင့်ချထားပေးရန် လိုအပ်ပါသည်။ ထိုလုံခြုံရေးအဖွဲ့အစည်းများသည် မိမိတို့၏ တာဝန်ဝတ္တရားများကို ဥပဒေနှင့်အညီ ထမ်းဆောင်ရမည် ဖြစ်ပါသည်။ အကယ်၍ ဤလုံခြုံရေးအဖွဲ့များမှ တာဝန်ရှိသူများသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက ထိုသူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဋ) ဖြစ်ပွားခဲ့သော ရခိုင်အရေးအခင်းနှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးဌာနများ (ပြည်ထောင်စုအစိုးရအဖွဲ့)၏ ပါဝင်လုပ်ဆောင်မှုများ အခန်းကဏ္ဍမှာ နည်းပါးလွန်းသည်ဟု ယူဆကြောင်း၊ အားမရပါကြောင်း၊ အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများအနေဖြင့် ယခုထက်ပိုမို ပါဝင်သင့်သည်ဟု ယူဆကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနပင်လျှင် ခဏတစ်ဖြုတ်လာပြီး ပြန်သွားကြောင်း၊ ပြည်နယ်အစိုးရမှာ လုပ်ပိုင်ခွင့်အကန့်အသတ်နှင့်သာဖြစ်၍ ဤပြဿနာကို ပြည်ထောင်စုအစိုးရမှ ယခုထက် ပိုမိုပါဝင်စွက်ဖက်သင့်သည်ဟု ယူဆကြောင်း စစ်တွေမြို့ခံ ရပ်မိရပ်ဖများထံမှ ကြားသိရပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဌ) ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများသည် ရခိုင်လူမျိုး အရာရှိများသာဖြစ်ပါက ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များသည် ရခိုင်ကို မျက်နှာသာပေးသည်ဟု ပြောလာနိုင်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရသည့်အဖွဲ့များတွင် ရခိုင်အမျိုးသားသာမက တိုင်းရင်းသားပေါင်းစုံကို တာဝန်ပေးအပ်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဍ) လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ပင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အထွေထွေအုပ်ချုပ်ရေး၊ လဝက၊ အကျဉ်းဦးစီး၊ တရားရေးနှင့် ဥပဒေဌာနများသည် ဖွဲ့စည်းပုံအင်အား ပြည့်မီခြင်း မရှိသဖြင့် ပဋိပက္ခများကို ထိရောက်စွာ ကိုင်တွယ်နိုင်ခြင်းမရှိကြပါ။ အထူးသဖြင့် မောင်တောတွင် အခင်းဖြစ်ပွားသည့်အခါတိုင်း ရင်ဆိုင်ရသည့် အင်အားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား မမျှခဲ့သဖြင့် ထိန်းသိမ်းရာတွင် အားနည်းချက်များစွာရှိခဲ့သည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံပြည့်မီရေးအင်အားဖြည့်တင်းပေးထားသင့်ပါသည်။ အထူးသဖြင့် လဝက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာနတို့အားအထူးကိစ္စရပ်အနေဖြင့် အင်အားဖြည့်တင်းပေးပြီး ကျေးရွာအဆင့်အထိ ကွင်းဆင်းကာစိစစ်ရေးလုပ်ငန်းများအင်တိုက်အားတိုက်ဆောင်ရွက်စေသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဎ) ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ မြစ်ချောင်းများ အလွန်ပေါများသဖြင့် တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သွားရောက်နိုင်ခြင်း မရှိခြင်းကြောင့် အရေးပေါ်ကိစ္စများတွင် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဦးစားပေး ဆောင်ရွက်ပေးထားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်နယ်အစိုးရအဖွဲ့	လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ဏ) ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက အမြန်ဆုံး တည်ငြိမ်မှုများ ပြန်လည်ရရှိရေးဆောင်ရွက်ရာတွင် လည်းကောင်း၊ မဖြစ်ပွားမီ ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရသည့် တာဝန်ရှိသူပုဂ္ဂိုလ်များအား ထိရောက်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက်အားပေးရန် လိုအပ်သကဲ့သို့ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုံလောက်သည့်လုပ်ပိုင်ခွင့် အမိန့်အာဏာများကိုလည်း ပေးအပ်ထားသင့်ပါသည့်။ ထိုသို့တာဝန်ယူစိတ်အပြည့်ဖြင့် နည်းလမ်းတကျလုပ်ငန်းဆောင်ရွက်သူကိုလည်း လုံလောက်သည့်ထောက်ခံမှုများနှင့် အကာအကွယ်များပေးထားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(တ) နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်(နစက)သည် မတူညီသောဝန်ကြီးဌာန(၄)ခုမှ ထုတ်နုတ်ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းနှင့်ကာက(ကြည်း)၏တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိနေကြောင်းသိရှိရပါသည်။ တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရန်ဖွဲ့စည်းမှုများကို ပြန်လည်သုံးသပ်သင့်ပါသည်။ လက်ရှိ နစကသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ဟု ဒေသခံများက ပြောကြပါသည်။ သို့ရာတွင် ကွပ်ကဲမှုလမ်းကြောင်း မတူညီမှုကြောင့် ဌာနဆိုင်ရာအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် အားနည်းနေသေးသည်ကိုတွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်ရှိ တပ်မတော်မှအပ နယ်ဘက်အုပ်ချုပ်ရေးနှင့် ဆက်စပ်သောဌာနအားလုံးသည် ပြည်နယ်ဝန်ကြီးချုပ်ကို အပြည့်အဝတာဝန်ခံမှုမျိုးဖြစ်သင့်ပါသည်။ လုံခြုံရေးအဖွဲ့အစည်းများသည် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် နယ်မြေဒေသအတွင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လုံခြုံရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အမိန့်ကို နာခံရပြီးဒေသဆိုင်ရာ အုပ်ချုပ်ရေးဆောင်ရွက်သူများ၏အမိန့်ကို နာခံနိုင်ခြင်းမရှိသည်ကိုတွေ့ရပါသည်။ သို့ဖြစ်ပါ၍ လုံခြုံရေးအဖွဲ့အစည်းများသည် ပဋိပက္ခများကို မဖြစ်ခင်ကြိုတင်ကာကွယ်ရာတွင်လည်းကောင်း၊ ဖြစ်ပြီးချိန်တွင်အခြေအနေကို ထိန်းချုပ်နိုင်ရေးအတွက်ထမ်းဆောင်ရာတွင် လည်းကောင်း ၎င်းတို့၏ တာဝန်များကို အချိန်မီထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဆောင်ရွက်နိုင်မည့် နည်းလမ်း (Mechanism) များရှိရန်လိုအပ်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်း ကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(ထ) ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ခိုးဝင်လာသူများ(Migration) ကိစ္စများကို ကိုင်တွယ်ရာတွင် ဘင်္ဂလားဒေ့ရှ် အစိုးရမပါဘဲ ဖြေရှင်းရန်မဖြစ်နိုင်ပါ။ နယ်စပ်တွင် ဖြစ်ပွားသော အခြားပြဿနာများသည်လည်း အလားတူဖြစ်ပါသည်။ လက်ရှိတွင် နစက တစ်ခုတည်းကသာ ကိုင်တွယ်ဆက်ဆံနေခြင်းဖြစ်ပါသည်။ ပိုမိုထိရောက်စေရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးအား နိုင်ငံတော်အဆင့်ဖြင့် ဆက်ဆံသွားသင့်ပါသည်။ သို့ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နှင့် ဆက်ဆံရေးကို တိုးမြှင့်ထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်း ကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်း ကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကော်မတီ
၁၀	**တရားဥပဒေစိုးမိုးရေး**	(က) ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အမိန့်များကို သိရှိနားလည်သူအလွန်နည်းပါးနေပါသည်။ ထိုဥပဒေများကို သိရှိနားလည်ပြီး ထိုဥပဒေများ၏ အကာအကွယ်ပေးမှုကို ရရှိခံစားနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အစိုးရဌာနများ၊	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်း ကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်း ကော်မတီ

အချပ်ပိုင်(ဈ)သို့

ပြည်တွင်းရေးရာ

အချပ်ပို (ဈ) မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင်အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင်အထည်ဖော်မည့် ကော်မတီ
		စစ်တွေတက္ကသိုလ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘားကောင်စီ)၊ မြန်မာနိုင်ငံ တက္ကသိုလ်များရှိ ဥပဒေသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများပူးပေါင်းကာ နွေရာသီဥပဒေပညာပေးသင်တန်းများကို ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။		
		(ခ) နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့် နိုင်ငံရေးအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကိုမဆို ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လူမျိုးရေးပြဿနာများအပေါ် မိမိတို့အဖွဲ့အစည်းအကျိုးအမြတ်အတွက် အသုံးပြုခြင်းကို ဥပဒေများပြဋ္ဌာန်း၍ ထိရောက်စွာ တားမြစ်သွားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ
		(ဂ) တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနိုင်ရေးအတွက် ဥပဒေချိုးဖောက်သူများကို တရားရုံးမှ အရေးယူအပြစ်ပေးခြင်း ပြုလုပ်ရာတွင် ရခိုင်၊ ဘင်္ဂါလီ၊ အခြားတိုင်းရင်းသားများဟူ၍ ခွဲခြားဆက်ဆံခြင်းမပြုဘဲ တရားဥပဒေရှေ့တွင် အားလုံးတန်းတူဆက်ဆံခြင်းပြုနိုင်ရေး အလေးထားသင့်ပါသည်။ ပဋိပက္ခများ ထိန်းသိမ်းကိုင်တွယ်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ပြန်တမ်းများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအများစု သိရှိနားလည်နိုင်ရန် ထုတ်ဝေသင့်ပါသည်။	ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ
		(ဃ) လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ယှဉ်တွဲနေထိုင်သည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုအစရှိသည်တို့ကို အခြေခံပြီး ပဋိပက္ခဖြစ်ရန် သို့မဟုတ် အဓိကရုဏ်းများဖြစ်ရန် လှုံ့ဆော်မှုပြုသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။ ယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းတွင် အမုန်းတရားကို အခြေခံပြီး ဖြစ်ပွားလာသည့် မှုခင်းများကို ထိထိရောက်ရောက် အရေးယူနေပါသည်။ ထို့ကြောင့် လက်ရှိကျင့်သုံးနေသော ပြစ်မှုဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ထိရောက်စွာအရေးယူမှုများကို ပြုလုပ်ရန် လိုအပ်ပြီး ဟန့်တားနိုင်ရန် ထိရောက်သည့် ပြစ်ဒဏ်များပေးနိုင်ရေးအတွက် ပြင်ဆင်ရန်လည်းလိုအပ်ပါသည်။ ဥပဒေပြုရေးကဏ္ဍမှလည်း ထိရောက်သော အရေးယူမှုများလုပ်နိုင်ရန် လိုအပ်သည့်ဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းပေးသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ
၁၁	**ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေး**	(က) ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအချို့၏ နိုင်ငံသားဖြစ်ရေးသည် လက်ရှိအခြေအနေတွင် ရှင်းလင်းမှုမရှိသေးပါ။ သို့ရာတွင် အစိုးရနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် သူတို့အပေါ် လူ့အခွင့်အရေး မချိုးဖောက်မိစေရန်နှင့် လူမှုဘဝလုံခြုံရေး၊ လူမှုဖူလုံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။ အစိုးရအဖွဲ့အစည်းများအနေဖြင့် တရားမဝင် ဝင်ရောက်လာသူများသည် အခြေခံလူ့အခွင့်အရေးများ ရသင့်သည်ဟု လက်ခံ၍ ထိုသူများအပေါ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သင့်သည်များကို အများပြည်သူသိသာစေရန် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ် ရေးနှင့် နိုင်ငံသား စိစစ်ရေး လုပ်ငန်း ကော်မတီ တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေး လုပ်ငန်း ကော်မတီ
		(ခ) နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီးသော ဘင်္ဂါလီများကိုလည်း ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကို ပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် နိုင်ငံတော် လုံခြုံရေးအတွက် ထိုသူများ၏ အခွင့်အရေးများကို ကန့်သတ်ရန်လိုအပ်ပါကလည်း ဥပဒေအရ တိကျစွာ ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပဋိပက္ခနှင့် ပတ်သက်နေသူအားလုံး၏ လူ့အခွင့်အရေးများကို မည်သူမျှ ချိုးဖောက်ခွင့်မပြုခဲ့ပါက မလိုလားအပ်သည့် ပြဿနာမြောက်မြားစွာကို ရှောင်ကြဉ်ပြီးသား ဖြစ်သွားမည်ဖြစ်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေး လုပ်ငန်း ကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဂ) အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းရာတွင် လူ့အခွင့်အရေးများ မချိုးဖောက်မိစေရန်နှင့် ပြည်နယ်အတွင်းရှိ နေထိုင်သူများ၏ ဘဝလုံခြုံမှုကို အလေးပေး ဆောင်ရွက်ရပါမည်။ သို့ရာတွင် တိုင်းပြည်၏အမျိုးသား အကျိုးစီးပွားနှင့် မြန်မာပြည်သူတို့၏ လုံခြုံရေးအပေါ် ထိခိုက်နိုင်သူများ၏ လူ့အခွင့်အရေးကန့်သတ်မှုများကိုမူ နိုင်ငံတိုင်းက ပြုလုပ်တတ်ကြပါသည်။ အကယ်၍ လူတစ်ဦး သို့မဟုတ် လူတစ်စု၏ လူ့အခွင့်အရေးများကို ကန့်သတ်ရန် လိုအပ်လာသည်ဆိုပါက တိုင်းပြည်လုံခြုံရေးအတွက် အမှန်တကယ် လုပ်ဆောင်ရန် လိုအပ်မှသာ ပြုလုပ်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့် တရား ဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဃ) ရခိုင်ပြည်နယ်တွင် ကျင့်သုံးလျက်ရှိသော တရားရေးကဏ္ဍနှင့် ဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များသည် ပြည်နယ်အတွင်းနေထိုင်သူများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် (Problem Solving Machanism) တစ်ခုအဖြစ် ရှိနေရန်လိုအပ်ပါသည်။ ထိုသို့ဖြစ်မှသာ ရခိုင်နှင့် ဘင်္ဂါလီအများစုအနေဖြင့် ဥပဒေမဲ့ပြဿနာ ဖြေရှင်းမှုများ လျော့နည်းလာမည်ဖြစ်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့ ပြည်နယ် အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့် တရား ဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(င) ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့် အတူယှဉ်တွဲနေထိုင်ရန် ကြောက်ရွံ့နေသော ကိစ္စတစ်ခုမှာ ဘင်္ဂါလီများ၏ လူဦးရေ တိုးပွားနှုန်းဖြစ်သည်။ ထိုတိုးပွားလာသော လူဦးရေကိုကြည့်၍ ရခိုင်အချို့မှ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြသည်ဟု ခံယူထားကြပြီး ရခိုင်ပြည်နယ်အား ဘင်္ဂါလီများ ထိန်းချုပ်သော ပြည်နယ်မဖြစ်စေရန် လုပ်ဆောင်ရမည်ဟူသည့် အယူဝါဒရှိလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်တိုင်းရင်းသားများက အစိုးရအနေဖြင့် ဘင်္ဂါလီများအပေါ် ပေါ်လစီများ ချမှတ်အကောင်အထည်ဖော်ရန် ဆန္ဒရှိနေကြပါသည်။ အစိုးရအနေဖြင့် မိသားစုစီမံကိန်းကို စနစ်တကျ လုပ်ဆောင်သွားနိုင်လျှင် ရခိုင်လူမျိုးများ၏စိုးရိမ်မှုများ တစစ်တစ်ဒေသ လျော့ကျသွားပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို အထောက်အကူပြုနိုင်သည်ဟု ပြောဆိုကြပါသည်။ အစိုးရကသော်လည်းကောင်း၊ လူမှုအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း ဘင်္ဂါလီများအပေါ် အုပ်ချုပ်ရေးအာဏာသုံးကာ သားဆက်ခြားရေးအစီအစဉ်များ အတင်းအကျပ်မလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ပါက နိုင်ငံတကာအမြင်တွင် ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင်၊ ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူများမှ ဤကိစ္စကို အသုံးချ၍ ပြည်နယ်အတွင်း မငြိမ်မသက်မှုများကို ဖန်တီးလာနိုင်ပါသည်။ ထို့အပြင် မိန်းမတစ်ယောက်ထက် ပိုမယူရန် အုပ်ချုပ်ရေးအာဏာကို သုံးကာ တားမြစ်ခြင်းများသည် လက်တွေ့တွင် အကျိုးသက်ရောက်မှု အလွန်ပင် အားနည်းနေသည်ကို တွေ့ရပါသည်။ လက်ရှိ အစိုးရတက်လာသည့်အချိန်ထိ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီများအနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ အိမ်ထောင်ပြုခွင့်မရှိပါ။ ဤစည်းမျဉ်းသည် သက်ဆိုင်ရာ အရာရှိမှ ဘင်္ဂါလီများထံ လာဘ်ယူရန် အခွင့်အရေး ဖန်တီးပေးသလိုဖြစ်နေပြီး လက်တွေ့တွင် အကျိုးသက်ရောက်မှုမရှိသည်ကို တွေ့ရသည်။ ဘင်္ဂါလီအများအပြားသည် သက်ဆိုင်ရာမှ ခွင့်ပြုချက်မယူဘဲ တိတ်တဆိတ် လက်ထပ်ထားသူ အမြောက်အမြားရှိနေပါသည်။ ပြဿနာမှာ ထိုသူများမှ မွေးဖွားလာသည့် ကလေးများသည် မှတ်တမ်းတင်မထားသည့် ကလေးများဖြစ်သွားကာ စစ်တမ်းကောက်ယူထားမှုများအရ ထိုကဲ့သို့သော ကလေးပေါင်း ၆၀၀၀၀ ကျော်ခန့်ရှိနေကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ နောင်တစ်ချိန်တွင်လူဦးရေ ပြဿနာများ ရှုပ်ထွေးလာနိုင်ပါသည်။ သို့ဖြစ်၍ အစိုးရအနေဖြင့် ပါကစ္စတန်နှင့် အခြား မူဆလင် နိုင်ငံများတွင် ချမှတ်အကောင်အထည်ဖော်သည့် ပညာပေးရေးနှင့် ဥပဒေများ စနစ်တကျပြဋ္ဌာန်း၍ အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်သွားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ INGO,NGO များ	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာ ဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ

အချပ်ပို (ည) သို့

ပြည်တွင်းရေးရာ

အချပ်ပို(ရ)မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
၁၂	**မီဒီယာကဏ္ဍ**	(က) ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကို တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာမှ အသေအချာ စောင့်ကြည့်လျက်ရှိသည်ဖြစ်ရာ အမြဲသတိရှိရပါမည်။ အစိုးရတာဝန်ရှိသူများသည် ပဋိပက္ခနှင့်ပတ်သက်၍ သတင်းမီဒီယာများကို ပြောကြားရာတွင် လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံ၍ လုပ်ငန်းများလုပ်ဆောင်ရာတွင် လည်းကောင်း ပြည်နယ်အတွင်း ရှိပြီးသားပြဿနာများကို ပို၍ဆိုးရွားသွားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်သင့်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်အစိုးရ၏ အစိုးရအဖွဲ့ဝင်လူကြီးများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမရှိပါဟု အလွယ်တကူ မပြောသင့်ပါ။ ယင်းသို့ ပြောကြားခြင်းသည် ရခိုင်လူမျိုးများအား မလိုလားအပ်သည့် လှုံ့ဆော်မှုများ ပြုလုပ်သလို ဖြစ်နေပါသည်။ အစိုးရအနေဖြင့် တရားမဝင် ဝင်ရောက်လာသူများနှင့် ထိုကိစ္စများတွင် အဂတိလိုက်စားသည့် အစိုးရဝန်ထမ်းများကို ဥပဒေနှင့်အညီ စိစစ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဟုသာ ပြောသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ
		(ခ) ထို့အပြင် ပဋိပက္ခနှင့် ပတ်သက်သော အကြောင်းအရာများကို internet ပေါ်တွင် ဖုံးထားရန် လုံးဝမဖြစ်နိုင်တော့ပါ။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ဖြစ်စဉ်များကို မှန်မှန်ကန်ကန်၊ တိတိကျကျ ပုံမှန်သတင်း ထုတ်ပြန်ပေးသင့်ပါသည်။ ထိုသို့မပြုလုပ်ပါက နှစ်ဖက်စလုံးမှ လှုံ့ဆော်သူများ၏ ထုတ်လွှင့်သော ကောလာဟလသတင်းများ၏ လွှမ်းမိုးမှုကြောင့် အခြေအနေများ ပိုမိုဆိုးရွားလာမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်၏ သတင်းထုတ်ပြန်မှု နှေးကွေးမှုအပေါ် နှစ်ဖက်လှုံ့ဆော်သူများမှ အခွင့်အရေးယူကာ ဖြန့်ချိလိုက်သော ကောလာဟလများကြောင့် အခြေအနေများ ဆိုးရွားလာတတ်သည်ကို မကြာသေးခင်က ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် တွေ့ရှိနိုင်ပါသည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဂ) ရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသောပဋိပက္ခများကို ပြည်တွင်းကသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ အထူးစောင့်ကြည့်နေပြီး ASEAN နိုင်ငံများသို့လည်း နိုင်ငံအချို့က ဤပြဿနာကို နိုင်ငံတကာပြဿနာဖြစ်လာအောင် ကြိုးပမ်းလျက်ရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဆက်ဆံရာတွင် ဤပြဿနာသည် မြန်မာပြည်တွင်းရေးပြဿနာဟု ပြောရုံဖြင့် မလုံလောက်ပါ။ အစိုးရအနေဖြင့် ရခိုင်ပြည်ရှိ ပဋိပက္ခများကို ပြည်တွင်းပြဿနာတစ်ခုအဖြစ် ဖြေရှင်းနိုင်ကြောင်း လက်တွေ့ပြသရန် လိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်မှုများနှင့်ပတ်သက်သော သတင်းထုတ်ပြန်မှုများကို ပုံမှန်ပြုလုပ်သွားရန် လိုအပ်ပါသည်။ ရန်ကုန်ရှိ သံတမန်အသိုင်းအဝိုင်းအတွင်း၌ပင် internet နှင့် facebook တို့မှ ရရှိသော မှန်၊ မမှန် သေချာမှုမရှိသည့် သတင်းများကို အခြေခံ၍ အစိုးရအပေါ် အပြစ်တင်မှုများ ရှိနေပါသည်။ ဤအခြေအနေမျိုးတွင် internet နှင့် social media network (facebook) များကို ထိန်းချုပ်မှုများ ပြုလုပ်ခြင်းမျိုးသည် အခြေအနေကို ပို၍ဆိုးရွားသွားစေနိုင်ပါသည်။ အစိုးရအနေဖြင့် ပို၍တိကျသော သတင်းထုတ်ပြန်မှုများကို ပြုလုပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးအတွက် အရေးကြီးသော ကိစ္စမှအပ ကျန်ကိစ္စများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခြင်းဖြင့် မတိကျ၊ မလိုလားအပ်သော ကောလာဟလသတင်းများကို ကျော်လွှားနိုင်ရန် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက်များ အခါအားလျော်စွာ ထုတ်လွှင့်ခြင်းများကို ပုံမှန်ဆောင်ရွက်သင့်ပါသည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ
		(ဃ) ဇွန်လ၊ သြဂုတ်လနှင့် စက်တင်ဘာလများတွင် ရခိုင်ပြည်နယ် နေရာအနှံ့အပြား၌ အဓိကရုဏ်းများ ဆိုးရွားလာသည့် အဓိကအကြောင်းအရင်းတစ်ခုမှာ နိုင်ငံတော်အစိုးရ၌ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပတ်သက်သော လိုအပ်သည့်သတင်းအချက်အလက်များအား ကြိုတင်ရရှိထားခြင်း မရှိသည့်အတွက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရအနေဖြင့် အဓိကရုဏ်းများကို ကြိုတင်ကာကွယ်နိုင်ရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရန် ဆောင်ရွက်သွားသင့်ပါသည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ

စာတည်းမှူးချုပ်ထံ အိတ်ဖွင့်ပေးစာ

ပေထွက်ဇော် (ရေစကြို)

စာတည်းမှူးချုပ်ခင်ဗျာ ၂၅-၄-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၀တွင် ပညာရေးကွက်လပ်လေး ဖြည့်ဆည်းပေးစေချင်ဟူသော သတင်းကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးခဲ့သည့်အတွက် သမီးလေး မဖြူဖွေးသန့်၏ ဆက်လက်ပညာသင်ကြားရေး ဘဝင်အေးခဲ့ရပါသည်။

၂၅-၄-၂၀၁၃ရက်နေ့မှာပင် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရသည့်အတွက် မဖြူဖွေးသန့် ဆက်လက်ပညာသင်ကြားနိုင်ရန် ပညာဒါနပြုလိုသူ ရန်ကုန်မြို့မှ အလှူရှင် ငါးဦးတ ဆက်သွယ်လာပါသည်။

၂၆-၄-၂၀၁၃ရက်နေ့တွင် ရန်ကုန်မြို့မှ အလှူရှင်နှစ်ဦး၊ ပဲခူးမြို့မှအလှူရှင်တစ်ဦး၊ ရှမ်းပြည်(တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ အလှူရှင်တစ်စုတို့မှ ဆက်သွယ်ခဲ့ကြပါသည်။

အဆိုပါပညာဒါနပြုသူ စေတနာအလှူရှင်များ၏ တညီသောအသံ တညီသော ဆန္ဒများမှာ မြန်မာ့အလင်းသတင်းစာမှ ဖော်ပြပေး၍ ဖတ်ရသည့်အတွက် ယခုလို ပညာဒါနပြုခွင့်ကြုံလာရခြင်းဖြစ်ကြောင်း၊ ယခုလို ပညာဒါနပြုကြခြင်းသည်မှာလည်း အနှောင်အဖွဲ့တင်းတင်း၊ စေတနာရင်းသတ်သတ်ဖြင့် ပညာဒါနပြုခြင်းဖြစ်ကြောင်း ပမ်းသာဂုဏ်ယူဖွယ် ကြားသိရပါသည်။

ယခုလို မဖြူဖွေးသန့် ဆက်လက်ပညာသင်ကြားနိုင်ရေး ပညာဒါနပြုကြသူများတတွေ့ ဒေါ်တင်စန်း (ထိပ်တန်းသူနာပြုအတူ သင်တန်းကျောင်းနှင့် ဆေးပါးတျမ်းတျင်မှုသင်တန်း) ရန်ကုန်မြို့၊ ဦးဇော်လင်း (မြို့ပြအင်ဂျင်နီယာ) ရန်ကုန်မြို့၊ ဦးခင်မောင်ထွေး (ပြည်သူ့ဆန္ဒဂျာနယ်) ရန်ကုန်မြို့၊ ဒေါ်ဖြူအိသိန်း ရန်ကုန်မြို့၊ ဒေါ်ခင်စောညွန့် ရန်ကုန်မြို့၊ ဒေါ်ကြူကြူခိုင် နေပြည်တော်၊ ဦးဖိုးတောင်-ဒေါ်ညွန့်တင် (သပြေသား-ဒန်သတ္တုရောင်းပယ်ရေး)ပဲခူးမြို့၊ ဦးမြလွင်ဦး (အုပ်ချုပ်ရေးမှူး) အင်းမီးတျေးရွာ ရပ်စောက်မြို့နယ်၊ ဦးသုရတိုတို-လတ်ထောက်ဦးစီးမှူး မြို့နယ်မြေ စာရင်းဦးစီးဌာန၊ ရပ်စောက်မြို့နယ်စသည့် အလှူရှင်များတ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလှူဒါန်းကြခြင်းဖြစ်ပါသည်။

သို့အတွက် တန်ဖိုးရှိသော သတင်းတစ်ပုဒ်ကို အချိန်နှင့် တစ်ပြေးညီဖော်ပြပေးခဲ့သည့်အတွက် မေလတွင် ဖွင့်လှစ်မည့် ပညာသင်ကြားရေး စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်ပညာသင်ကြားခွင့် ရရှိသွားသည့်အတွက် မဖြူဖွေးသန့်၏ ပညာရေးကွက်လပ်တလေးကို ဖြည့်ဆည်းပေးကြပါသော ပညာဒါနပြုကြသူ စေတနာရှင်များနှင့် မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ်နှင့်တကွ ဝန်ထမ်းအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာဖော်ပြရေးသားအပ်ပါသည်။

ကိုရီးယား-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဧပြီ ၃၀

နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကိုရီးယားနိုင်ငံ၌ ၂၀၁၃ ခုနှစ် ဇွန်လလယ်တွင် Korea- Myanmar Business Forum နှင့် CEO Summit ကို ပူးပေါင်းကျင်းပနိုင်ရေးကိစ္စ၊ ကိုရီးယား-မြန်မာစီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကျိုးတူဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Korea Trade-Investment Promotion Agency(KOTRA) ၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူးချုပ် Mr. Yoon Heul-Ro နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ Commercial Attache Dr. Park Choulbo တို့သည် ဧပြီ ၂၅ရက်တွင်အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောအစွမ်းဖြင့် စိမ်းလန်းနေ၍ မိုးများကောင်း

နတ်မောက် ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့နယ်သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော သစ်ပင်မျိုးစုံတို့သည်ရှင်သန်တည်ရှိပြီးသဘာဝသစ်ပင်သစ်တောများလည်း ထိန်းသိမ်းထားခြင်းရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးထိန်းသိမ်းထားသောကြောင့် နတ်မောက်၊ မကွေး တားလမ်းဘေး ဘယ်ညာနတ်မောက်မြို့နယ် မြေပေါ်တွင် မျက်စိတစ်ဆုံး သစ်ပင်သစ်တောများ စိမ်းစိုနေသောကြောင့် မျက်စိပသာဒရှိလှသည်ဟုခရီးသွားများက ပြောသည်။

"သစ်တောဦးစီးဌာနနှင့် အပ္ပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့တတျန်တော်တို့ နတ်မောက်မြို့နယ်မှာ အမှန်တကယ် ဆောင်ပုဒ်တွေနဲ့အညီ ဆောင်ရွတ်ပေးနေလို့ အခုဆိုရင် အရင်တုန်းတနဲ့ မတူဘူး၊ နတ်မောက်မြို့နယ် သစ်ပင်စိုက်ပျိုးအတွက်များမှာ သစ်ပင်တွေဖြစ်ထွန်းနေတာတွေ့ရတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံနောက်တစ်ဦးမှလည်း သစ်ပင် သစ်တောတွေဖြစ်ထွန်းတည်ရှိလာလို့ နတ်မောက်မြို့နယ်မှာ ဧပြီ ၂၂ရက်တနေ မိုးများစတင်ရွာသွန်းနေပြီဖြစ်လို့ တောင်သူတွေ ထွန်ယက်စိုက်ပျိုး စတင်နေကျပြီဟု မြန်မာ့အလင်းသတင်းစာသို့ ပြောသည်။

နတ်မောက်သား

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အိပ်ရာဝင်လည်း တစ်မျိုးလို

ရှင်ဧနန်(ကျန်းမာရေးပညာ)

"နီကိုတင်းကို သိပါသလား" စွဲလမ်းစေတတ်သော အရာများတွင် နီကိုတင်းဓာတ်လည်းပါသည်။ နီကိုတင်းဓာတ်သည် ဆေးလိပ်တွင်ပါရှိ၏။ ဆေးလိပ် မီးခိုးကို ရှူရှိုက်ရာမှ လူ့ခန္ဓာကိုယ်ထဲရှိ အဆုတ်ထဲသို့ရောက်၏။ ဆေးလိပ်သည်လည်း မူးယစ်စေတတ်သော၊ လူကိုထတ်တ်ဖြင့် တဖြည်းဖြည်း နှိပ်စက်ပြီး သေမင်းတမန်နှင့် ကောင်းစွာမိတ်ဆက်ပေးနိုင်သော အရာဖြစ်၏။

ဆေးလိပ်ကို တစိုက်မတ်မတ် စွဲလမ်းစွာသောက်နေသော ပုဂ္ဂိုလ်အချို့သည် နှစ်အတော်အတန်ကြာသောအခါ သွေးကြောများကျဉ်း၍ ခြေဖျား၊ လက်ဖျားများအထိ သွေးမရောက်တော့ဘဲ ဖြတ်ပစ်ကြရ၏။ ဟန်ပါပါဖြင့် ဆေးလိပ်ကိုလက်ကြားညှပ်သူ၏ လက်ချောင်းများပါ သွေးမရောက်၍ပုပ်ကာ ဖြတ်ရတတ်၏။ အချို့မှာ အဆုတ်ကင်ဆာဖြစ်ကြရ၏။ အချို့မှာ ခံတွင်းကင်ဆာများ၊ လည်ချောင်းကင်ဆာများဖြစ်ကြ၏။ ထူးဆန်းသည်အချက်မှာ ဆေးလိပ်၏ဆိုးကျိုးသည် လူတို့နားလည်ထားသည်ထက် ပို၍ဆိုးရွားနေသေးသည်ဟူသော အချက်ပင်ဖြစ်၏။ သို့သော် ယခုဆေးလိပ်သောက် ချက်ချင်း ဖြုန်းကနဲမလဲ၊ ဒုက္ခမရောက်၊ ရောက်လည်းမသိလိုက်ကြခြင်းက ပြဿနာဖြစ်ရသည်ဟု ပညာရင်များကဆိုသည်။ နှစ်ချီသောက်လာသည်နှင့် ခန္ဓာကိုယ်၌ အဆိပ်အတောက်စုမိဆောင်းမိသည်ပမာဖြစ်သည်။ အကြောင်းမှာ ဆေးလိပ်တွင် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော်ပါဝင်ခြင်းကြောင့်ဖြစ်သည်။ ဆေးလိပ်သောက်သူများက ဆေးလိပ်စွဲနေပြီဖြစ်ရာ ဆေးလိပ်ကျေးကျွန်များသဖွယ် ဖြစ်ကြရ၏။ "အိပ်ရာထ၊ အိပ်ရာဝင် တစ်မျိုးလို" ဟူ၍ပင် ပြောစမှတ်ပြုကြ၏။ အစားမစားသော်နေနိုင်၏။ ဆေးလိပ်မသောက်ရသော် မနေနိုင်ဟု ဆိုကြ၏။ ဆရာဝန်က "ခင်ဗျား ဆေးလိပ်ဖြတ်မှ ဒီရောဂါကသက်သာရမယ်၊ ဆက်သောက်ရင်တော့ အသက်အန္တရာယ်ပါရှိနိုင်ပြီ" ဟု ဖြောတော့မှ ပြာပြာသလဲဖြစ်ကြ၏။ အချို့မှာ ဆေးလိပ်ဖြတ်ရန်အချိန်ပင် နောက်ကျလျက်ရှိကြ၏။

လေ့လာမှုတစ်ရပ်တွင် မြန်မာနိုင်ငံ၌ လက်ရှိဆေးလိပ်သောက်သူ ဦးရေ အမျိုးသား ၄၄ ဒသမ ၇၇ ရာခိုင်နှုန်း၊ အမျိုးသမီး ၇ ဒသမ ၈၀ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။ သွေးတိုးရောဂါရှိသူ အမျိုးသား ၃၀ ဒသမ ၉၉ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၉ ဒသမ ၃၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် အရေးကြီးသည်မှာ ဆေးလိပ်ကို မသောက်ဖူးသူများအား မသောက်မိစေရန် အသိပညာပေးကြရန်ဖြစ်သည်။ မီးကိုမလောင်ခင်က တားကြရန်ဖြစ်သည်။ အထူးသဖြင့် လူငယ်များဖြစ်၏။ အတွေ့ခြင်း အတတ် သင်ကြသမြင့် ဆေးလိပ်သမားများဖြစ်သွားကြရ၏။ ဆေးလိပ်သာမက ကွမ်းပါ စွဲကြ၏။

ဆေးလိပ်ကြောင့် လူ့သက်တမ်းကို တွက်ချက်ရာတွင် ဆေးလိပ်သောက်သူများ ငါးနှစ်မှ ၁၀ နှစ်အထိ သက်တမ်းပိုတိုကြသည်ဟုဆိုသည်။

လူအများမသိလိုက်သည်အချက်မှာ ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သူ၏ ဘေးတွင်နေပြီး မီးခိုးရှူရသူများလည်း ရောဂါရရှိစေနိုင်သည်။ ဆေးလိပ်သောက်သူကဲ့သို့ပင် ရောဂါရနိုင်ခြေရှိသည်ဟူသော အချက်ပင်ဖြစ်သည်။ မိမိတို့ဘေးနားတွင် ဆေးလိပ်သောက်သူများရှိနေပါက အနီးနားတွင် မသောက်ဖို့ပြောသင့်သည်။ အားနာလျှင် "ခဏနော်"ဟု ပြောဆို၍ မသိမသာရောင်ထွက်တတ်ရန်လိုသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များသည် ဆေးလိပ်မီးခိုးကို လုံးဝရှောင်ရမည်ဟုဆိုသည်။ သန္ဓေသားကို ထိခိုက်စေသည်ဟု ပညာရင်များက အခိုင်အမာပင်တွေ့ရှိထားပြီးဖြစ်သည်။

အရက်၊ ကွမ်းယာနှင့် ဆေးလိပ်တို့သည် သုံးပွင့်ဆိုင်စွဲလမ်းမှုကိုဖြစ်စေသော အရာများဖြစ်၏။ အချို့က သုံးမျိုးစလုံးကို ခံမင်လျက်ရှိ၏။ အချို့က "ဆေးလိပ်ဖြတ်မယ်ဗျာ၊ ဒါကြောင့် ကွမ်းနှင့်အစားထိုးတယ်" ဟုပြော၍ ဆေးလိပ်လဲ မဖြတ်နိုင်၊ ကွမ်းယာပါစွဲသွားကြ၏။ အချို့က ကွမ်းယာ၌ ဆေးရွက်ကြီးများထည့်ဝါးကြ၏။ မီးခိုးထွက်နှင့်မီးခိုးမထွက်ခြင်းသာ ကွာခြား၏။ အချို့က ဆေးလိပ်နှင့်ကွမ်းကိုအကြောင်းအမျိုးမျိုးပြ၍ သောက်ကြ၊ ဝါးကြ၏။ "ကွမ်းကအိပ်မငိုက်အောင်ပါဗျာ"ဟု ကားမောင်းသူများက ပြောတတ်ကြ၏။ ခံတွင်းရောဂါအမျိုးမျိုးနှင့် ခံတွင်းကင်ဆာဖြစ်ပွားမှုတွင် ကွမ်းစားသောသူများ၌ အများဆုံးဖြစ်ပွားနေကြောင်း သုတေသီများက အခိုင်အမာပင်တွေ့ရှိခဲ့ကြပြီးဖြစ်သည်။

ဆေးလိပ်ကြောင့် သိသာသောရောဂါများတွင် အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ နှလုံးသွေးကြောကျဉ်း၊ နှလုံးရောဂါ၊ တီဘီရောဂါ(တီဘီပိုးဝင်ရောက်ရန် လွယ်ကူစေသည်)၊ ခြေဖျားလက်ဖျားပုပ်ခြင်း၊ သွေးတိုးခြင်းစသည့်ရောဂါမျိုးစုံဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များဆိုလျှင် ဗိုက်ထဲရှိ သန္ဓေသားကို ထိခိုက်စေသည်။ မွေးဖွားလာပါက လူစဉ်မမီသော ကလေးဖြစ်နိုင်သည်။ သားလျော သားပျက်ဖြစ်စေနိုင်သည်။ အကျိုးဆက်အနေဖြင့် ခန္ဓာကိုယ်တစ်ခုလုံး၌ ရောဂါဘယဖြစ်စေနိုင်သည်။

လူတို့၌ စွဲလမ်းနေသောအရာနှစ်မျိုးရှိ၏။ တစ်မျိုးမှာ သဘာဝအလျောက် နေစဉ်ခန္ဓာကိုယ်အတွက် လိုအပ်သော အစားအစာများနှင့် ရေဓာတ်ဖြစ်၏။ ဒုတိယတစ်မျိုးမှာ သဘာဝအလျောက် မဟုတ်သော စွဲလမ်းစေတတ်သော အရာများကြောင့် စွဲလမ်း၍ သုံးစွဲကြသောအရာများဖြစ်၏။ ဤအရာများသည် ခန္ဓာကိုယ်ပျက်စီးစေနိုင်ကြ၏။ ရှောင်ရှားကြရန်ဖြစ်သည်။ ဤတွင် ရှောင်ရှားနိုင်ရန် ဆေးလိပ်ထုတ်လုပ်မှုကိုလျှော့ချခြင်း၊ ဆေးလိပ်ရောင်းချသည့် နေရာများကန့်သတ်ခြင်း၊ ဥပမာ-ကျောင်းဝင်းနှင့် ကျောင်းပတ်ဝန်းကျင်၌ ရောင်းချမှုပိတ်ပင်ခြင်း၊ အလွယ်တကူနေရာအနှံ့ မရနိုင်အောင်စီစဉ်ခြင်း၊ ဆေးလိပ်ဥပဒေပြဋ္ဌာန်းချက်များ လိုက်နာအကောင်အထည်ဖော်ခြင်း၊ ဆေးလိပ်အန္တရာယ် ထင်သာမြင်သာရှိစေရန် အသိပေးခြင်းစသည့် လုပ်ငန်းများ အဘက်ဘက်မှ ဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။ အသိကို လက်တွေ့အသွင်ပြောင်းလဲရေးသည် အဓိကဖြစ်သည်။

လိုရင်းတိုရှင်းပြောရလျှင် နီကိုတင်းကို စည်းမျဉ်းဥပဒေများဖြင့် တိုက်ဖျက်နှိမ်နင်းကြရပါမည်။ မနှိမ်နင်းနိုင်လျှင် နီကိုတင်းက အနိုင်ယူခြင်းခံကြရပါမည်။ မည်သို့ပင်ဆိုစေ နီကိုတင်းကိုသိလျှင် နီကိုတင်းကို မိမိကိုယ်တိုင်တိုက်ဖျက်ရမည်ဖြစ်သည်။ တိုက်ဖျက်ရန်အချိန်မှာ ယခုချက်ချင်းပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

ကြက်၊ ငှက်၊ တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး သင်တန်းတစ်ကုန်းမြို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၃၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ကြက်၊ ငှက်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားရေးသင်တန်းကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ (ဓာတ်ပုံ)

သင်ကြားပို့ချ

အဆိုပါသင်တန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားကူးစက်ပုံအကြောင်း၊ လူတွင်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါအကြောင်းနှင့်ကူးစက်မှု ဖြစ်ပွားလာပါက ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များအကြောင်းကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား အသေးစိတ်ရှင်းလင်းသင်ကြားပို့ချခဲ့ရာ တက်ရောက်သူဦးရေ ၆၀ကျော် ရှိကြောင်း သိရှိရသည်။

တင်ထွန်းတာ

အာဃာတဖြင့် အက်စစ်ပက်လောင်းမှု ခင်ဦးမြို့နယ်၌ဖြစ်ပွား

ခင်ဦး ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် လူမှုရေးကိစ္စမကျေနပ်ချက်ကြောင့် အက်စစ်ဖြင့် ပက်သည့်အမှုတစ်ခု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ခင်ဦးမြို့နယ် ယောက်သွားအိုင်ကျေးရွာ ဦးကျော်နိုင်နှင့်အုန်းပင်ကုန်းရွာနေ ကိုမင်းသူတို့နှစ်ဦး ဆိုင်ကယ်ဖြင့် ရွှေဘိုမှ ဈေးဝယ်ပြန်လာစဉ် ရွှေပြည်သာရွာအနီး လမ်းဘေးဆိုင်ကယ်ပြင်ဆိုင်နားအရောက် ထနောင်းကိုင်းလေးလမ်းဆုံနေ ထွန်းနိုင်က ဆိုင်ကယ်ဖြင့် နောက်မှလိုက်လာပြီး ၎င်းတို့နှစ်ဦး စီးလာသော ဆိုင်ကယ်ရှေ့မှထိုးရပ်၍ထားရာ ဦးကျော်နိုင်က ဆိုင်ကယ်ရပ်လိုက်စဉ် ကိုထွန်းနိုင်က ယခင်က ၎င်း၏ ဇနီးဖြစ်သူနှင့် ဦးကျော်နိုင်တို့၏ လူမှုရေးပြဿနာနှင့်ပတ်သက်ပြီး မကျေနပ်၍ အသင့်ပါလာသော အက်စစ် ပုံးဖြင့် ပက်လောင်းလိုက်ရာ ဦးကျော်နိုင်နှင့် ကိုမင်းသူတို့ ဒဏ်ရာ အသီးသီးရရှိသွားပြီး ရွှေဘိုဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသနေရသဖြင့် အရေးယူပေးပါရန် ဦးကျော်နိုင်၏ သားမြစ်သူ အောင်ကိုဦး (၁၈နှစ်)ယောက်သွားအိုင်ကျေးရွာ ခင်ဦးမြို့နယ်မှ တရားလိုပြုလုပ်တိုင်တန်းသည်။ ခင်ဦးရဲစခန်းမြင့် အမှုဖွင့်အရေးယူထားသည်။

(ရောင်နီတင်ဝင်း)

ရေနံအစမ်းတွင်းမှရေနံနှင့်ဓာတ်ငွေ့တွန်းအားကြောင့် မီးလောင်မှုဖြစ်

နေပြည်တော် ဧပြီ ၃၀

ဧပြီ ၂၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင်မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ရေနံမြေ၊ ရွှေနဂါးကုမ္ပဏီလုပ်ကွက်ရှိ ဦးအောင်မျိုး၏ ရေနံအစမ်းတွင်းမှ ဓာတ်ငွေ့နှင့် ရေနံများ ရောနှောထွက်လာစဉ် စလင်းမြို့နယ် တယ်ပိုကန်ရွာနေ ရေနံတွင်းလုပ်သား စိုးလွင် (၄၀ နှစ်)မှ ပိတ်ဆို့ရာ ရေနံနှင့်ဓာတ်ငွေ့တွန်းကန်အားကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အနီးရှိ ဆီသိုလှောင်ကန်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၃ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ရေနံစိမ်းဂါလန် ၅၀ ခန့်ပါ ပီပါအလုံး ၂၀ စုစုပေါင်း ရေနံစိမ်း ဂါလန် ၁၀၀၀၊ တန်ဖိုး ငွေကျပ် ၁၆ သိန်းခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး လူ/ တိရစ္ဆာန် ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ပေါ့ဆစွာ ဆောင်ရွက်သူ စိုးလွင်အား သရက်မြို့မ ရဲစခန်း က အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

စာနည်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများပျက်စီး

နေပြည်တော် ဧပြီ ၃၀

ဧပြီ ၂၇ ရက် ည ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မကျီးစောက်ကျေးရွာတွင် တွဲဖက် အလယ်တန်းကျောင်းဝင်း မခ်ဉ်း၊ စာသင်ဆောင်ရှိးခန်းရေ့ အမိုးသွပ်များနှင့် ထုပ်၊ ယောက်၊ မြားတန်းများ တန်ဖိုးငွေကျပ် ၃၅၀၀၀၀ ပျက်စီးကာ မဟာတ်ကြ ရံသီ ဘုန်းကြီးကျောင်းအတွင်းရှိ မဟာလောကရံသီစေတီ၏ ထီးတော် တိမ်းစောင်းခဲ့သည်။ ကြခတ်ကျေးရွာတွင်လည်း တောင်ငူကျောင်းတိုက်၊ မဟာသတ်ပဋ္ဌာန် ဗိမာန်တော်၏ အမိုးသွပ်နှင့် ထုပ်၊ ယောက်၊ မြားတန်းများ တန်ဖိုးငွေကျပ် ကိုးသိန်းခွဲခန့်၊ ကမ္မဋ္ဌာန်းအဆောင် နှစ်ဆောင်၏ အမိုးသွပ်နှင့် ထုပ်၊ ယောက်၊ မြားတန်းများ တန်ဖိုးငွေ ကျပ် ငါးသိန်းခန့်၊ တောင်ငူ ကျောင်းတိုက်ကျောင်းမကြီး၏ ဘုံပြာသာဒ်ငါးဆင့် တန်ဖိုးငွေကျပ် ၅၀၀၀၀၊ ရွာအတွင်းရှိ သွပ်မိုးလူနေအိမ်ခြောက်လုံး၏ အမိုးသွပ်များ တန်ဖိုးငွေကျပ် ၄၆၀၀၀၀ ခန့်နှင့် ကပ်မိုးကပ်ကာလူနေအိမ် နှစ်လုံး၏ အမိုးကပ်များ တန်ဖိုးငွေကျပ် ၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် လေဘေးသင့်ကျေးရွာများသို့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့တို့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ဧပြီ ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမရဌာနီ အရှေ့ရပ်ကွက် အကွက် (၂၇/က) (၈×၈၀) လမ်းထောင့်၊ အမှတ် (၃၂)အခြေခံပညာမူလတန်းကျောင်း ဝင်းအတွင်းမှ လုံးပတ် ၂၅ ပေခန့်၊ အဖြင့်ပေ ၇၀ ခန့်ရှိ ညောင်ပင်မှာ အမြစ်မှလဲကာ ကျောင်းဝင်းအုတ်နံရံနှင့် ကျောင်းဘေးရှိ ဆက်သွယ်ရေးကေဘယ်လ်ကြိုးပေါ်သို့ လဲကျခဲ့သဖြင့် ကျောင်းဝင်း အုတ်နံရံ ၄၅ ပေခန့် ပြိုကျပြီး တန်ဖိုးငွေ ကျပ် ၁၃၅၀၀၀၀ နှင့် ဆက်သွယ်ရေး ကေဘယ်လ်ကြိုး တန်ဖိုးငွေ ကျပ် ၁၅၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ ညနေ ၆ နာရီခန့်တွင်လည်း ပျော်ဘွယ်မြို့နယ် ပေပင်လေး ကျေးရွာတွင် လေဖြင်းတိုက်ခက်မှုကြောင့် ကျေးရွာအတွင်းရှိ သွပ်မိုး/ ထရံကာနေအိမ် နှစ်လုံး၏ အမိုးသွပ်များနှင့် မြားတန်းများလွင့်ထွက်ပျက်စီးကာ သက်ငယ်မိုးထရံကာ ကြက်မွေးမြူရေးခြံနှစ်လုံး ပြိုကျပျက်စီးပြီး တန်ဖိုးငွေကျပ် ၂၂၆၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ အဆိုပါနေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်အထိ ကချင်ပြည်နယ် လုံခင်းကျေးရွာအုပ်စုတွင် လေဖြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လုံခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာရပ်ကွက်ရှိ မြင့်ရင်းကုမ္ပဏီ၊ ဆင်တောင်းတောင်ကုမ္ပဏီ၊ ရွှေဟိန်းထက်ကုမ္ပဏီ (၁/၂/၃)နှင့် အောင်ရတနာသိုက် ကုမ္ပဏီတို့တွင် (၂×၁)လက်မဖြင့် ကာရံထားသည် သစ်သားခြံစည်းရိုးများ လဲကျပျက်စီးခဲ့ပြီး ဘီအေကုမ္ပဏီနှင့်ရပ်ကွက်အတွင်းရှိ ဦးမောင်ဌေး၊ ဦးအောင်စိုး၊ ဦးရဲမြင့်အောင်တို့၏ နေအိမ်များတွင် အမိုးသွပ်များ လေလွင့်ပျက်စီးသွားခဲ့သည်။ မော်စီကျေးရွာတွင်လည်း ကျော်နိုင်နှင့်ညီများ ကုမ္ပဏီ လုပ်သားနေအဆောင် အမိုးပြုတ်ထွက်ကာ ကပ်လျက်ရှိ ဇဝ်ဂေလီအေဂျီ အသင်းတော် ကျောင်းဝင်းအတွင်းရှိ (၃×၆)ပင် ခန်းမအဆောင်ပေါ်သို့ ပြုတ်ကျခဲ့သဖြင့် အဆောင်အနည်းငယ် ပျက်စီးခဲ့သည်။

ထိုအတူ ယင်းနေ့ မွန်းလွဲ ၂နာရီ မိနစ် ၂၀ မှ ညနေ ၃ နာရီ မိနစ်၄၀ အထိ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဟောင်ပါးကျေးရွာ ဟွေဆိုင်းရပ်ကွက်အတွင်းရှိ အုတ်နံကပ်/သွပ်မိုး ကိုယ်ထူကိုယ်ထ တွဲဖက်အခြေခံပညာ မူလတန်းကျောင်း၏ ခေါင်းမိုးသွပ် ၃၂၀ ချပ်၊ ဒိုင်း/မြားတန်း ပျဉ် ၂ ဒသမ ၅ တန်ခန့်နှင့် တံခါးအုတ်တိုင်များပျက်စီးကာ တန်ဖိုးငွေကျပ် ၄၇၂၀၀၀၀ ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှ ညနေ ၅ နာရီခွဲအထိ မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သရက်တော အခြေခံပညာ အလယ်တန်းကျောင်းမှ အလျား ပေ ၁၃၀၊ အနံ ၂၆ ပေရှိ ကျောင်းဆောင်၏ အမိုးသွပ် ၃၂၀ ချပ် လေလွင့်ပြီး သစ်သားတန်း ၁၁၇ ချောင်း ပျက်စီးခဲ့ကာ လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို စိစစ်လျက်ရှိကြောင်း သိရှိရသည်။

စာနည်

ပြည်တွင်းသတင်း

ဧရာဝတီတိုင်းဒေသကြီးလေးမျက်နှာ မြို့မိုးလုံလေလုံအားကစားခန်းမ သစ်ဖွင့်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထွက်ပေါ်လာရန် အားကစားသမားများ၏ အရည်အချင်းပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ အားကစား ဝန်ကြီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့တွင် မိုးလုံလေလုံ အားကစားခန်းမတစ်ခုကို ဧပြီ ၂၈ ရက်နံနက် ၁၁ နာရီကဖွင့်လှစ်ခဲ့သည်။

ယင်း မိုးလုံလေလုံအားကစားခန်းမအား Grand Glory Construction Co., Ltd. ကတာဝန်ယူ၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ယခုနှစ်မတ် ၂၁ ရက်က ပြီးစီးခဲ့သည်။ အလျားပေ ၁၂၀၊ အနံ ပေ ၉၀နှင့် အဝတ်လဲခန်း နှစ်ခန်းပါရှိပြီး လူဦးရေ ၃၅၀ ဆံ့ အားကစားခန်းမ ဖြစ်ကြောင်း၊ အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ငွေကျပ်သိန်းပေါင်း ၁၈၆၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ကမ္ပဏီမှ ဒါရိုက်တာ ဦးနေလင်းက ပြောကြားသည်။

အခမ်းအနားတွင် (၂၇)ကြိမ်မြောက် အားကစားပွဲတော်တွင် ရွှေတံဆိပ်ရရန် ရည်မှန်းထားသော ပြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အမျိုးသမီးခြင်းလုံးအားကစားသမားများက အလှခတ်သရုပ်ပြသခဲ့ပြီး မြန်မာနိုင်ငံဝုရှုးအဖွဲ့ချုပ်မှ မျိုးဆက်သစ်အားကစားသမားများကလည်း သရုပ်ပြဖျော်ဖြေခဲ့သည်။

အထက်ပါ အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်၊ တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် မြစ်ကျိုး မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲကိုတက်ရောက်ခဲ့ပြီး အဆိုပါ ကျောင်းဆောင်သစ်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

လေးမျက်နှာမြို့နယ် မြစ်ကျိုး အခြေခံမူလတန်းကျောင်းသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် မီးလောင်ခဲ့ပြီး ယခုနှစ်ကျောင်းဖွင့် ရာသီတွင် အချိန်မီဖွင့်လှစ်နိုင်ရန် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်း ၃၂၄သိန်းအကုန် အကျခံကာ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ **(မြန်မာ့အလင်း)**

သတင်း-ရဲအောင်ညွန့်
ဓာတ်ပုံ - မောင်စိန်လွင်(မြန်မာ့အလင်း)

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ အမျိုးသမီးခြင်းလုံးအားကစားသမားများက အလှခတ်သရုပ်ပြသစဉ်။ (မြန်မာ့အလင်း)

နမ့်ကျန်ဆည်မှ ရေကို လားရှိုးမြို့ရပ်ကွက်များ ဖြန့်ဝေ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရေကန်တောင်ရှိ မြို့ ရေပေးရေးကန်များ ရေလျော့နည်းလာသဖြင့် ရေကန်တောင်၏ အထက်နှစ်မိုင်ခန့် အကွာတွင်ရှိ ရေကန်တောင် ကန် ၂၀ အတွင်းသို့ စီးဝင်သော ရေထွက်ဦးတွင် တည်ဆောက်ထားသည့် နမ့် ကျန်ဆည်မှ ရေကို မြို့ပေါ် ရပ်ကွက်များဖြစ်သော ရပ်ကွက် (၂၊ ၃၊ ၄၊ ၅)များသို့ အလီအလှောက်စီးဆင်းစေ သောစနစ်ဖြင့် နေ့စဉ်ရေပြန့်ဝေပေး လျက်ရှိပြီး နမ့်ကျန်ဆည်၏ လက်ရှိ ရေသိုလှောင်မှုမှာ ရေဂါလန် ၉၆ သိန်း ခန့်သိုလှောင်ထားရှိပြီး လက်ရှိရေပြန့်ဝေမှုမှာ တစ်ရက်လျှင် ရေဂါလန် ၃ ဒသမ ၇၅ သိန်း နေ့စဉ် ပြန့်ဝေပေးလျက်ရှိသည်။



ကောက်ကွေ့ဆည်လက်ရှိရေသိုလှောင်ထားရှိမှုအခြေအနေ

ဟူးမွန်ဆည်မှရေကို ရပ်ကွက် (၁၂)သို့လည်းကောင်း၊ ကောက်ကွေ့ဆည်မှလာသောရေကို ရပ်ကွက်(၁) အမြင့်ပိုင်းနေရာများသို့ လည်းကောင်း အလှည့်ကျစနစ် ဖြင့် နေ့စဉ် ရေပြန့်ဝေပေးပြီး မြို့ဝမ်ရေထွက်မှ ရေကို ၅၀ HP၊ ၆၀ HP မော်တာနှင့် ပန့်တို့ဖြင့် ရပ်ကွက်(၁)နှင့်(၁၀)သို့ အလှည့်ကျ မောင်းနှင်ရေဖြန့်ဝေလျက်ရှိသည်။

လားရှိုးမြို့နေ ပြည်သူများ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် အမှတ်(၁)ရပ်ကွက် တွင် စက်ရေတွင်း သုံးတွင်း၊ အမှတ်(၂) ရပ်ကွက်တွင် စက်ရေတွင်းတစ်တွင်း၊ အမှတ်(၄)ရပ်ကွက်တွင် စက်ရေတွင်း တစ်တွင်း၊ အမှတ်(၉)ရပ်ကွက်တွင် စက်ရေတွင်းတစ်တွင်း၊ အမှတ်(၁၀) ရပ်ကွက်တွင် စက်ရေတွင်းတစ်တွင်း၊ အမှတ်(၁၁)ရပ်ကွက်တွင် စက်ရေတွင်း သုံးတွင်း၊ အမှတ်(၁၂) ရပ်ကွက်တွင် စက်ရေတွင်း တစ်တွင်း၊ ပြည်သူ့ဆေးရုံကြီးတွင် စက်ရေတွင်း တစ်တွင်း၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံတွင် စက်ရေတွင်းတစ်တွင်း၊ မြို့မဈေးတွင် စက်ရေတွင်းတစ်တွင်း၊ စုစုပေါင်း စက်ရေတွင်း ၁၃ တွင်းနှင့်စက်ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့ပါသည်။ လက်ရှိ နွေရာသီကာလတွင်လည်း အဆိုပါ စက်ရေတွင်းများမှ ၁ နာရီလျှင် ၂၇၀၀၀ ဂါလန်နှုန်းဖြင့် သုံးစွဲလျက်ရှိသည်။

နမ့်ကျန်ဆည်လက်ရှိရေသိုလှောင်ထားရှိမှုအခြေအနေ

အထက်ပါ ရေပေး ဝေမှုအစီအစဉ်များအပြင် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေပိုက် လိုင်း မရှိသော နေရာများနှင့် ရပ်ကွက်များသို့ အဖွဲ့ပိုင်ရေကားများဖြင့် ဖြန့်ဝေပေးလျက်ရှိပြီး လားရှိုးမြို့ နေပြည်သူများ အနေဖြင့် ရေရှားပါး ပြတ်လပ်မှု မရှိကြောင်း သတင်းရရှိသည်။

(လားရှိုးမောင်)

အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဝန်ထမ်းဆုနှင့်ထောက်ပံ့ကြေးများပေးအပ်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ် ဝန်ထမ်းများ ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများအား လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက ဗဟိုခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး(ဗဟို)ကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ခရိုင်ယာဉ်လိုင်းရုံးချုပ် ဝန်ထမ်းများ၊ ဌာနခွဲ ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေပေးအပ်ချီးမြှင့်သည်။ ထို့နောက် အကောင်းဆုံး ယာဉ်ပိုင်ရှင်ဆု၊ ထူးချွန်ဝန်ထမ်းကောင်းဆု၊ တာဝန်သိယာဉ်လုပ်သားဆု၊ အကောင်းဆုံး ယာဉ်မောင်းဆုနှင့် အကောင်းဆုံး ယာဉ်နောက်လိုက်ဆုရသူများနှင့် လုပ်အားယှဉ်ပြိုင်ဆုများအား ချီးမြှင့်ကြသည်။

တင်ကြည်

ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေကျင်းတူးရာမှ ငွေဒင်္ဂါးပြားများ တွေ့ရှိ

ချောက် ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျောက်ရဲကျေးရွာ အောင်ဇေတာဝန်ထန်းတောကျောင်းတိုက်၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဧပြီ ၂၆ ရက် နံနက် ၃ နာရီက ကျောင်းထိုင်ဆရာတော်ဦးစီး၍ ရွာသားကိုးဦးဖြင့် ကျောင်းဆောင်ဟောင်း၏ ၂၅ ပေခန့်အကွာတွင် မြေကျင်းတူးရာ ကိုးလက်မခန့်အရောက်တွင် ၁၈၆၂ ခုနှစ်မှ ၁၉၀၁ ခုနှစ်အတွင်းရှိ ငွေဒင်္ဂါးပြား ၂၀၆ ပြားကို မြေအိုးပြင့်ထည့်လျက် တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ ကျောင်းတိုက်သို့ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ပြီး ရှေးဟောင်းသုတေသနသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ သက္ကရာဇ် ၁၂၁၄ ခုနှစ် ဒေါင်းဒင်္ဂါးပြားတစ်ပြားကို ကျောင်းထိုင်ဆရာတော်က ရှေးဟောင်းသုတေသနဌာနသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ကျန်ငွေဒင်္ဂါးပြား ၂၀၅ ဖြားကို ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။

စာနည်

ပိုင်ရှင်မဲ့ဖမ်းဆီးရမိသော ကျွဲနွားများ မဲစနစ်ဖြင့် လေလံတင်ရောင်းချ

ခင်ဦး ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်က ဖမ်းဆီးရမိသော ပိုင်ရှင်မဲ့ ကျွဲနွားများကို မဲစနစ်ဖြင့် လေလံတင်ရောင်းချကြောင်း သိရသည်။

ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် မြို့နယ်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ ကြီးကြပ်ကပ်ကဲပြီး မြို့နယ်အတွင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိသော ကျွဲနွားများကို မဲစနစ်ဖြင့် လေလံတင် ရောင်းချပွဲပြုလုပ်ကြောင်း၊ ကျွဲ နှစ်ကောင်၊ နွား ၂၉ ကောင်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသော တောင်သူများသာ ရောင်းချကြောင်း၊ ဝယ်ယူခွင့်ရရှိသူများ သုံးနှစ်အတွင်း ရောင်းစားခြင်းမပြုလုပ်ရကြောင်း၊ ဝယ်ယူခွင့်ရရှိသည့် တောင်သူလယ်သမားသည့် ဝမ်းသာ၍မြူးထူးကခုန်နေကြကြောင်း၊ မဲစနစ်ဖြင့် လေလံတင်ရောင်းချပွဲသည် လွတ်လပ်၍ တရားမျှတကြောင်း ကြားသိရသည်။

ရောင်နီတင်ဝင်း

နို့ကျေးရွာဂျာနယ် ထွက်ပြီ

ရန်ကုန် ဧပြီ ၃၀

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၀)၊ အမှတ်(၉) အား ၂၀၁၃ ခုနှစ် မေ ၁ ရက်နေ့တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်တွင် ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် ပိုက်ဆံလျော် သစ်စိမ်းမြေသြဇာ၊ လက်ဖက်စနစ်တကျ ပျိုးထောင်ခြင်းဖြင့် အထွက်တိုးနိုင်စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကပ်ပါးရောဂါနှင့် တစ်နိုင်မွေးမြူရေး၊ ခေတ်မီလူတိုင်းစားသည့် အမဲသား၊ မွေးမြူရေးကဏ္ဍ ပြည်ပဈေးကွက်တင်ပို့ရန်နှင့် နိုင်ငံတကာချေးငွေနည်းလမ်းများ၊ အိုက်စလန်နိုင်ငံအကြောင်း သိကောင်းစရာစသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာ သတင်းများ၊ ဘေဘီရဲ့ ခေတ်ဆန်းချိန် ဝတ္ထုတိုတိုအပြင် ကဗျာ၊ ဟာသ၊ ပံ့ပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။ ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့်ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက်စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်းဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

ကြော်ငြာ

ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဝင်း (ငြိမ်း)
ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး
ရန်ကုန်တိုင်းဒေသကြီး
အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၁၊ ကွက်သစ်လမ်း၊ ကျိုက်ရိုက်နေ (ဒုတိယဗိုလ်မှူးကြီးသန်းအောင်၊ ငြိမ်း)-ဒေါ်သန်းသန်းထွေးတို့၏စတုတ္ထသား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၇၇၊ မဟာဗန္ဓုလပန်းခြံလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)-ဒေါ်ညွန့်အေးတို့၏သားသမက်၊ ဦးအောင်နိုင်ဝင်း-ဒေါ်ညွှာမွှေး၊ ဗိုလ်မှူးချုပ်အောင်ဆန်းဝင်း-ဒေါ်လွင်မားဦး၊ ဗိုလ်ချုပ်အောင်ရဲဝင်း-ဒေါ်နွယ်နွယ်သွင်တို့၏ညီ၊ ဦးအောင်စောဝင်း (SRS Shipping)-ဒေါ်လွင်လွင်ဖြိုးတို့၏အစ်ကို၊ ဒေါ်နှင်းဆီထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း(အထက-၁၊ ဒဂုံ) တို့၏ဖခင်သည် ၃၀-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုဌာနတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဝင်း (ငြိမ်း)
ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး
ရန်ကုန်တိုင်းဒေသကြီး
အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၁၊ ကွက်သစ်လမ်း၊ ကျိုက်ရိုက်နေ (ဒုတိယဗိုလ်မှူးကြီးသန်းအောင်၊ ငြိမ်း)-ဒေါ်သန်းသန်းထွေးတို့၏စတုတ္ထသား၊ ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ အမှတ် ၁၇၇၊ မဟာဗန္ဓုလပန်းခြံလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)-ဒေါ်ညွန့်အေးတို့၏သားသမက်၊ မိတ္ထီလာမြို့နေ ဦးထွန်းထွန်း-ဒေါ်အေးအေးမာ(စုမြတ်ယမင်းမီဒီယာလုပ်ငန်း)၊ (ဗိုလ်ကျော်ကျော်ထွန်း)၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးအောင်အောင်(ငြိမ်း)-ဒေါ်လှသူဇာဝင့်၊ (ဦးအောင်ဝင်း)-ဒေါ်စံပယ်ထွန်း(ရောင်နီထွန်း မိတ္တူရောင်းဝယ်ရေး)၊ ဦးနီနီထွန်း-ဒေါ်နိုင်နိုင်ညွန့်(ရောင်နီထွန်း မိတ္တူရောင်းဝယ်ရေး) တို့၏ညီမောင်၊ ဗိုလ်ကြီးညီညီထွန်း(ငြိမ်း)-ဒေါ်ခိုင်သွဲ့သွဲ့သူတို့၏အစ်ကို၊ ဒေါ်နှင်းဆီထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း(အထက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၃၀-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်ပြုံးရီ(ခ)အန်တီပြုံး
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ကီလိ(၆)၊ ရုပ်ရှင်ခြံ
အသက်(၆၇)နှစ်

(ဦးသောင်း-ဒေါ်ခင်ညွန့်)တို့၏သမီး၊ အမှတ် ၆၊ ကီလိရိပ်သာလမ်းသွယ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးတင်ငွေ)၏ဇနီး၊ ဦးတင်အောင်-ဒေါ်နုနုဝင်း၊ ဦးမြင့်အေး-ဒေါ်တင်မေခိုင်၊ (မတင်မျိုးလတ်)၊ မတင်မိုးလတ်တို့၏မိခင်၊ မောင်အောင်ချမ်းမင်း(အထက-၄၊ အလုံ)၊ မောင်သန့်ဇဉ်း(အလက-၁၊ ဒဂုံ)၊ မအင်ကြင်းမေ(အလက-၁၊ ဒဂုံ)တို့၏ဘွားဘွားကြီးသည် ၃၀-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၃:၀၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးရဲမြင့် (B.Ed)
အလက(၅)မြောက်ဥက္ကလာပ
ကျောင်းဆရာ(ငြိမ်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ သုမိတ္တာ ၁၃လမ်းနေ(ဦးစံမြ-ဒေါ်ကြင်မြိုင်)တို့၏သား၊ အမှတ် ၁၇/၄၊ မင်းဒင်လမ်းသွယ်-၂၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သိန်းလှ၏ခင်ပွန်း၊ ဦးတင့်လွင် (Max Energy Co., Ltd.,)-ဒေါ်ခင်ခင်သစ်တို့၏ဖခင်၊ မခင်ရတနာသစ်၊ မဝင့်ဒီမိုသစ်တို့၏အဘိုးသည် ၃၀-၄-၂၀၂၃ရက် နံနက် ၆:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သုဝဏ္ဏနေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးငွေစိုး
MEPE ဌာနစုမှူး(ငြိမ်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်၊ အမှတ် ၂၆၈၊ စိန္တာမဏိလမ်းနေ ဒေါ်စိုးလှမြတ်မွန် (MEPE)၏ခင်ပွန်း၊မောင်စိုးမြင့်ကျော်-မပြည့်မွန်ဖြိုး၊ မထက်မွန်ဖြိုး-မောင်ချမ်းငြိမ်းတို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၂၉-၄-၂၀၂၃ရက် နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းလှ (ရမ်းဗြဲ)
အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နေ (ဦးရန်မျိုးအောင် - ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးရွှေသိန်း)-ဒေါ်ဖွားရင်၊(ဦးချစ်တင်)-ဒေါ်အေးရင်၊ (ဦးအေးဖေ-ဒေါ်အေးလှ)၊ (ဦးအေးဖေ)-ဒေါ်တင်လှ၊ (ဦးဖေတင်)-ဒေါ်ညွန့်မေတို့၏ညီမ၊ (ဦးသန်းဖေ)-ဒေါ်သန်းမြင့်၊ ဦးကျော်တင်အောင်-ဒေါ်သန်းစိန်၊ ဦးစံလှ-ဒေါ်ထွေးစိန်တို့၏အစ်မ၊ရမ်းဗြဲမြို့ပုတင်းစုရပ်နေ ဦးကျော်ချေ၏ဇနီး၊ ဦးကျော်သန်း-ဒေါ်ခင်သိန်း၊ ဦးသန်းဇော်ခိုင်၊ ဦးဇော်မင်းနိုင်(ခ)ဇော်ချေ - ဒေါ်သန်းသန်းဆင့်(သူနာပြုနည်းပြ/ကျန်းမာရေး)၊ ကိုအောင်မျိုးမင်း(ခ)တရုပ်ဖြူတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၉-၄-၂၀၂၃ရက် ည ၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် အခန်းအမှတ် ၃၊အမှတ် ၁၈၊ ဝဂ်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ အမျိုးသမီးကျန်းမာရေးဆရာမ သင်တန်းကျောင်းဝင်းနေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးရန်ကင်း(ခ)မောင်မောင်
မင်္ဂလာမွန်ဈေး (စစ်တွေ)
အသက်(၄၄)နှစ်

စစ်တွေမြို့၊ ကောက်တက်လမ်းရပ်ကွက်နေ (ဦးမြကျော်-ဒေါ်ကျော့ဖြူ)တို့၏သား၊ စစ်တွေမြို့နေ (ဦးစံလှဖြူ-ဒေါ်ကြာ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးသန်းနု-ဒေါ်ခင်စော)၊ စစ်တွေမြို့နေ ဦးကျော်စိန်-ဒေါ်နုနုခင်၊ ရန်ကုန်မြို့နေ(ဦးဘသိန်း)-ဒေါ်ခင်မေ၊ ဦးအေးထွန်း-ဒေါ်အုန်းခင်၊ဦးဘနောင်း-ဒေါ်ခင်ညို၊ ဦးဇော်ဇော်-(ဒေါ်သန်းသန်း)တို့၏ညီ/မောင်၊ (ဦးရန်နိုင်)-ဒေါ်ခင်မာထွန်းတို့၏အစ်ကို၊ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ နဝဒေးလမ်း၊ အမှတ် ၁၀၁၀နေ ဒေါ်အမာကြည်၏ခင်ပွန်း၊ မောင်ဇော်လင်းထက်၊ မမေရတနာထက်တို့၏ဖခင်၊ တူ၊ တူမ ၂၃ယောက်တို့၏ ဦးလေးသည် ၂၉-၄-၂၀၂၃ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၂၃ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ နဝဒေးလမ်း၊အမှတ်၁၀၁၀နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သန်းကြည်
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ညောင်တုန်းမြို့နယ်၊ ရွာသစ်ပန်းအသင်းဝင်
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၁၈နေ (ဦးဘိုးအုံး-ဒေါ်ငွေမယ်)တို့၏သမီး၊ (ဦးအုန်း)၏ဇနီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ ဒေါ်သန်းသန်းမြင့်-ဦးကျော်ဝင်း၊ ဒေါ်တင်တင်ဆွေ၊ ဒေါ်စန်းစန်း-ဦးလှမြင့်တို့၏မိခင်၊ ဦးအောင်နိုင်ဦး၊ ဦးစိုးစိုး-ဒေါ်နန္ဒထွေး၊ ဒေါ်တင်နွယ်ဦး၊ ဦးအောင်ကျော်ကျော်၊ ဒေါ်နေခြည်လင်း-ဦးသန့်ဇော်မင်း၊ ဦးနေမင်းထွန်းတို့၏အဘွား၊ မစောယွန်းစန္ဒီဇော်၏ဘွားဘွားကြီးသည် ၂၉-၄-၂၀၂၃ရက် (တနင်္လာနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ဆားမလောက်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

လွှတ်လပ်ရေးအောင်သန်းတင်(ခ)ဒေါ်မြစိန်
ဓာတ်သဘင်ပညာရှင်မင်းထမီးကြီး
အလင်္ကာကျော်စွာ ရွှေမန်းထင်မောင် ဓာတ်သဘင်အဖွဲ့
(ယခင်) အကြံပေးပုဂ္ဂိုလ်၊ အနုပညာဦးစီးဌာန၊
ယဉ်ကျေးမှုဝန်ကြီးဌာန ဗဟိုအကဲဖြတ်ဒိုင် (အကနှင့်ဓာတ်သဘင်)၊
ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ သက်ကြီးကန်တော့ခံ
(သဘင်၊ ရုပ်ရှင်အစည်းအရုံး)
အသက်(၉၄)နှစ်

(ဦးတောက်ထိန်-ဒေါ်အေး)တို့၏သမီး၊ ဦးကင်းမောင်၏ဇနီး၊ ရန်ကုန်မြို့၊ ကြည်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၂၄၊ ခြောက်လွှာ(A)နေ ဦးထွန်းထွန်းဦး-ဒေါ်ခင်မာသန်းတို့၏မိခင်၊ မောင်ကျော်ဇင်ဦး၊ မောင်ကျော်မင်းအောင်တို့၏အဘွားသည် ၃၀-၄-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြမြ(သာယာဝတီ-အင်းစိန်) အင်းစိန်သစ်တော(ငြိမ်း)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
အသက်(၈၃)နှစ်

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၅၃၁/ကနေ (ဦးညွန့်-ဒေါ်မြညွန့်)တို့၏သမီး၊ (ဦးဘသန်း-ဒေါ်မြမေ)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်ဇင်-ဒေါ်ယဉ်ယဉ်အေး(အမက-၁၊အင်းစိန်)၊ (ဗိုလ်မှူးကြီးအုန်းမြင့်၊ ငြိမ်း(ကရင်ပြည်နယ်ထွေ/အုပ်၊ အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး)-ဒေါ်ခင်သိန်းဝင်းတို့၏မိခင်၊ မယဉ်လှိုင်ဇင်(TRADERS HOTEL)၊ မောင်ရဲဝင့်ဇင်(မန်နေဂျာ၊ MIP/I.C.D II)၊ (ဗိုလ်ပြည့်ဖြိုးမောင်မောင်)-ဒေါက်တာသူသူအုန်းမြင့်(သင်္ဃန်းကျွန်းစံပြဆေးရုံ)၊ မဝင့်ဝါအုန်းမြင့်(ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)တို့၏အဘွား၊ မသီရိအိန္ဒြာအောင်၊ မစုသီရိခေတ်တို့၏ဘွားဘွားကြီးသည် ၂၉-၄-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅:၃၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်ထွန်း(ခ)ဒေါ်အုန်းကြည်
အငြိမ်းစားဆရာမကြီး၊ အထက(၂)တောင်ငူမြို့
အသက်(၈၃)နှစ်

တောင်ငူမြို့နေ [အမျိုးသားကျောင်းဆရာကြီး ဦးထွန်းဖေ(ရွှေကျင်)-ဒေါ်သန်းရွှေ]တို့၏သမီးကြီး၊ ဒေါ်ရီရီထွန်း (ရုံးအုပ်၊ သစ်တော၊ ငြိမ်း)၊ ဗိုလ်ချုပ်ပေါ်ထွန်း(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မီမီသိန်း၊ (ဦးမြင့်ထွန်း)-ဒေါ်အမာ(တောင်ငူ)၊ ဦးမြင့်ရွှေ(လွှတ်တော်ရှေ့နေ)-ဒေါ်တင်တင်ထွန်း(စီမံဌာနမှူး၊ ငြိမ်း၊ တောင်ငူပညာရေးကောလိပ်)တို့၏အစ်မကြီး၊ ဒေါက်တာကျော်ထွန်းဦး-ဒေါ်တင်တင်ဦး(နည်းပြ၊ ငြိမ်း၊ ပဲခူးကောလိပ်)၊ ဦးမျိုးဝင်း(အင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါက်တာ ခင်သီတာ(ပါမောက္ခ၊ ရူပဗေဒ၊ ကျောက်ဆည်တက္ကသိုလ်)၊ ဦးကျော်ထွန်းလတ်(လက်ထောက်အထွေထွေမန်နေဂျာ၊မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဖြူဖြူမြင့်(လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးကျော်ထွန်းလေးတို့၏မိခင်ကြီး၊ တူ၊ တူမ ၁၀ယောက်တို့၏ကြီးကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၃၀-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် အကယ်ဒမီ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက် ၂၊ အခန်း ၁၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်း၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၃ရက်(စနေနေ့)တွင် ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ထင်မြ(ညောင်ပင်ယေးဈေး)
အသက်(၈၇)နှစ်

လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးပလာဇာ၊ မြေအောက်ထပ်၊ ဆိုင်အမှတ် B-539(မြို့မဆင်ဖြူတော် ငရုတ်သီးမှုန့်ရောင်းဝယ်ရေး)မှ ဦးခင်မောင်ဝင်း-ဒေါ်ယဉ်ယဉ်အေးတို့၏မိခင်သည် ၂၉-၄-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဈေးသူဈေးသားများ လိုက်ပါပို့ဆောင်ကြပါရန်။ ဈေးသူ၊ဈေးသားများ

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၄-၂၀၂၃ရက်ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉)ပါ ဗိုလ်ကြီးကျော်စိန်(ငြိမ်း)ထွက်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)အသက်(၉၀) ဝမ်းနည်းကြေကွဲခြင်း ကြော်ငြာတွင် ဦးသန်းနိုင် Voice Chairman Japan Myanmar Friendship Development Association အစား ဦးသန်းနိုင် Vice Chairman Japan Myanmar Friendship Development Association ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးဖေသိန်း
ယက်/အုပ်(ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ အရှေ့ဈေးဟောင်းလမ်း၊ တိုက်အမှတ် ၁၈ (လေးလွှာ)နေ ဒေါ်ယဉ်လှ၏ခင်ပွန်း၊ မောင်သက်လှိုင်စိုး၊ မောင်ကျော်သီဟ၊ မလှလှဲ့ခိုင်၊ မောင်ကျော်ဇေယျ၊ မဟိန်းသဇ္ဈာခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

စောဂေသ(ခ)ကိုဘဲလေး
ခရစ်တော်၌အိပ်ပျော်ခြင်း
အသက်(၄၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း(အထက်)၊အမှတ်၂၂၀၊လေးလွှာ(ဝဲ)နေ (ဦးစောရေမွန်)-ဒေါ်ဒီဘိုးရာမောင်တို့၏သားကြီး၊ နော်ဘေဘီရှူးနာ၏မောင်၊ စောအိုးဇက်၏အစ်ကိုသည် ၂၉-၄-၂၀၂၃ရက်(တနင်္လာနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(၃၈လမ်းနေအိမ်နှင့် ဇမာနွေလနှစ်ခြင်းဘုရားကျောင်းမှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သောင်းညွန့်(ခ)ဒေါ်ဖူစီ
ရတနာ၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
(တောင်လုံးပြန်ရပ်ကွက်)
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၁၅၀နေ (ဦးဘိုးမြေ-ဒေါ်ရွှေနု)တို့၏သမီး၊ (ဦးဘသောင် - ဒေါ်ဖွားရှင်)တို့၏သမီးချွေးမ၊ (ဦးအောင်ထွန်း)၏ဇနီး၊ (ဦးခင်ဖေ-ဒေါ်သန်းစိန်)၊ ဒေါ်သန်းကြည်-ဦးလှကျော်၊ ဒေါ်ခင်ညို-ဦးညို၊ ဒေါ်ကြည်အောင်-(ဦးအေး)၊ဦးညွန့်ဖေ-ဒေါ်မြင့်မြင့်အောင်၊ ဒေါ်အုံးရီ-(ဦးတင်ထွန်း)၊ (ဦးအောင်သန်း)-ဒေါ်တင်တင်ဝင်း၊ ဦးထိန်ဝင်း-ဒေါ်ခင်မာမာ၊ ဒေါ်စန်းစန်းဝင်း-(ဦးတင်လွင်)၊(ဦးကျော်ဝင်း)-ဒေါ်မြင့်မြင့်၊ ဒေါ်ယုယု၊ (ဒေါ်အေးအေး)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ် ၅၅ယောက်၊ တီ နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၄-၂၀၂၃ရက် (အင်္ဂါနေ့) ညနေ ၅:၁၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

လင်တီတီဝိုး(ခ)ဦးတင်ဝင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှဟန်ပွဲရုံ(ဘုရင့်နောင်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းအိုးတန်းလမ်း၊ အမှတ် ၂၆၊ ၂၇(က)နေ [လင်ချိန်ကြို(ခ)ဦးစိုးဝင်း-လျှောင်ရှမ်း(ခ)ဒေါ်ရှမ်း]၊ အမှတ် ၁၃၈နေ (လင်စုတ်လိုင်-ဒေါ်ပေကျင်)တို့၏တူသား၊ လင်ခိုင်ခေး-အင်ပိုးကြူးတို့၏ညီ၊ အင်စေ့တိတ်-လင်လေဖိတ်တို့၏အစ်ကို၊ ဒေါ်အေးအေးနု-ဦးစိုးအောင်၊ ဦးလှဟန်-ဒေါ်ခင်မေရီ၊ ဦးလှမြင့်-ဒေါ်နီနီ၊ဒေါ်အေးအေးဆွေ-ဦးကျော်ခိုင်၊ ဦးအောင်ကြည်-ဒေါ်စမ်းစမ်းမြတ်၊ ဒေါ်လှလှဝင်း - ဦးကျော်စိုးတို့၏ဖခင်၊ [ဂန်စော့ဂု(ခ)ဒေါ်သန်းမေ]၏ ခင်ပွန်း၊ မြေး ၁၈ယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးထဦးထန်
ဒု-မန်နေဂျာ(ငြိမ်း)
မြန်မာ့စီးပွားရေးဘဏ်
အသက်(၈၀)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ သုဝဏ္ဏလမ်း၊ အမှတ် ၂နေ (ဦးမြို့-ဒေါ်စောရင်)တို့၏သား၊ (ဦးဘဘ-ဒေါ်မြကြး)တို့၏သားသမက်၊ ဒေါ်ဘေဘီ၏ခင်ပွန်း၊ (ဦးကျော်လှအောင်)၊ (ဦးစံမြမောင်)၊ ဦးညွန့်လှတို့၏ညီ၊ ဒေါ်မြင့်မြင့်သန်း၏အစ်ကို၊ ဦးမင်းဟန်-ဒေါ်ခင်ခင်ဌေး၊ ဦးထွန်းဟန်-ဒေါ်မြင့်မြင့်တို့၏ဖခင်၊ ကျော်စွာဟန်၊ သူရဟန်-ချိုမာသက်၊စန္ဒီမင်းဟန်တို့၏အဘိုးသည် ၃၀-၄-၂၀၂၃ရက်(အင်္ဂါနေ့)ညနေ၄း၄၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဝါဝါငြိမ်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ စောမဟာလမ်း၊ အမှတ် ၄နေ (ဦးအောင်ငြိမ်း-ဒေါ်သိန်းသိန်း) တို့၏သမီး၊ ဒေါ်လှလှစိန်၏တူမ၊ ဦးယုလွင်၏ဇနီး၊ ဦးစိုးငြိမ်းလွင်၊ မဇင်ဝါငြိမ်းလွင်၊ ဦးအောင်ဇော်ထွန်း-မနေဇာငြိမ်းလွင်၊ မောင်ဇေယျငြိမ်းထွင်တို့၏မိခင်၊ မောင်သက်ထွန်းဦး၊ မအိဖြူဇင်တို့၏အဘွားသည် ၂၉-၄-၂၀၂၃ရက် နံနက် ၁၁:၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဒ္ဒန္တဝိမလ မဟာထေရ်
ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ဦးစီးပဓာန နာယက
သက်တော်ရှည် ဆရာတော်ကြီး
သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ မဟာထေရ်သည် (၁၃၈၅ခုနှစ် ဦးတန်ခူးလဆန်း ၁၀ရက်) ၂၀-၄-၂၀၂၃ရက် (စနေနေ့) ညနေ ၅:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။(ဦးတန်ခူးလဆန်း ၁၄ ရက်) ၂၄-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ဂန္ဓကုဋီတိုက်သို့ စံကျောင်းချ အခမ်းအနားဆင်ယင်ကျင်းပပါမည်။(တန်ခူးလပြည့်ကျော် ၉ရက်) ၄-၅-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပြီး ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပွဲကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ၊ စလင်းကျောင်းတိုက်

ဘဒ္ဒန္တသလ္လာပဏ္ဍိတ မဟာထေရ်မြတ်ကြီး
ဘဝနတ်ယံပျံလွန်တော်မူခြင်း
တာမွေ ဆုထူးပန်ဝရိယတ္တိ ရွှေကျင်ကျောင်းတိုက်၊
သန်လျင် ဆုထူးပန်ဝါးတောမြတ်မွန်ဝေဠုဝန်ဓမ္မရိပ်သာ၊
ဆုထူးပန် မဟာဗြဟ္မဝိဟာရကျောင်း
ဆုထူးပန်ပေါ်တော်မူကျောင်းနှင့် ဆုထူးပန် သီရိမင်္ဂလာကန်တော်ဝရဟိတ
ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့၏ ဦးစီးဝဓာန မဟာနာယက၊
နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြုသြဝါဒါစရိယ
အဂ္ဂမဟာဂန္ထဝါစကဝဏ္ဍိတ အဂ္ဂမဟာဝဏ္ဍိတ
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်နှင့် ကျောင်းတိုက်ကြီးလေးတိုက်တို့၏ ဦးစီးပဓာန မဟာနာယက၊ မြို့နယ်သံဃနာယက(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တသလ္လာပဏ္ဍိတ မဟာထေရ်(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါသည် (၁၃၈၅ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၄ရက်) ၂၉-၄-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ဘဝနတ်ထံပျံထွန်တော်မူခဲ့ပါသည်။(၁၃၈၅ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ရက်) ၅-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ

ဦးမောင်ငြိမ်း (ဆကာကြီး)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
အသက် (၁၀၀)

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆကာကြီးမြို့၊ အမှတ်(၄)ရပ်ကွက်နေ (ဦးကြာရုံ-ဒေါ်ဖောင်)တို့၏သား၊ (ဦးလူညို-ဒေါ်ရွှေယုံ)တို့၏သားသမက်၊ ဒေါ်အုံးမြ၏ခင်ပွန်း၊ (ဦးချွန်ရှင်)-ဒေါ်စန်းဌေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်းနေ ဦးစံဝင်း-ဒေါ်မြင့်မြင့်သန်း(ခ)အန်တီကွန်း(ရွှေပန်းထိမ်နှင့်စိန်ရတနာရောင်းဝယ်ရေး)၊ မအေးအေးမော်တို့၏ဖခင်၊ ကိုတိုက်စိုး-မသင်းမြတ်ခိုင်၊ ကိုဝင်းခိုင်-မအေးအေးမင်း၊ မောင်ပေါ်မင်းတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၉-၄-၂၀၂၃ရက်(တနင်္လာနေ့)ညနေ ၅:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ဆကာကြီးမြို့ မော်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးရဲလွင်ဦး
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်အမှတ် ၉၊ အခန်း ၀၀၂၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးစိန်လွင်၊ သမ္မတ၊ အငြိမ်းစား-ဒေါ်တင်တင်လှိုင်)တို့၏သားကြီး၊ (ဦးလှသိန်း)-ဒေါ်စန်းစန်းခိုင်(ခ)ဒေါ်လုံးခင်တို့၏သားသမက်၊ ဒေါ်ဇင်မာအောင်၏ခင်ပွန်း၊ မောင်နမ ငါးယောက်တို့၏အစ်ကိုကြီး၊ ခဉ်းသစ္စာ၊ မင်းဦးကျော်စွာ၊ ခဉ်းသဉ္ဇာတို့၏ဖခင်သည် ၃၀-၄-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၅:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၃ရက်(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ထင်မြ (ပန်းခိုင်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
(မြို့မဆင်ဖြူတော်မိခင်ကြီး)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၂၂/၁၂၄နေ (ဦးအောင်ကြီး - ဒေါ်သောင်းစိန်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးလှဒင်-ဒေါ်ရွှေအိ)တို့၏သမီးချွေးမ၊ (ဦးအောင်ကျော်)၏ဇနီး၊ ဦးမောင်မြင့်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်ယဉ်အေး၊ ဦးတင်ချို-ဒေါ်ဝင်းကြည်၊ (ဦးဝင်းအောင်)၊ဦးသန်းလွင်-ဒေါ်စန်းစန်းကြည်၊ ဦးသိန်းဝင်း-ဒေါ်ရီရီချိုတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၄-၂၀၂၃ရက် (တနင်္လာနေ့) ည ၇:၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အုန်းကြည်
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၂၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးတင်အောင်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)၏ဇနီး၊ (ဦးအောင်သန်းမြင့်၊ R/O)-ဒေါ်ခင်မျိုးမြင့်(MEIC)၊ (ဦးရန်နိုင်စိုးအုန်း၊ Ex.E/E)-ဒေါ်ခင်မျိုးတင့်(စီမံကိန်းမှူး၊ ငြိမ်း)၊ ဦးဝင်းတင်(Ex.R/O)-ဒေါ်ခင်မျိုးကြွယ်(BAC) (ငြိမ်း)၊ ဒေါက်တာသောင်းထိုက်-ဒေါ်ခင်အေးလွင် (သုတေသနမှူး၊ငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဦးခင်မောင်မြင့်-ဒေါ်မြတ်ပွင့်ဖြူတို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၂၉-၄-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၃ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးယမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြပါစို့

သတင်းအဖွဲ့

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

"**စည်းမျဉ်းစည်းကမ်းတွေနဲ့ အမှတ်ပေးဇယားတွေ ရေးဆွဲပြီး အကောင်းဆုံးဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်ခဲ့ပါတယ်။**" ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

"**နိုင်ငံ့အခွန်ဘဏ္ဍာတာဝန်ထမ်းဆောင်သူများများ တိုးတက်ပေါ်ထွန်းလာစေဖို့အတွက် ရည်ရွယ်ပြီး ဒီဆုကို ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်ပါတယ်။**" ဦးလင်းအောင် ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

တည်သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည် ပုဂ္ဂိုလ်များကို နိုင်ငံတော်က နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ချီးမြှင့်ခဲ့သည် ဆုများနှင့်ပတ်သက်၍ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီများက ရွေးချယ်သည် နည်းလမ်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မည်သည့်တွက်မှုများကြောင့် ကောင်းမွန်သော်လည်း ကျန်ရှိနေမများနှင့် အခြားပြည်သူများသိရှိလိုသည်များကို ကျွန်တော်တို့သတင်းအဖွဲ့က စစည်းတင်ပြလိုက်ရပါသည်။

ဦးသိန်းအောင်
(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)

တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည် ဆုကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ အကြီးစား စက်မှုလုပ်ငန်းတွေကို ယှဉ်ပြိုင်ရွေးချယ်စေခဲ့ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အကြီးစားလုပ်ငန်း ပေါင်း ၅၀၀၄ ခုရှိတဲ့အနက် ရန်ကုန်တိုင်းဒေသကြီးမှာ အကြီးစား စက်မှုလုပ်ငန်း ၂၁၅၉ ခုနဲ့ အများဆုံးတည်ရှိပြီး ချင်းပြည်နယ်ကတော့ အကြီးစားလုပ်ငန်းတစ်ခုသာရှိပြီး အနည်းဆုံး ပြည်နယ် ဖြစ်ပါတယ်။ အဲဒီပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဆု တစ်ဆုစီကိုရွေးချယ်တင်ပြခဲ့ရာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုအနက် ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ နေပြည်တော်တို့မှလွဲ၍ လုပ်ငန်းရှင် ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၎င်းအနက်မှ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိသူတစ်ဦးနှင့်ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူနှစ်ဦး ရွေးချယ်ခဲ့ပါတယ်။

အကြီးစားစက်မှုထုပ်ငန်း အရွယ်အစား သတ်မှတ်ချက်အနေနဲ့ လက်ရှိစက်မှုမှတ်ပုံတင်ဥပဒေအရအကြီးစားစက်မှုလုပ်ငန်း အရွယ်အစားတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်(၅)သန်းအထက်လည်းကောင်း၊ ထုတ်လုပ်မှုတန်ဖိုး ကျပ်(၁၀)သန်းအထက်လည်းကောင်း၊ မြင်းကောင်ရေ HP(၅၀) အထက်လည်းကောင်း၊ အလုပ်သမားဦးရေ(၁၀၀)အထက်လည်းကောင်း သတ်မှတ်ပါတယ်။

တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းဆိုတာကတော့ မူလတန်ဖိုးအပေါ် တိုးတက်လာတဲ့ ရာခိုင်နှုန်းအပေါ်မူတည်၍လည်းကောင်း၊ ထုတ်လုပ်သမျှ ရောင်းချနိုင်မှုအပေါ်မူတည်၍လည်းကောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုမှရရှိလာသည် အကျိုးအမြတ်ပမာဏကိုကြည့်၍ လည်းကောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်းကြောင့် အနာဂတ်ကာလတွင် ရရှိလာမည် အကျိုးအမြတ်ကိုကြည့်၍ လည်းကောင်း သတ်မှတ်ပါတယ်။

ဒီဆုအတွက် စည်းကမ်းချက်တွေနဲ့စိစစ်ရွေးချယ်ခဲ့ရာမှာ ကုန်ထုတ်လုပ်မှုအခြေအနေကိုကြည့်၍ လည်းကောင်း၊ ရောင်းချမှုနှင့်ဈေးကွက်ထိုးဖောက်နိုင်မှုကိုကြည့်၍ လည်းကောင်း၊ သတ်မှတ်ထားသော စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိကို ကြည့်၍လည်းကောင်း၊ လူမှုစီးပွားရေးစောင့်ရှောက်မှုနှင့် တာဝန်သိမှု ရှိ/မရှိကိုကြည့်၍လည်းကောင်း စိစစ်ရွေးချယ်ခဲ့ပါတယ်။

စာမျက်နှာ ၀၀ ကော်လံ ၁ ❍

ယနေ့ မာတိကာ

မန်ယူနဲ့ ချယ်လ်ဆီး အိုးထရက်ဖို့ဒ်၌ ဆုံပြီ စာ-၁၄

နွေနမ်းစိုက်တောင်သူများ မိုးရွာလို့ စမ်းသာပျော်ရွှင် စာ-၁၅

အသက်ရှည်ရှည်နေချင်လျှင် စာ-က

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အချက်အလက်များ စာ-

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဌ)အထိ ပါရှိပါသည်။

ရန်ကုန်မြို့ရှိ စုပေါင်းရုံးကြီးကို နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်ကြီးအဖြစ် ပြုပြင်တည်ဆောက်မည်

သတင်း-မောင်မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ စုပေါင်းရုံးအဆောက်အအုံကြီးကို ရေးမူလက်ရာမပျက်စေဘဲ ခေတ်နှင့်လျော်ညီသည် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်ကြီးအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါစုပေါင်းရုံးအဆောက်အအုံကြီးကို တာဝန်ယူတည်ဆောက်မည် ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းထိုက်မင်းက ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည် မီဒီယာတွေ့ဆုံပွဲတွင် ဖြောကြားခဲ့သည်။

အဆိုပါ စုပေါင်းရုံးကြီးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ဟိုတယ်ရင်းနှီးမြှုပ်နှံနိုင်ရန် သတင်းစာများတွင် တရားဝင်တင်ဒါခေါ်ယူခဲ့သည်။ ယခုအခါ အဆိုပါစုပေါင်းရုံးကြီးကို ကြယ်ငါးပွင့်ဟိုတယ်ကြီးအဖြစ် ပြုပြင်ပြောင်းလဲ ဆောက်လုပ်မည် ကုမ္ပဏီမှာ Flying Tiger Engineering Co.,Ltd. က တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၅၀ ခန့်အကုန်ကျခံတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုပေါင်းရုံးကြီးကို နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်ကြီးအဖြစ် ပြုပြင်တည်ဆောက်မည့်အစီအစဉ်နှင့်ပတ်သက်၍ Flying Tiger Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းထိုက်မင်းအား မြန်မာ့အလင်းသတင်းအဖွဲ့က သိလိုသည်များကို သွားရောက်မေးမြန်းခဲ့ရာ "ကျွန်တော်တို့ကုမ္ပဏီက ဒီစုပေါင်းရုံးအဆောက်အအုံကြီးကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် တင်ဒါခေါ်ယူချိန်ကတည်းက အခြားကုမ္ပဏီတွေနဲ့ ဝင်ရောက်လေလံဆွဲခဲ့ပါတယ်။ ၂၀၁၂ခုနှစ် မေ ၁၈ ရက်မှာ နိုင်ငံတော်က ပြုထုပ်ခွင့် ပါမစ်ရခဲ့ပါတယ်။နိုင်ငံတော်ကို မြေအသုံးချခွင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄သန်းပေးသွင်းခဲ့ရပါတယ်။ နောက်ပြီး ဒီဟိုတယ်ကြီးမှ ရရှိလာတဲ့ အကျိုးအမြတ်ဝင်ငွေ ငါးရာခိုင်နှုန်းကိုလည်း လစဉ်နိုင်ငံတော်ကို ပေးဆောင်ရမှာဖြစ်ပါတယ်။ ဒီအဆောက်အအုံကြီးကိုနိုင်ငံတကာမှာကဲ့သို့ ရှေးဟောင်းအဆောက်အအုံတွေကို နိုင်ငံ့ဂုဏ်ဆောင် ဟိုတယ်ကြီးတွေအဖြစ် ပြုပြင်ပြောင်းလဲပြီး နိုင်ငံအတွက်ရော ပြည်သူအတွက်ပါ အကျိုးရှိအောင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲလည်း ဒီငွေကို ပြည်သူတွေအတွက် အကျိုးဖြစ်တွန်းစေမယ်နေရာတွေ၊ ပြည်သူတွေရဲ့ လိုအပ်ချက်ရှိနေသေးတဲ့ နေရာတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အသုံးပြုသွားမှာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

၎င်းဟိုတယ်ကြီးကို စင်ကာပူနိုင်ငံ DP Architect Co.,Ltd. မှ Mr.Mike Lin က ဒီဇိုင်းပုံစံရေးဆွဲပေးခြင်းဖြစ်ပြီး The State House ဟိုတယ်လို့ အမည်ပေးမှာဖြစ်ကြောင်း သိရသည်။ ဧည့်သည်တည်းခိုနိုင်သည် အခန်းစုစုပေါင်း၂၃၉ခန်းရှိမည်ဖြစ်ပြီး တည်ဆောက်ရာတွင်လည်း နိုင်ငံခြားသား အင်ဂျင်နီယာများ ခေါ်ယူအသုံးပြုသလို၊ ပြည်တွင်းအလုပ်သမားများနှင့် အင်ဂျင်နီယာ စုစုပေါင်းဝန်ထမ်းဦးရေ ၆၀၀ကျော်ကို အထုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စုပေါင်းရုံးအဆောက်အအုံကြီးကို ကိုလိုနီခေတ် ၁၉၂၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ယင်းအဆောက်အအုံ၏ သက်တမ်းမှာ ယခုအခါတွင် ၈၆နှစ် ကြာမြင့်ပြီဖြစ်သည်။ အဆိုပါ စုပေါင်းရုံးအဆောက်အအုံကြီးကို နှစ်နှစ်အတွင်း နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်ကြီးအဖြစ် အပြီးပြုပြင်တည်ဆောက်သွားမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**